# ကရင်နီပြည်၏
# သီးခြားလွတ်လပ်ရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်



# ကရင်နီပြည်
# ၏
# သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

နိုင်ငံရေးဗြူရိုမှ ရှာဖွေစုဆောင်းရေးသား၍
ကရင်နီအမျိုးသားတော်လှန်ရေး၊ ဗဟိုကောင်စီက
တည်းဖြတ် အတည်ပြုသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ
တတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေဖြန့်ချီပါသည်။

အုပ်ရေ - ၁၀၀၀ အုပ်

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့

ပါတီဗဟိုဋ္ဌာနချုပ်
ကရင်နီပြည်။

# ကိုးကားမှီငြမ်းသည့် စာအုပ်များနှင့် မှတ်တမ်းများ


1. Gazetteer of Upper Burma and the Shan State
   By J. George Scott .
2. The Shan State Mannual
3. Order in Council
   Indian ( Foreign Jurisdiction ) Order in Council
4. The Province of Burma
   By Alleyne Ireland
5. The Union of Burma
   By Hugh Tinker
6. The Conquest, pacification and Administration of The Shan States by the British. ( 1886-1897 ) By Dr. Clarence Hendershot
7. Burma in the Family of Nation
   By Dr. Maung Maung
8. The Stricken Peacock ( Anglo-Burmese Relation 1752-1948 )
   By Dr. Htin Aung
9. Burma
   By D.G.E.Hall
10. Making of Burma
   By Dorothy Woodman
11. The Pacification of Burma
   By Sir Charles Croth Waite K.C.S.I
   Chief Commissioner of Burma ( 1887-1890 )
12. The Shan States and the British Annexation
   By Sao Saimong ( Mongnai )
13. Collection of Treaties, Agreements and Sanads Relationg to India and Neighbouring Countries. Compiled by C.U.A itchison B.C.S
   ( under the secretary to the Government of India in the Foreign Dept. )
14. The Constitution of the Union of Burma( 1948 )
15. Aung San of Burma
   By Dr. Maung Maung

၁၆။ ကြယ်ဖိုးကြီးနယ်ရုံးမှတ်တမ်းးများ
၁၇။ မြောက်ဘောလခဲနယ်ရုံးမှတ်တမ်း
၁၈။ ကရင်နီပြည်အထူးစုံစမ်းရေးကော်မီရှင်၏ အစီရင်ခံစာ
၁၉။ ဦးစိန်မြင့် ရေးသားသည့် နှစ် (၂၀၀)မြန်မာနိုင်ငံသမိုင်းအဘိဓာန်
၂၀။ ဦးအောင်သိန်းဟန်ရေးသားသည့် မြန်မာနိုင်ငံသမိုင်းသစ် ( ၁၇၅၂ – ၁၉၄၈ )
၂၁။ ကရင်နီအမျိုးသားတော်လှန်ရေးသမိုင်းဝင်မှတ်တမ်း

# မာတိကာ

## အခန်း ( ၁ )

၁။ ကရင်နီပြည်၏ နောက်ခံရာဇဝင်သမိုင်း – ၇
၂။ ကရင်နီပြည်တွင်းရေး – ၁၀
၃။ ကရင်နီနှင့် နယ်ချဲ့အင်္ဂလိပ်ဆက်ဆံရေး – ၁၁
၄။ ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ် စာချုပ်၏ အကျိုးသက်ရောက်မှု – ၁၅
၅။ နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ဗမာဘုရင်တို့ အပေါ် ကရင်နီပြည်သူပြည်သားတို့ ၏ သဘော ထား – ၁၆

## အခန်း ( ၂ )

၁။ နယ်ချဲ့ဗမာဧကရာဇ်ဘုရင်စနစ်လုံးဝကျဆုံးခြင်း – ၁၇
၂။ အရှေ့ကရင်နီနှင့် အင်္ဂလိပ်တို့တင်းမာမှု – ၁၈
၃။ ကရင်နီပြည်တွင်းရေးကို အင်္ဂလိပ်တို့ ဝင်ရောက်ဖွက်ဖက်လာခြင်း – ၂၂
၄။ ဒုတိယကမ္ဘာစစ် – ၂၆

## အခန်း ( ၃ )

၁။ ဒုတိယကမ္ဘာစစ်အပြီး ကရင်နီပြည်တွင်းရေး – ၂၈
၂။ ကရင်နီပြည်နှင့် ဗြိတိသျှဗမာပြည်ဆက်ဆံရေး – ၃၁
၃။ ပူးပေါင်းရေး မပူးပေါင်းရေး – ၃၄
၄။ နယ်ချဲ့မဟာဗမာလူမျိုးကြီးစနစ်ကို ကျင့်သုံးမည့် မဆလအဖွဲ့ချုပ် – ၃၆
၅။ ကရင်နီပြည်ကို သိမ်းသွင်းရန် ကြိုးစားနေသော ဗမာပြည် ဖဆပလအဖွဲ့ချုပ်၏ လုပ်ရပ်များ – ၃၇
၆။ ကရင်နီပြည်ကို နယ်ချဲ့ကျူးကျော်လာသော နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ– ၄၂

## အခန်း ( ၄ )

၁။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ ပြုတ်ကျရခြင်း – ၄၈
၂။ နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင်မဆလနေဝင်းစန်းယုအစိုးရ – ၅၀
၃။ ခုခံတော်လှန်ရေးမှ ကရင်နီအမျိုးသားတော်လှန်ရေးအဆင့်သို့ အရည်အချင်း တိုးမြှင့်လာခြင်း – ၅၄

# ( နိဒါန်း )

လူသားတို့သည် ဤကမ္ဘာပေါ်တွင် စတင်ပေါ်ပေါက်လာကတည်းက မိမိတို့ရပ်တည်နေနိုင်ရေးအတွက် သဘာဝဘေးဒဏ်ဖိနှိပ်မှုကို အမြဲမပြတ်ရုန်းကန်ခဲ့ရပေသည်။ လူသားအချင်းချင်းဖိနှိပ်ညှင်းဆဲသတ်ဖြတ်မှုကိုလည်း ခုခံတွန်းလှန်ခဲ့ရပေသည်။ ဤကဲ့သို့ မိမိတို့ ရပ်တည်နေထိုင်ရေးအတွက် တဦးချင်းရုန်းကန်တွန်းလှန်ရာမှ တဖြေးဖြေးယဉ်ကျေးလာပြီး အမျိုးတူအလိုက် အုပ်စုဖွဲ့၍ နေထိုင်တတ်လာကြသည်။ ဘေးရန်များကိုလည်း တဦးချင်းမတွန်းလှန်တော့ဘဲ အုပ်စုအလိုက် တွန်းလှန်တတ်လာကြသည်။ ကျောက်ခေတ်လူသားတို့သည် အုပ်စုဖွဲ့၍ စုရုံးနေထိုင်ကြသည်။ အုပ်စုဖွဲ့၍ တောလိုက်တတ်ကြသည်။ တအုပ်စုနှင့် တအုပ်စုတိုက်ခိုက်သောအလေ့ ရှိလာကြသည်။ တအုပ်စုက အခြားတအုပ်စုကို တိုက်ခိုက်နှင်ထုတ်ပြီး ကျောက်ဂူနေရာကောင်းများကို လုယူတတ်ကြသည်။ ကျောက်ဂူနေရာဆုံးရှုံးသွားသော အုပ်စုသည်လည်း အခဲမကြေဘဲ နည်းအမျိုးမျိုးဖြင့် မိမိတို့ ကျောက်ဂူကို ပြန်တိုက်ယူလေ့ရှိကြသည်။

ဤနည်းဖြင့် အုပ်စုတခု၏ မွေးရာပါကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြားအုပ်စုတစုက တိုက်ဖျက်သိမ်းပိုက်တတ်လာကြသည်။ ရှုံးသွားသည့် အုပ်စုကလည်း မိမိတို့ ဆုံးရှုံးသွားသော မွေးရာပါပြဋ္ဌာန်းခွင့်ကို နည်းအမျိုးမျိုးဖြင့် တော်လှန်တိုက်ခိုက်ပြီး ပြန်ယူတတ်ကြသည်။ ကျောက်ခေတ်လူသားတို့သည် တဖြေးဖြေးယဉ်ကျေးလာပြီး လယ်ယာစိုက်ပျိုးတတ်လာကြသည်။ အိုးအိမ်မြို့ရွာတည်ထောင်ပြီး အတည်တကျ နေထိုင်တတ်လာကြသည်။

အုပ်စုခေါင်းဆောင်များသည် လယ်ပိုင်၊ ယာပိုင်၊ မြေပိုင်များဖြစ်လာကြသည်။ မြို့ရွာငယ်များ စုပေါင်းပြီး တိုင်းငယ်၊ ပြည်ငယ်များ တည်ထောင်အုပ်ချုပ်လာကြသည်။ ဤနည်းဖြင့် ကျောက်ခေတ်မှ မြေရှင်ပဒေသရာဇ်စနစ်ခေတ်သို့ တဖြေးဖြေးတိုးတက်လာခဲ့သည်။ မြေရှင်ပဒေသရာဇ်ဘုရင်အချို့သည် အင်အားကြီးလာပြီး အင်အားနည်းသော တိုင်းငယ်၊ ပြည်ငယ်များကို တိုက်ခိုက်သိမ်းပိုက်ကြသည်။ တိုင်းငယ်၊ ပြည်ငယ်များ၏ လွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နင်းချေပစ်လိုက်ကြသည်။ သိမ်းပိုက်ရရှိသော တိုင်းငယ်၊ ပြည်ငယ်များ၏ လယ်ယာမြေများကိုလည်း သိမ်းယူကြသည်သာမက ပြည်သူလူထုကိုလည်း ဖမ်းဆီးကျွန်ပြုကြသည်။ သိမ်းပိုက်ရရှိသော တိုင်းငယ်၊ ပြည်ငယ်များကို မိမိတို့ ဩဇာခံဆွေမျိုးတို့အား နယ်စား၊ မြို့စားအဖြစ်ဖြင့် ခန့်ထားပြီး အပိုင်စားပေးလိုက်ကြသည်။

ဤနယ်စား၊ မြို့စားများသည် မြေရှင်ပဒေသရာဇ် အငယ်စားဖြစ်လာကြသည်။ အင်အားကောင်းသော မြေရှင်ပဒေသရာဇ်ဘုရင်များသည် ဤကဲ့သို့ အင်အားချိနဲ့သည့် တိုင်းငယ်၊ ပြည်ငယ်များကို တပြည်ပြီးတပြည် တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုပြီး နယ်ချဲ့ဧကရာဇ်ဘုရင်များဖြစ်လာကြသည်။ နယ်ချဲ့ဧကရာဇ်ဘုရင်များသည် မိမိတို့သိမ်းပိုက်ရရှိသော တိုင်းငယ်၊ ပြည်ငယ်များ၏ ရတနာရွှေငွေပစ္စည်းဥစ္စာများကိုငှ၊ လယ်ယာမြေများကိုငှ အားလုံးသိမ်းယူသည့်အပြင် ယင်းတိုင်းငယ်၊ ပြည်ငယ်ပြည်သူလူထုများကိုလည်း ကျွန်အဖြစ် ဖမ်းဆီးပြီး လယ်ယာမြေကျွန်အဖြစ်ဖြင့်ငှ၊ နန်းတော်များ၊ မြို့ရိုးများ၊ ခံတပ်များ ဆောက်လုပ်သည့် ကျွန်အဖြစ်ဖြင့်ငှ အသုံးပြုကြသည်။ ဤနည်းဖြင့် နယ်ချဲ့ဧကရာဇ်ဘုရင်များသည် လူမျိုးများစွာ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူ့အခွင့်အရေးများကို နင်းချေဖျက်ဆီးပစ်လိုက်ကြသည်။ နယ်ချဲ့ဧကရာဇ်ဘု

ရင်များသည် အင်ပိုင်ယာနိုင်ငံတော်ကို အပြိုင်အဆိုင်ချဲ့ထွင်ကြရာမှ အချင်းချင်းစစ်ဖြစ်လာကြသည်။ အချို့သော နယ်ချဲ့ဧကရာဇ်ဘုရင်များသည် စစ်ရှုံးသဖြင့် မိမိတို့ အင်ပိုင်ယာပျောက်ကွယ်သွားရသည်။ ဤကဲ့သို့ နယ်ချဲ့ဧကရာဇ်ဘုရင်များ စစ်ဖြစ်ကြသောကြောင့် တိုင်းငယ်၊ ပြည်ငယ်အချို့ လွတ်မြောက်လာခဲ့ကြသည်လည်း ရှိခဲ့သည်။

လူသား၏ ယဉ်ကျေးမှုသည် တဖြေးဖြေးတိုးတက်လာခဲ့သည်။ လက်မှုလယ်ယာမှ စက်မှုထွန်းကားလာခဲ့သည်။ စက်မှုလက်မှုထွန်းကားလာသော တိုင်းပြည်များသည် ကုန်ကြမ်းလိုလာကြသည်။ အလုပ်သမားပေါပေါသီသီ လိုလာကြသည်။ ကုန်ချောရောင်းချရာ ဈေးကွက်လိုလာကြသည်။ သို့အတွက်ကြောင့် စက်မှုလက်မှုထွန်းကားသည့်အနောက်နိုင်ငံများသည် ကုန်ကြမ်းရရှိရန်နှင့် ကုန်ချောရောင်းချရန်အတွက် အပြိုင်အဆိုင်ဈေးကွက်ရှာလာကြသည်။ သူတို့သည် နယ်ချဲ့ကျူးကျော်ကျွန်ပြုမှု အသွင်သစ်တခုဖြစ်သည့် နယ်ချဲ့ကိုလိုနီစနစ်ကို ကျင့်သုံးလာကြသည်။ သူတို့သည် ခေတ်နောက်ကျသည့် တိုင်းငယ်၊ ပြည်ငယ်မြောက်များစွာကို ကျူးကျော်သိမ်းပိုက်ပြီး မိမိတို့၏ ကိုလိုနီနယ်အဖြစ် ပြုလုပ်ကြသည်။ ခေတ်နောက်ကျသည့် နယ်ချဲ့ဧကရာဇ်ဘုရင်များကိုလည်း စစ်ပြုတိုက်ခိုက်ကျူးကျော်ပြီး ယင်းတို့၏ အင်ပိုင်ယာကို မိမိတို့၏ ကိုလိုနီအဖြစ် သိမ်းသွင်းလိုက်ကြသည်။ ဤနည်းဖြင့် နယ်ချဲ့ကိုလိုနီနိုင်ငံများသည် တိုင်းပြည်များစွာ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို နင်းချေဖျက်ဆီးပစ်လိုက်သည်။ လူမျိုးများစွာ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူမှုအခွင့်အရေးနှင့် လူမှုအခြေခံဒီမိုကရေစီအခွင့်တို့ကို ဖျက်ဆီးပြီး ဖိနှိပ်ကျွန်ပြုခဲ့သည်။ လူမျိုးများစွာ၏ လုပ်အားကို ခေါင်းပုံဖြတ်ခဲ့သည်။ မိမိတို့၏ ကိုလိုနီနယ်များကို ထာဝစဉ်သိမ်းပိုက်အုပ်ချုပ် ကျွန်ပြု သွားနိုင်ရန်အတွက်လည်း နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။ သို့သော် သမိုင်းက ခွင့်မပြုခဲ့ပေ။ ဒုတိယကမ္ဘာစစ်အပြီးတွင် ကိုလိုနီနယ်သားတို့သည် မျက်စိပွင့်လာကြပြီး လွတ်လပ်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်လာကြပေသည်။ နယ်ချဲ့ကိုလိုနီနိုင်ငံများသည် မတတ်နိုင်သည့်အဆုံးတွင် မိမိတို့၏ ကိုလိုနီနယ်များကို လွတ်လပ်ရေး ပေးလိုက်ရတော့သည်။ ဤနည်းဖြင့် တိုင်းပြည်ပေါင်းမြောက်များစွာတို့သည် ကိုလိုနီနယ်ဘဝမှ လွတ်မြောက်လာကြသည်။ နယ်ချဲ့ကိုလိုနီစနစ်သည် ခေတ်နောက်ကျနေပြီဖြစ်ကြောင်းသိရှိသော နယ်ချဲ့နိုင်ငံများသည် နယ်ချဲ့စနစ်သစ်ဖြစ်သည့် နယ်ချဲ့အရင်းရှင်စနစ်၊ ဆိုရှယ်နယ်ချဲ့စနစ်နှင့် နယ်ချဲ့မဟာလူမျိုးကြီးစနစ်တို့ကို ကျင့်သုံးလာကြသည်။ အရင်းရှင်စနစ်နှင့် ဆိုရှယ်နယ်ချဲ့စနစ်တို့မှာ တိုင်းပြည်ကြီးများ၊ လူမျိုးကြီးများကို အန္တရာယ်ပြုနိုင်သောကြောင့် အများသိရှိနားလည်ကြသည်။ နယ်ချဲ့မဟာလူမျိုးကြီးစနစ်မှာ တိုင်းပြည်ငယ်များ လူမျိုးငယ်များကိုသာ အန္တရာယ်ပြုပြီး တိုင်းပြည်ငယ်များ၊ လူမျိုးငယ်များအပေါ် ယင်းစနစ်ကို ကျင့်သုံးသည့် လူမျိုးကြီးများက ဖုံးဖိထားသောကြောင့် ယင်းစနစ်မှာ လူသိနည်းရခြင်းဖြစ်ပေသည်။ နယ်ချဲ့မဟာလူမျိုးကြီးစနစ်ဆိုသည်မှာ တိုင်းပြည်တပြည်သည် မိမိနှင့်နယ်ချင်းဆက်စပ်သည့် မတိုးတက်မဖွံ့ဖြိုးသေးသော တိုင်းပြည်ငယ်များကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး ထိုတိုင်းပြည်ငယ်ရှိ လူမျိုးငယ်များအပေါ် ဖိနှိပ်ကျွန်ပြုသည်။ မိမိတိုင်းပြည် တွင်းရှိလူမျိုးငယ်များကိုလည်း ကျွန်ပြုဖိနှိပ်သည်။ တိုင်းပြည်ငယ်များ၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို နင်းချေပစ်သည်။တိုင်းပြည်ငယ်ရှိ လူမျိုးများ၏ မွေးရာပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူမှုအခြေခံဒီမိုကရေစီအခွင့်အရေးများကို ဖျက်ဆီးပိတ်ပင်တားဆီးသည်။ တိုင်းပြည်ငယ်များ၏ သမိုင်းဖြစ်စဉ်မှန်ကို အမှားမှားအယွင်းယွင်း ပြောင်းလဲရေးသားပြီး တိုင်းပြည်ငယ်များကို မိမိတိုင်းပြည်၏ အစိပ်အပိုင်းများဖြစ်လာအောင် ယင်းတိုင်းပြည်ငယ်များရှိ လူမျိုးများ၏ ဆန္ဒအရ မိမိတိုင်းပြည်နှင့် ပူးပေါင်းလိုကြောင်း ကမ္ဘာက အမြင်မှားလာ

အောင် အမျိုးမျိုးဝါဒဖြန့်ပြီး တိုင်းပြည်ငယ်များကို အတင်းအဓမ္မ ကျူးကျော် တိုက်ခိုက်သိမ်းသွင်းလိုက်သောစနစ်ဖြစ်သည်။

ဗမာပြည် အုပ်ချုပ်သူလူတန်းစား အဆက်ဆက်တို့သည် အိမ်နီးချင်း တိုင်းပြည်ငယ်များအပေါ်တွင် ဤနယ်ချဲ့မဟာဗမာလူမျိုးကြီးစနစ်ကို ကျင့်သုံးခဲ့သည်။ ကရင်နီပြည်သည် ရှေးပဝေသဏီကတည်းက ဗမာပြည်နှင့် မည်သို့မျှ မပတ်သက်ဘဲ သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်ခဲ့သည်။ ၁၈၇၅ ခုနှစ်တွင် နယ်ချဲ့ဗမာဘုရင်မင်းတုန်းမင်းနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရတို့သည် ကရင်နီ၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အသိအမှတ်ပြုကြောင်း ဘချုပ်ချုပ်ဆိုခဲ့ပေသည်။ ၁၉၄၈ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်ကိုလိုနီနယ်ဘဝမှ ဗမာပြည်လွတ်မြောက်လာခဲ့သည်။ ဤကဲ့သို့ လွတ်မြောက်လာပြီးသောအခါ ဗမာပြည်အုပ်ချုပ်သူ လူတန်းစားများသည် ကရင်နီပြည်အပေါ်တွင် နယ်ချဲ့မဟာလူမျိုးကြီးစနစ်ကို စတင်ကျင့်သုံးလာခဲ့သည်။ ကရင်နီပြည်ကို တိုက်ခိုက်ကျူးကျော်သိမ်းပိုက်ပြီး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို နင်းချေပစ်ခဲ့သည်။ ကရင်နီပြည်သူလူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူမှုအခြေခံဒီမိုကရေစီအခွင့်အရေးကို ဖျက်ဆီးပိတ်ပင်လျှက် ရှိနေသည်။ ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်အမှန်ကို အမှားမှားအယွင်းယွင်း ပြောင်းလွဲရေးသားပြီး ကမ္ဘာနှင့် နောင်လာနောက်သားများက ကရင်နီပြည်အပေါ် နားလည်သိရှိမှု မှားယွင်းအောင် ဝါဒဖြန့်ခဲ့သည်။ ကရင်နီပြည်သူလူထု၏ ဆန္ဒအရ ဗမာပြည်နှင့် ပူးပေါင်းသည်ဟု လိမ်ညာဝါဒဖြန့်ရေးသားခဲ့သည်။ ကရင်နီပြည်သူ၏ ဆန္ဒအမှန်ကို လက်နက်အားကိုးဖြင့် ဖြိုခွဲရန် ကြိုးစားနေပေသည်။ ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်အမှန်ကို လုံးဝဖျောက်ပစ်ရန်ကြိုးစားနေသည်။ ယင်းတို့လုပ်ကြံရေးသားသည့် သမိုင်းလိမ်သမိုင်းတုများကို ပြည်သူလူထုအား ဝါဒဖြန့်ပို့ချနေသည်။ သို့သော် ဗမာပြည်ကို အုပ်စိုးနေသည့် နယ်ချဲ့မဟာဗမာဝါဒီတစုသည် ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှန်ကို မချေဖျက်နိုင်ခဲ့ပေ။ ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှမွေးထုတ်ပေး လိုက်သည့် ကရင်နီအမျိုးသားတော်လှန်ရေးသည် မားမားမတ်မတ်ရပ်တည်ပြီး နယ်ချဲ့မဟာဗမာဝါဒီအစိုးရကို ခုခံတော်လှန်လျှက် ရှိပေသည်။ ကရင်နီအမျိုးသားတော်လှန်ရေးသည် ကရင်နီပြည် လွတ်လပ်ရေး၊ ကရင်နီပြည်သူတရပ်လုံး ဘဝလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူနေမှုအဆင့်မြှင့်တင်ရေးတို့အတွက် ခုခံတော်လှန်တိုက်ပွဲဝင်ပေးရန် တာဝန်ရှိသည်သာမက ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှန်ကို ကမ္ဘာနှင့် ကရင်နီပြည်သူလူထုတရပ်လုံး သိရှိနားလည်စေရန် ဖော်ထုတ်တင်ပြပေးရမည့် တာဝန်လည်း ရှိနေပေသည်။ သို့အတွက်ကြောင့် ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီ၊ ဗဟိုကော်မီတီမှ ဤကရင်နီပြည်၏ သီခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်ရေးသားတင်ပြလိုက်ရပါသည်။

# ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်

## အခန်း ( ၁ )

## ကရင်နီပြည်၏ နောက်ခံရာဇဝင်သမိုင်း

ကရင်နီပြည်သည် ဗမာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား အရှေ့လောင်ဂျီတွဒ် ၉၇.၁၀ နှင့် ၉၇.၅၅ ဒီဂရီအကြားတွင်၎င်း၊ မြောက်လတ္တီတွဒ် ၁၈.၅၀ နှင့် ၁၉.၅၅ ဒီဂရီအကြားတွင်၎င်း တည်ရှိသည်။ မြောက်ဖက်တွင် ရှမ်းပြည်ရှိပြီး တောင်ဖက်တွင် ကော်သူးလေပြည်တည်ရှိသည်၊ ကရင်နီပြည်သည် အကျယ်အဝန်း ၄၅၈၂ စတုရန်းမိုင်ရှိပြီး ၁၉၇၃ ခု သန်းကောင်စာရင်းအရ လူဦးရေ တသိန်းခွဲရှိသည်။

ကရင်နီပြည်ကို ရှေးလွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်က ယွန်းလူမျိုးများလာရောက်ကြီးစိုးခဲ့သည်။ ယွန်းပဒေသရာဇ်မင်းများသည် ကရင်နီပြည်သူ ပြည်သားအပေါ် အခွန်တော်အဆမတန်ကောက်ခံသည်။ ယင်းတို့ ပိုင်ဆိုင်သည့် လယ်ယာမြေ စိုက်ပျိုးရာတွင်၎င်း၊ ဘုရားစေတီကျောင်းကန်တည်ဆောက်ရာတွင်၎င်း ပြည်သူလူထုကို အတင်းအဓမ္မကျွန်ပြု ခိုင်းစေလေ့ရှိသည်။ ဤကဲ့သို့ အမျိုးမျိုးကျွန်ပြုဖိနှိပ်သောကြောင့် ကရင်နီပြည်သူပြည်သားတို့သည် မခံမရပ်နိုင်တော့သဖြင့် ထကြွပုန်ကန်ကြပြီး ယွန်းပဒေသရာဇ်များကို ကရင်နီပြည်မှ မောင်းထုတ်ကာ လွတ်လပ်သော ကရင်နီပြည်ကို ထူထောင်လိုက်ကြသည်။ ကရင်နီပြည်သူပြည်သားတို့သည် ကရင်နီပြည်ကို အုပ်ချုပ်ရန်အတွက် စော်ဘွားများကို ပြည်သူလူထုများထဲမှ ရွေးချယ်တင်မြှောက်ကြသည်။ ထိုအချိန်မှစ၍ ကရင်နီပြည်ကို စော်ဘွားများအုပ်ချုပ်သော အစဉ်အလာရှိခဲ့သည်။ ကရင်နီပြည်သည် ယွန်းလူမျိုးကြီးစိုးမှုအောက်မှ လွတ်မြောက်လာခဲ့သည့် အချိန်မှစ၍ မည်သည့်လူမျိုး၊ မည်သည့်တိုင်းပြည်၏ လက်အောက်တွင် မကျရောက်တော့ဘဲ သီးခြားလွတ်လပ်စွာ တည်ရှိလာခဲ့သည်။

ကရင်နီပြည်သည် အနွယ်တူအနွယ်ကွဲ လူမျိုးစုများစွာ စုပေါင်းနေထိုင်သည့် ပြည်တပြည်ဖြစ်သည်။ ကရင်နီပြည်၏ သမိုင်းတလျှောက်လုံးတွင် ကရင်နီပြည်တွင်းဖွား အနွယ်တူအနွယ်ကွဲ လူမျိုးစုတို့သည် အချင်းချင်းစစ်မက် ဖြစ်ပွားကြသည်ဟူ၍ မရှိခဲ့ပေ။ သို့သော် ပဒေသရာဇ်စော်ဘွားများ၊ မြို့စားနယ်စားများအချင်းချင်း စစ်မက်ဖြစ်ပွားကြသည်ကိုသာ တွေ့ရှိခဲ့သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကရင်နီပြည်ဖွား လူမျိုးစုများသည် သွေးစည်းညီညွတ်စွာ နေထိုင်တတ်သည့် အစဉ်အလာရှိခဲ့ကြောင်းမှာ ထင်ရှားလှပေသည်။ ကရင်နီပြည်တွင်းဖွားလူမျိုးစုတို့သည် ပဒေသရာဇ်စော်ဘွား အဆက်ဆက်အုပ်ချုပ်မှုအောက်တွင် စည်းလုံးညီညွတ်စွာ နေထိုင်လာကြပြီး ကရင်နီပြည်ကို ကျူးကျော်လာသည့် ပြည်ပရန်ဟူသမျှကို စည်းစည်းလုံးလုံးခုခံတိုက်ခိုက်သော အစဉ်အလာရှိခဲ့ပေသည်။

ဗမာရာဇဝင်သမိုင်းတွင် နယ်ချဲ့ဗမာဧကရာဇ်ဘုရင်များသည် ရှမ်းပြည်၊ ယိုးဒယားပြည်၊ ရ

ခိုင်ပြည်၊ ဖင်းမယ်ပြည်၊ လင်းဇင်းပြည်၊ မွန်ပြည်စသည်တို့ကို သွားရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး လက်အောက်ခံနိုင်ငံများ လုပ်ခဲ့သည့်အကြောင်းများဖြင့် ပြည့်နှက်လျှက်ရှိနေပေသည်။ သို့သော် ကရင်နီပြည်ကို လာရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သည့်အကြောင်းကားမတွေ့ရပေ။ ထိုနည်းတူ ကရင်နီပြည်ရာဇဝင်သမိုင်းတွင်လည်း နယ်ချဲ့ဗမာဘုရင်များသည် ကရင်နီပြည်ကို လာရောက်သိမ်းပိုက်ပြီး အုပ်ချုပ်စိုးမိုးခဲ့သည့် အထောက်အထား လုံးဝမတွေ့ရပေ။ အထက်ပါ ရာဇဝင်သမိုင်းများ၏ ထောက်ပြချက်ကို ထောက်ရှုခြင်းအားဖြင့် ကရင်နီပြည်သည် ဗမာပြည်နှင့် မည်သို့မျှ မပတ်သက်ဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ကြောင်းမှာ ခိုင်လုံလှပေသည်။ ဗမာ့မှန်နန်းရှင်ရာဇဝင်ထဲတွင် တောင်ငူပြည့်ရှင်ဘုရင် တပင်ရွှေထီးလက်ထက်၌ ကရင်နီတပ်များ တောင်ငူမြို့ အစွန်အဖျားကို လာရောက်တိုက်ခိုက်သည်ဟုပါရှိသည်။ ကရင်နီရာဇဝင်သမိုင်းတွင်လည်း တပင်ရွှေထီးလက်ထက်တွင် ကရင်နီတပ်များ တောင်ငူအထိ သွားရောက်တိုက်ခိုက်ခဲ့သည်ဟု ပါရှိပေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကရင်နီပြည်သည် ဗမာဘုရင်၏ လက်အောက်ခံမဟုတ်ကြောင်းမှာ ပိုမိုခိုင်လုံစေပေသည်။ ၎င်းပြင် ဗမာရာဇဝင်သမိုင်းမှတ်တမ်း အချို့တွင် ကရင်နီပြည်သည် ဗမာပြည်နှင့် မဟာမိတ်ဖြစ်သောကြောင့် ယိုးဒယားသို့ စစ်ချီရာတွင် ကရင်နီတပ်များပါခဲ့သည်ဟု ဖော်ပြထားသည်။ ဤသည်ကို ထောက်ရှုလျှင် ကရင်နီပြည်သည် ဗမာနှင့်သာ မဟာမိတ်ဖြစ်ပြီး ဗမာ၏လက်အောက်ခံပြည်တပြည် မဟုတ်ကြောင်းထင်ရှားနေပေသည်။ ကရင်နီပြည်၏ ရွာဟောင်း၊ မြို့ဟောင်းနေရာများ၊ လယ်ယာတူးမြောင်းဟောင်းများ၊ လမ်းဟောင်းများနှင့် ကရင်နီပြည်၏ သမိုင်းမှတ်တမ်းများကို လေ့လာကြည့်လျှင် ကရင်နီပြည်သည် တချိန်က လူဦးရေထူထပ်သော ပြည်တပြည်ဖြစ်ခဲ့ကြောင်း သက်သေပြလျှက် ရှိပေသည်။ ယခုလက်ရှိ လူဦးရေထက် သုံးဆများသည်ဟု ခန့်မှန်းနိုင်ပေသည်။ ဤမျှ များပြားသောလူဦးရေရှိသည့် ကရင်နီပြည်ကို အတော်အတန်အင်အားရှိသော နယ်ချဲ့ဘုရင်များ လွယ်လွယ်ကူကူနှင့် လာရောက်တိုက်ခိုက်သိမ်းပိုက်နိုင်မည် မဟုတ်ပေ။ သို့အတွက်ကြောင့် ထိုအချိန်ကတည်းက ကရင်နီပြည်သည် လွတ်လပ်စွာ ရပ်တည်နိုင်ခဲ့သည်မှာ သဘာဝကျလှပေသည်။ ကရင်နီပြည်သည် စောဖျာတဦးတည်း အုပ်ချုပ်သောစနစ်ကို လက်ခံခဲ့သည်။ ယွန်းလူမျိုးလက်အောက်မှ လွတ်မြောက်ခဲ့သည်မှစ၍ ကရင်နီပြည်စောဖျာများ တဆက်ပြီးတဆက် အုပ်ချုပ်လာခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၀၀ ခုနှစ်မှစ၍ စောဖျာဖိုးဖြားဒ(ဖိုးဖြူလှ) အုပ်ချုပ်ခဲ့သည်။ ဤစောဖျာလက်ထက်တွင် ဖော့ဖော်ကြီးသည် ပွန်ချောင်းအရှေ့ဖက်၌ စောလုံမြို့(ဖော့ဖော်ဒေါ)ကို တည်ပြီး အရှေ့ကရင်နီကို တည်ထောင်လိုက်သည်။ ထိုအချိန်မှစ၍ ပွန်ချောင်းအရှေ့ဖက်ကို အရှေ့ကရင်နီဟုခေါ်ထွင်ပြီး ပွန်ချောင်းအနောက်ဖက်ကို အနောက် ကရင်နီဟု ခေါ်စမှတ်ပြုလာခဲ့သည်။ တဖန် ဂေ့ဖိုးဒူသည် ကြယ်ဖိုးကြီးနယ်ကို ထူထောင်လိုက်ပြန်သည်။ ထို့နောက် နန်းမယ်ခုံ၊ နောင်ပုလဲစသော နယ်ငယ်ကလေးများကို ထပ်မံထူထောင်လိုက်ပြန်သည်။ ဤနည်းဖြင့် ကရင်နီပြည်သည် ဘောလခဲ၊ ကန္တရဝတီ၊ ကြယ်ဖိုးကြီး၊ နောင်ပုလဲ၊ နန်းမယ်ခုံဟူ၍ နယ်ငါးနယ်ဖြစ်လာသည်။ ဤနယ်များကို အုပ်ချုပ်သော စောဖျာများသည် မိမိတို့နယ်ကို လွတ်လွတ်လပ်လပ် အုပ်ချုပ်ကြသည်။ သို့သော် ကရင်နီတပြည်လုံးအရေးနှင့် ပါတ်သက်လာလျှင် စုပေါင်းဆောင်ရွက်ကြသည်။ ကရင်နီပြည်ကို ရန်ပြုကျူးကျော်သော ပြည်ပရန်များကို စုပေါင်းကာကွယ်ကြသည်။ ဤသို့ဖြင့် ကရင်နီပြည်သည် ပြည်ပရန်ကို ကာကွယ် နိုင်သောကြောင့် အေးချမ်းသာယာလျှက် ရှိခဲ့သည်။

နယ်ချဲ့ဗမာဘုရင်လက်အောက်ခံ ရှမ်းစော်ဘွားများသည် ကရင်နီပြည်နယ်စပ်ကို မကြာခ အလာရောက်ထိပါးကြသည်။ ထို့ကြောင့် ကရင်နီနယ် ငါးနယ်မှ စောဖျာများသည် တပ်များကို စုပေါင်းပြီး ခုခံတိုက်ထုတ်ရသည်။ အနောက်ကရင်နီတပ်ကို ကေးဖိုးဒူက ဦးဆောင်၍ ကျူး ကျော်လာသော စော်ဘွားနှင့် ဗမာဘုရင်တပ်များကို တိုက်ထုတ်ရသည်။

ခရစ်သက္ကရာဇ် ၁၈၁၁ ခုနှစ်တွင် ရမည်းသင်းဝန်သီဟပတိသည် အင်းဝဘုရင်၏ အမိန့်အ ရ အနောက်ကရင်နီ စောဖျာကေးဖိုးဒူထံမှ ကေးလျားအမည်ရှိသော ပတ္တမြားတလုံးကို လာ ရောက်ဝယ်ယူခဲ့သည်။ ပတ္တမြားကို ယူသွားပြီးနောက် စကားနယ်သို့ ရောက်ရှိသောအခါ ရ မည်းသင်းဝန်သည် ပတ္တမြားမှာ အစစ်မဟုတ်သဖြင့် မိမိပေးထားသော ပတ္တမြားဖိုးကို ပြန်ပေး ရန် စောဖျာကေးဖိုးဒူအား ပြန်တောင်းဆိုခဲ့သည်။ စောဖျာကေးဖိုးဒူလည်း အရောင်းအဝယ်ပြု လုပ်ပြီးဖြစ်သဖြင့် ပတ္တမြားဖိုးမပေးနိုင်ကြောင်း အကြောင်းပြန်လိုက်သည်။ ဤသည်ကို အခွင့် ကောင်းယူပြီး ရမည်းသင်းဝန်သည် ဗမာဘုရင်စစ်တပ်ကို ဦးဆောင်၍ ကရင်နီပြည်ကို ကျူး ကျော်သိမ်းပိုက်ရန် ချီတက်လာခဲ့သည်။ စောဖျာကေးဖိုးဒူးလည်း ကရင်နီတပ်ကို ဦးဆောင်ပြီး အောင်လှကွင်းတွင် ဗမာတပ်ကို ဆီးကြိုတိုက်ခိုက်ခဲ့သည်။ ဤတိုက်ပွဲတွင် ကရင်နီတပ်များက အနိုင်ရရှိသဖြင့် ဗမာတပ်များကစဥ့်ကလျားဆုတ်ခွာသွားခဲ့သည်။ စောဖျာကေးဖိုးဒူလည်း မိုးဗြဲ စကွယ်၊ စကား စသောနယ်များကို ဆက်လက်တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ခရစ်သက္ကရာဇ် ၁၈၂၀ ခုနှစ်တွင် မိုးဗြဲနယ် စော်ဘွားကံလှိုင်သည် အနောက်ကရင်နီကို ပုန်ကန်ရန် ကြိုးစားခဲ့ သည်။ စောဖျာကေးဖိုးဒူလည်း တပ်များစေလွှတ်၍ နှိမ်နင်းခဲ့သည်။ ကံလှိုင်မှာ ထွက်ပြေးပြီး အင်းဝဘုရင်ထံခိုလှုံခဲ့သည်။ ကရင်နီတပ်လည်း မိုးဗြဲနယ်အနီးရှိ လယ်ယာချောင်းမြောင်းများ နှင့် စပါးကျီများကို ဖျက်ဆီးမီးရှို့ပစ်လိုက်ကြသည်။ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်တွင် ကံလှိုင် သည် အင်းဝဘုရင်ထံမှ အမြောက် ၃ လက်၊ သေနတ် ရှစ်လက်နှင့် ဒါးအလက် တစ်ရာကို ယူ ဆောင်၍ မိုးဗြဲသို့ ပြန်လာခဲ့သည်။ သို့သော် ဖယ်ခုံအရောက်တွင် ကရင်နီတပ်၏ တိုက်ခိုက်မှု ကို ခံရသဖြင့် မိုးနဲစော်ဘွားထံ အကူအညီတောင်းဆိုခဲ့သည်။ ကူးခေါင်တိုက်ပွဲတွင် မိုးဗြဲနယ် သားများက ကံလှိုင်ကို ဖမ်းဆီးပြီး ပြည်နှင်ဒါဏ်ပေးလိုက်ကြသည်။ ကံလှိုင်လည်း အင်းဝဘုရင် ထံပြန်သွားခဲ့သည်။ အင်းဝဘုရင်လည်း အမှုတော်မအောင်သဖြင့် ၎င်းအား ဖမ်းပြီး ထောင်ချ လိုက်တော့သည်။ အရှေ့ကရင်နီ၏ တပ်ကို ဖေါ့ဖော်ကြီးက ဦးဆောင်ပြီး မောက်မယ်၊ မိုးနဲ နယ်များအထိ ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့သည်။

ဗမာဘုရင် ဆင်ဖြူရှင် မင်းတရားကြီးသည် ခရစ်သက္ကရာဇ် ၁၇၆၃ ခုနှစ်တွင် အင်းဝ၌ နန်းတက်ခဲ့သည်။ ဤကဲ့သို့ နန်းတက်ခဲ့ပြီးသည့်နောက် ယိုးဒယားကို တိုက်ခိုက်သိမ်းပိုက်ရန် အတွက် သီဟပတိ ဦးဆောင်သော စစ်ကြောင်းသည် ရှမ်းပြည်ကိုဖြတ်၍ ယိုးဒယားပြည်တွင်း သို့၎င်း၊ မဟာနော်ရထာ ဦးဆောင်သော စစ်ကြောင်းကို ထားဝယ်မှ ယိုးဒယားပြည်တွင်းသို့ ၎င်း ချီတက်တိုက်ခိုက်စေခဲ့သည်။ ထိုချီတက်လာသော ဗမာစစ်ကြောင်း နှစ်ကြောင်းသည် ယိုး ဒယားဘုရင် နန်းစိုက်ရာ မြို့တော်ဖြစ်သော အယုဒ္ဓယမြို့တော်ကို ဝိုင်းဝန်းထားပြီး ခရစ် သက္ကရာဇ် ၁၇၆၇ ခုနှစ်တွင် တမြို့လုံးကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ထိုနောက် မြို့တော်ကို ရစရာမရှိအောင် မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ယိုးဒယားဘုရင်မှာ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ဗမာတပ်တို့သည် ယိုးဒယားဘုရင် မိသားစုများ၊ ပညာသည်များ၊ ရှေးဟောင်းပစ္စည်းများ၊ ဘုရားရုပ်တုများ၊ ရွှေငွေရတနာပစ္စည်းများ စသည်တို့ကို သယ်ဆောင်ပြီး ဗမာပြည်သို့ ပြန်လာ ခဲ့သည်။

နောက်တက်လာသော ယိုးဒယားဘုရင်သည် အယုဒ္ဓယမြို့တွင် ထီးနန်းမစိုက်တော့ဘဲ ဘန်ကောက်သို့ ပြောင်းရွှေ့ကာ ထီးနန်းစိုက်ထူခဲ့သည်။ ယိုးဒယားဘုရင်သည် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက်သော်၎င်း၊ ဆုံးရှုံးသွားသော နယ်မြေများ ပြန်လည်ရရှိရန်အတွက်သော၎င်း အကြီးအကျယ် ကြိုးပမ်းခဲ့သည်။ ဤသို့ ကြိုးပမ်းမှုကြောင့် ဇင်းမယ်ဘုရင်လည်း ယိုးဒယားဘုရင်၏ သြဇာခံ ဖြစ်လာခဲ့သည်။ ဇင်းမယ်ဘုရင်လည်း အနောက်ဖက်နှင့် အနောက်မြောက်ဖက်သို့ အကြီးအကျယ် နယ်မြေချဲ့ထွင်လာတော့သည်။ ဤကဲ့သို့ အနောက်ဖက်သို့ နယ်မြေချဲ့ထွင်လာသော ဇင်းမယ်တပ်များသည် မကြာခဏ အရှေ့ကရင်နီတွင်ရှိသော ဖှာဖော်ကြီး၏တပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဇင်းမယ်ကို ကာဝိလဘုရင် အုပ်စိုးသောအခါတွင်လည်း အလားတူတိုက်ပွဲဖြစ်လျက် ရှိသည်။ ကာဝိလဘုရင်သည် တိုင်းပြည်ပြန်လည်ထူထောင်ရေးကိုသာ စိတ်အားထက်သန်ပြီး စစ်မက်ဖြစ်ပွားခြင်းကို မလိုလားပေ။ သို့အတွက်ကြောင့် ဘုရင်ကာဝိလသည် ခရစ်သက္ကရာဇ် ၁၈၀၉ ခုနှစ်တွင် အရှေ့ကရင်နီနှင့် မဟာမိတ်စာချုပ်ချုပ်ဆိုရန်အတွက် ချောင်ဥပရာကာမလင်ခါ( **Chao Uparaj Kamlanka** )ကို စေလွှတ်ခဲ့သည်။ ဇင်းမယ်ကိုယ်စားလှယ်သည် အရှေ့ကရင်နီစောဖျာ ဖှာဖော်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီး မဟာမိတ်စာချုပ်ချုပ်ဆိုရန် သဘောတူကြသည်။ စာချုပ်ချုပ်ဆိုမည့် အခန်းအနားကို သံလွင်မြစ်အရှေ့ဖက်တမ်ဘိုဆာယာတွင် ပြုလုပ်ခဲ့သည်။ အခန်းအနားကို ကရင်နီထုံးစံအတိုင်း ပြုလုပ်ခဲ့သည်။ အခန်းအနားတွင် ကရင်နီထုံးစံအတိုင်း ကျွဲတစ်ကောင်ကို သတ်ပြီး ၎င်း၏သွေးကိုယူ၍ အရက် နှင့် ရောစပ်သည်။ ထိုနောက် နှစ်ဦးနှစ်ဖက်က သစ္စာရည်အဖြစ် သောက်သုံးကြသည်။ ကျွဲဦးချို နှစ်ချောင်းအနက် တချောင်းအား ဇင်းမယ်ဘုရင်ကိုပေး၍ ကျန်တစ်ချောင်းကို ကရင်နီက ယူ ထားသည်။ စာချုပ်ပါ အချက်အလက်များမှာ '*သံလွင်မြစ်ရေမခန်းခြောက်သရွေ့၊ ကျွဲဦးချို မ ဖြောင့်မချင်း၊ ဆင်ဖြူ၇ မပြိုမချင်း ကရင်နီနှင့် ဇင်းမယ်တို့သည် မဟာမိတ်အဖြစ် ခိုင်မြဲရ မည်*'ဖြစ်သည်။

ထိုစာချုပ်ချုပ်ဆိုပွဲတွင် ပါဝင်ခဲ့သော ချောင်ဥပရာကာမလင်ခါ(**Chao Uparaj Kamlanka**)၏ ညီတော် ချောင်ရတနာမော်ကာမ်ဖာ(**Chao Ratana Muang Kamfan** )သည် ဖှာဖော်ကြီး၏ သမီးတော် ထွားမယ်(**Twoi Me, Chao Nang Tavoey** ) နှင့် ချစ်ကြိုက်ခဲ့ကြသည်။

ထိုနောက် ချောင်ရတနာမော်ကာမ်ဖာသည် ကရင်နီသို့ ပြန်လာပြီး ထွားမယ်နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ဤသည်မှာ ကရင်နီ မင်းမျိုးမင်းနွယ်နှင့် ဇင်းမယ်၏ မင်းမျိုးမင်းနွယ်တို့၏ ပထမဦးဆုံး လက်ထပ်ထိမ်းမြားခြင်း ဖြစ်သည်။ ဤလက်ထပ်ထိမ်းမြားမင်္ဂလာပွဲကို ယိုးဒယားဘုရင် ဆွမ်ဒဲပရာဗုဒ္ဓယို့ဖာချူလလို့(ခ်) ပထမ ရာမာ(**H.M King Somdejpra Buddha Yod Fah Chu Laloke the Great Rama I** ) က သူကောင်းပြုတော်မူသောအားဖြင့် ၎င်းတို့အား နက်နာရီပိုင်း ဘွဲ့ကို ပေးအပ်တော်မူခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၃၅ ခုနှစ်တွင် အင်္ဂလိပ်ကော်မီရှင်နာ၏ စေခိုင်းချက်အရ မော်လမြိုင်မှ စောဖျာဖှာဖော်ကြီးဆီသို့ ရောက်ရှိလာသော ဒေါက်တာ အာရ်ရီးချဒ်ဆင်(**Dr.R. Richard Son**)၏ မှတ်တမ်းအရ မိမိသည် စောဖျာဖှာဖော်ကြီးထံ ရောက်ရှိသောအချိန်တွင် ဖှာဖော်ကြီး၏ တပ်များသည် မိုးနဲကို သွားတိုက်ရာမှ ပြန်လာသည်ကို တွေ့ရကြောင်း ပါရှိပေသည်။ ဤမှတ်တမ်းကို ထောက်ရှုခြင်းအားဖြင့် အရှေ့ကရင်နီသည် နယ်ချဲ့ဗမာဘုရင်ကို ခုခံတိုက်ခိုက်နေရကြောင်းမှာ ခိုင်လုံနေပေသည်။ အနောက်ကရင်နီနှင့် အရှေ့ကရင်နီတို့သည် ရှမ်းပြည်တွင်းရှိ

ဓမာတပ်များကို မကြာခဏဝင်ရောက်တိုက်ခိုက်ရသောကြောင့် ၎င်းဒေသရှိ လူထု၏ ကျွဲနွား ပစ္စည်းများကို တိုက်ခိုက်လုယူလေ့ ရှိလာကြသည်။ အချို့သော ကရင်နီပြည်သူလူထုများသည် စုပေါင်းကြပြီး စောဖျာများကို အသိမပေးဘဲ ရှမ်းပြည်တွင် မြို့ရွာများကို ဝင်ရောက်တိုက်ခိုက် ၍ ကျွဲနွားပစ္စည်းများကို လုယူကြသည့်အပြင် လူများကိုပါ ဖမ်းဆီးပြီး ကျွန်– အဖြစ် ရောင်းစားလေ့ရှိကြသည်။ ဤကဲ့သို့ ကရင်နီတပ်များ၏ မကြာခဏဝင်ရောက်တိုက် ခိုက်ခြင်းခံရသဖြင့် ၎င်းဒေသရှိ စော်ဘွားများသည် အင်းဝရှိ နယ်ချဲ့ဗမာဘုရင်ထံ အကူအညီ တောင်းခံကြသည်။ ခရစ်သက္ကရာဇ် ၁၈၄၅ ခုနှစ်တွင် အင်းဝဘုရင်သည် မိုးဗြဲ၊ စကား၊ မိုးနဲ၊ လင်းခေး၊ သိန္နီနှင့် သီပေါစသော နယ်များမှ မိမိသြဇာခံစော်ဘွားများကို စစ်သည်တသောင်း ကျော်စုဆောင်းစေပြီး ခွန်ဆာကို ဦးဆောင်စေကာ ကရင်နီပြည်ကို ကျူးကျော်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။ ခွန်ဆာဦးဆောင်သော ဗမာဘုရင်တပ်ကြီးသည် ကရင်နီပြည်တွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ မိုဆိုအထက်ထီးပေါ်ကူးအရောက်တွင် ကေးဖိုးဒူဦးစီးသော ကရင်နီ တပ်က ဆီးကြိုတိုက်ခိုက်လိုက်ရာ ခွန်ဆာကို လက်ရဖမ်းဆီးမိပြီး ဗမာဘုရင်တပ်များကစဥ့်က လျားဆုတ်ခွာထွက်ပြေးကြသည်။ ဖမ်းဆီးမိသော ခွန်ဆာကို ထီးပေါ်ကူးအင်းတွင် မြေမြှုပ်၍ သတ်ပစ်လိုက်သည်။ ဤသည်ကို အစွဲပြုပြီး ၎င်းအင်းကို ရှမ်းအမျိုးသားတို့က နောင်ခွန်ဆာ ဟုခေါ်စမှတ်ပြုကြသည်။ ဤသတင်းကို အင်းဝဘုရင်ကြားသိသောအခါ မြင်းတပ်တထောင်ကို စစ်ကူအဖြစ် ထပ်ပို့လိုက်သည်။ စစ်ကူရရှိသော ဗမာဘုရင်တပ်သည် ကရင်နီပြည်ကို ထပ်မံ ဝင်ရောက်ကိုက်ခိုက်ပြန်သည်။ ကြယ်ဖိုးကြီးရွာအထိ ဝင်ရောက်တိုက်ခိုက်ပြီး ရွာပေါင်းများစွာ ကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။ အင်အားမမျှမှန်းသိရှိသော စောဖျာကေးဖိုးဒူသည် မိမိပြည်သူ ပြည်သားအား ရွာများကို စွန့်ခွာရန် အမိန့်ပေးလိုက်သည်။ ထို့နောက် နွေကျသောအခါ ရေ တွင်းများ၊ ရေချောင်းများ၊ စမ်းရေပေါက်များအားလုံးကို တပြိုင်တည်း အဆိပ်ခပ်လိုက်သည်။ ရေသောက်မိသော ဗမာဘုရင်တပ်များသည် ဝမ်းလျှောပြီး ဖျားနာကြကုန်သည်။ ကရင်နီတပ် သည်း ပုန်းနေရာမှ အလျှိုလျှိုထွက်၍ တိုက်ခိုက်ရာ ဗမာဘုရင်တပ်များသည် မနေနိုင်တော့ဘဲ ကရင်နီပြည်မှ ဆုတ်ခွာသွားကြသည်။ ဗမာဘုရင်တပ်သည် ကရင်နီပြည်တွင် ၆ လလောက်သာ တပ်စွဲထားနိုင်ခဲ့သည်။ ဗမာဘုရင်တပ်ဆုတ်ခွာသွားသောအခါ ကရင်နီတပ်များသည် ခါတိုင်း ကဲ့သို့ပင် ဗမာဘုရင်ပိုင်နယ်မြေဖြစ်သည့် ရှမ်းပြည်တောင်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ကြပြန် သည်။

## ၂။ ကရင်နီပြည်တွင်းရေး

ကရင်နီတပ်များသည် ဗမာဘုရင်ပိုင်နယ်မြေများတွင်သာ ဝင်ရောက်တိုက်ခိုက်ကြရာမှ စည်းကမ်းဖောက်ဖျက်လာပြီး ကရင်နီနယ်အချင်းချင်း ဝင်ရောက်လုယူတိုက်ခိုက်ကြပြန်သည်။ ဤသည်ကို အကြောင်းပြုပြီး အရှေ့ကရင်နီနှင့် အနောက်ကရင်နီတို့ အချင်းချင်း ပဋိပက္ခဖြစ် ပွားကြသည်။ အကွက်ချောင်းနေသော နယ်ချဲ့ဗမာဘုရင်သည် အရှေ့ကရင်နီနှင့် မဟာမိတ်ဖွဲ့ ပြီး အနောက်ကရင်နီကို တိုက်ခိုက်သိမ်းယူရန် အားပေးခဲ့သည်။ ထိုအချိန်တွင် အရှေ့ကရင်နီ ၏ စောဖျာမှာ စောလုဖော်ဖြစ်သည်။

စောဖျာဖော့ဖော်ကြီးသည် ကရင်နီစောဖျာများနှင့် ပူးပေါင်းပြီး နယ်ချဲ့ဗမာဘုရင်၏ ရန်ကို အမြဲဆန့်ကျင်တွန်းလှန်ခဲ့သူဖြစ်ပေသည်။ သို့သော် ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် စောဖျာ ဖော့ဖော်ကြီးကို ဆက်ခံသော စောဖျာစောလုဖော်မှာမူ မိမိ၏ အမျိုးသားကရင်နီစောဖျာများ ကို စွန့်ခွာပြီး နယ်ချဲ့ဗမာဘုရင်နှင့် မဟာမိတ်ဖွဲ့လိုက်ခြင်းမှာ ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေ

သာများ၍ ငါးမရဟူသော စကားပုံအတိုင်း ဖြစ်နေပေသည်။ စောလှဖော်၏ ရည်ရွယ်ချက်မှာ ဗမာဘုရင်နှင့် မဟာမိတ်ဖွဲ့ပြီး ယင်း၏ အကူအညီဖြင့် အနောက်ကရင်နီပြည်ကို တိုက်ခိုက်သိမ်းယူရန်သာဖြစ်သည်။ သို့သော် နယ်ချဲ့ဗမာဘုရင်မင်းတုံးမင်းမှာ စောလှဖော်ကို ယင်း၏ လက်အောက်ခံမြို့စားတဦးအဖြစ်လောက်သာ အသိအမှတ်ပြုခဲ့ပေသည်။ ဤနေရာတွင် စောလှဖော်အတွက်မှာ ကျားကြီးကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဟူသည့် စကားပုံအတိုင်း နယ်ချဲ့ဗမာဘုရင်နှင့် မဟာမိတ်ဖွဲ့ကာမှ မိမိဂုဏ်သိက္ခာကျဆင်းပြီး မြို့စားဘဝရောက်ရှိရပေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ မဟာမိတ်လာဖွဲ့သော တိုင်းပြည်ငယ်တပြည်ကို မိမိ၏ လက်အောက်ခံပြည်နယ်တခုအဖြစ် အသိအမှတ်ပြုသည့် နယ်ချဲ့ဗမာဘုရင်၏ လုပ်ရပ်မှာ လူမှုအခြေခံတရားနှင့် လုံးဝဆန့်ကျင်နေပေသည်။ မည်သည့်တိုင်းပြည် အဖွဲ့အစည်းကမျှ တရားဝင်သည်ဟု အသိအမှတ်ပြုလိမ့်မည်မဟုတ်ပေ။ နယ်ချဲ့ဗမာဘုရင်သည် အရှေ့ကရင်နီကို မိမိ၏ လက်အောက်ခံနယ်အဖြစ် မည်ကဲ့သို့ပင် အသိအမှတ်ပြုသော်လည်း ကမ္ဘာက အသိအမှတ်ပြုလိမ့်မည်မဟုတ်ပေ။ မြင်ကွန်းမင်းသားနှင့် မြင်းခုန်တိုင်မင်းသားတို့သည် မိမိ၏ ခမည်းတော်မင်းတုံးမင်းကို လုပ်ကြံရာတွင် မအောင်မြင်သဖြင့် မြင်ကွန်းမင်းသားသည် ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် အနောက်ကရင်နီစော်ဘွားခွန်ထီးထံသို့ လာရောက်ခိုလှုံခဲ့သည်။ အနောက်ကရင်နီစော်ဘွားခွန်ထီးသည် မြင်ကွန်းမင်းသားကို လက်နက်လူသူကူညီ၍ ဗမာပြည်ကို ပြန်တိုက်ရန် အားပေးခဲ့သည်။ မြင်ကွန်းမင်းသားလည်း အနောက်ကရင်နီစော်ဘွား၏ အကူအညီဖြင့် နမ်းမယ်ခုံတွင် တပ်ချကာ မိုးဗြဲနှင့်စကွယ်ကို တိုက်ခိုက်သိမ်းယူလိုက်သည်။ အနောက်ကရင်နီစော်ဘွားခွန်ထီးသည် ယခုကဲ့သို့ ဗမာမင်းသားတပါးဖြစ်သော မြင်ကွန်းမင်းသားကို ကူညီခြင်းမှာ မင်းသားကို လေးစားသောကြောင့် မဟုတ်ပေ။ စော်ဘွားခွန်ထီးသည် ကရင်နီပြည်၏ ရန်သူဖြစ်သည့် နယ်ချဲ့ဗမာဘုရင်မင်းတုံးမင်းကို ဆန့်ကျင်တွန်းလှန်သူဖြစ်သည်။ သို့အတွက်ကြောင့် နယ်ချဲ့ဗမာဘုရင်ကို လောလောဆယ် ပုန်ကန်တိုက်ခိုက်နေသည့် မြင်ကွန်းမင်းသားကို မဟာမိတ်အဖြစ် အသိအမှတ်ပြုသောအနေနှင့်သာ အကူအညီပေးခြင်းဖြစ်ပေသည်။ စောလှဖော်နှင့် သီပေါ စော်ဘွားတပ်တို့သည် မြင်ကွန်းမင်းသားကို အကြိမ်ကြိမ်လာရောက်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံးတွင် စော်ဘွားခွန်ထီး၏ အကြံပေးချက်အရ မြင်ကွန်းမင်းသားသည် အင်္ဂလိပ်နယ်တွင်းမှနေပြီး လက်နက်လူသူစုဆောင်း၍ မင်းတုံးမင်းကို ပြန်တိုက်ရန်အတွက် တောင်ငူသို့ ထွက်သွားသည်။

## ( ၃ ) ကရင်နီနှင့် နယ်ချဲ့အင်္ဂလိပ်ဆက်ဆံရေး

ကရင်နီပြည်စော်ဘွားများသည် နယ်ချဲ့ဗမာဘုရင်၏ ကျူးကျော်ရန်စမှုအန္တရာယ်ကို အမြဲစိုးရိမ်နေရသဖြင့် ယင်းအန္တရာယ်ကို ကာကွယ်ပေးမည့် မိတ်ဆွေနိုင်ငံကို ရှာဖွေလျက်ရှိခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၂၆ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်များသည် မော်လမြိုင်ကို နယ်ချဲ့ဗမာဘုရင်ထံမှ သိမ်းပိုက်လိုက်ကြောင်း ကြားသိရသောအခါ ကရင်နီပြည်စော်ဘွားများသည် နယ်ချဲ့အင်္ဂလိပ်များနှင့် ဆက်သွယ်ရန် မော်လမြိုင်မြို့သို့ စေတမန်များစေလွှတ်ခဲ့သည်။ သို့အတွက်ကြောင့် ခရစ်သက္ကရာဇ် ၁၈၃၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်ကော်မရှင်နာ၏ စေခိုင်းချက်အရ တရုပ်ပြည်

နှင့် မော်လမြိုင်ကြား ကုန်သွယ်လမ်းဖောက်ရန်အတွက် ဒေါက်တာ အာရ်ရီးချဒ်ဆင် (Dr.R. Richard Son) သည် အရှေ့ကရင်နီ စော်ဖွားဖော့ဖော်ကြီးထံသို့ ရောက်ရှိလာခဲ့ပေသည်။ ဒေါက်တာရီးချဒ်ဆင်သည် တရုပ်ပြည်နှင့် ကုန်သွယ်လမ်းဖွင့်လိုသဖြင့် ကရင်နီပြည်ကို ဖြတ်သန်းခွင့်ပြုပါရန်နှင့် မိမိကုန်သည်များကို ကူညီစောင့်ရှောက်ပေးပါရန် အခွင့်အရေးတောင်းဆိုခဲ့သည်။ စော်ဖွားဖော့ဖော်ကြီးသည်လည်း အင်္ဂလိပ်နှင့် မဟာမိတ်ဖြစ်ရေးကို မျှော်မှန်း၍ တောင်းလာသော အခွင့်အရေးကို ကြည်ဖြူစွာဖြင့် ခွင့်ပြုလိုက်သည်။ ဒေါက်တာရီးချဒ်ဆင်သည် ခရစ်သက္ကရာဇ် ၁၈၃၇ ခုနှစ်တွင် တရုပ်ပြည်နယ်စပ်သို့ သွားရန်အတွက် စော်ဖွားဖော့ဖော်ကြီးထံ ထပ်မံရောက်ရှိလာပြန်သည်။ ဒေါက်တာရီးချဒ်ဆင်၏ ခရစ်သက္ကရာဇ် ၁၈၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့၊ ၃ ရက်နေ့နှင့် ၄ ရက်နေ့ မှတ်တမ်းများတွင် စော်ဖွားဖော့ဖော်ကြီးထံရောက်ရှိပြီး တွေ့ဆုံဆွေးနွေးခဲ့သည့်အကြောင်းများ ရေးသားထားသည်ကို တွေ့ရှိရသည်။ ၄င်း၏ ခရစ်သက္ကရာဇ် ၁၈၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ရွဲပါ မှတ်တမ်းတွင် စော်ဖွားဖော့ဖော်ကြီး၏ တပ်များသည် ဗမာဘုရင်လက်အောက်ခံ မိုးနဲနယ်ကို သွားရောက်တိုက်ခိုက်ကြရာမှ ပြန်လာသည့်အကြောင်းများ ရေးသားထားသည်ကို တွေ့ရသည်။ ၎င်း၏ ခရစ်သက္ကရာဇ် ၁၈၃၇ ခုနှစ်၊ဖေဖော်ဝါရီလ ၁၄ ရက်နေ့ရွဲပါ မှတ်တမ်းတွင် ငွေတောင်မြို့အကြောင်းနှင့် ကရင်နီပြည်တွင် နယ်သုံးနယ်ရှိကြောင်း၊ ၎င်းနယ်များကို ဖော့ဖော်ကြီး၊ ကေ့ဖိုးဒူ၊ ဖန့်ဘန်စသော စော်ဖွားများ အုပ်စိုးကြောင်း၊ အနောက်ကရင်နီ စော်ဖွားကေ့ဖိုးဒူနှင့် ဖန့်ဘန်တပ်များသည် ဗမာဘုရင်ပိုင်နယ်မြေထဲသို့ ရဲရင့်စွာ စွန့်စားသွားလာတိုက်ခိုက်သည့်အကြောင်းသည်များကို ရေးသားထားသည်။ တဆက်တည်းတွင် ကရင်နီလူမျိုးများအကြောင်း၊ ကရင်နီပြည်ရှိလူမျိုးစုများအကြောင်း၊ ကရင်နီပြည်လူမျိုးများ၏ အသက်မွေးဝမ်းကြောင်းနှင့် လုပ်ငန်းများအကြောင်း၊ ဝတ်စားဆင်ယင်ပုံနှင့် ကိုးကွယ်သည့် ဘာသာအကြောင်းစသည်တို့ ရေးသားထားသည်ကို တွေ့ရှိရသည်။

အထက်ပါ ဒေါက်တာရီးချဒ်ဆင်၏ မှတ်တမ်းများကို လေ့လာခြင်းဖြင့် ထိုအချိန်တွင် ကရင်နီပြည်သည် ဗမာပြည်နှင့် မည်သို့မျှ မပါတ်သက်ဘဲ သီးခြားလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ပြည်ငယ်တပြည်ဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။

ထိုအချိန်က ကရင်နီပြည်စော်ဖွားများသည် မော်လမြိုင်မြို့ရှိ အင်္ဂလိပ်များထံ စေတမန်စေလွှတ်၍ ဆက်သွယ်ရခြင်းမှာ အင်္ဂလိပ်တို့သည် မိမိကို နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော်မှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်လိမ့်မည်ဟု ယူဆသောကြောင့် ဆက်သွယ်ခြင်းသာဖြစ်သည်။ ဤကဲ့သို့ အပြန်အလှန်စေတမန်စေလွှတ်ဆက်သွယ်ကြရာတွင် ကရင်နီသည် အင်္ဂလိပ်ကို မိတ်ဆွေရင်းသဖွယ် သဘောထား၍ ဆက်သွယ်ခဲ့သည်။ သို့သော် အင်္ဂလိပ်များမှာ နယ်ချဲ့အရင်းရှင်ပီပီ ကရင်နီပြည်မှ ကျွန်းသစ်များ၊ ခဲမဖြူများရရှိရေးနှင့် တရုပ်ပြည်၊ ရှမ်းပြည်များမှလာသော မိမိတို့ ကုန်သည်များ လုံခြုံရေးအတွက်တို့ကိုသာ အဓိကထား၍ ဆက်သွယ်ခြင်းသာဖြစ်သည်။ မည်သို့သော ရည်ရွယ်ချက်များဖြင့် ဆက်သွယ်ကြစေကာမူ အင်္ဂလိပ်တို့သည် ကရင်နီပြည်ကို နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော်သိမ်းပိုက်မှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်ခဲ့သည်ကိုကား ငြင်းဆန်၍ မရပေ။ ကရင်နီစော်ဖွားများသည် မိမိတို့နယ်မှ ခဲမဖြူနှင့် ကျွန်းသစ်များကို အင်္ဂလိပ်အား ထုတ်ရောင်းပြီး လက်နက်ခဲယမ်းမီးကျောက်များကို ဝယ်ယူစုဆောင်းနိုင်ခဲ့သည်။ ထို့ကြောင့် နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော်သည့် အန္တရာယ်ကို ခုခံ

ကာကွယ်နိုင်ခဲ့သည်။ အထူးသဖြင့် အနောက်ကရင်နီပြည်မှာ နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော်မှုအန္တရယ်ကို ပိုမိုစိုးရိမ်ရသဖြင့် အင်္ဂလိပ်ကို ပိုမိုအားကိုးလာခဲ့သည်။ အင်္ဂလိပ်ထံသို့ အကြိမ်ကြိမ်အဖန်ဖန် စေတမန်စေလွှတ်၍ ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို နယ်ချဲ့ဗမာဘုရင်အသိအမှတ်ပြုစေရန် အင်္ဂလိပ်အနေဖြင့်ကြားဝင်ဆောင်ရွက်ပေးပါရန် တောင်းဆိုခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ်ဗမာစစ်ပွဲဖြစ်ပွားပြီး ပြည်နှင့် တောင်ငူဒေသတို့သည် အင်္ဂလိပ်ပိုင်နယ်မြေများ ဖြစ်လာခဲ့သည်။ အင်္ဂလိပ်တို့သည် တောင်ငူကို သိမ်းပိုက်သည့်အခါ စစ်တောင်းမြစ် အရှေ့ဘက်ဒေသကို မိမိနယ်မြေအဖြစ် မသတ်မှတ်သေးပေ။ အကြောင်းမှာ စစ်တောင်းမြစ်အရှေ့ဘက်ရှိ ကရင်နီပြည်၏ နယ်နိမိတ်ကို မသိရသေးသောကြောင့်ဖြစ်သည်။ ထိုကြောင့် ကရင်နီနှင့် အင်္ဂလိပ်တို့ နယ်နိမိတ်သတ်မှတ်နိုင်ရန်အတွက် ခရစ်သက္ကရာဇ် ၁၈၅၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် အနောက်ကရင်နီ ကြယ်ဖိုးကြီးသို့ စေတမန်တဖွဲ့ စေလွှတ်ခဲ့ပေသည်။ ဤစေတမန်အဖွဲ့၏ ဆောင်ရွက်မှုကြောင့် ခရစ်သက္ကရာဇ် ၁၈၅၇ ခုနှစ်တွင် တောင်ငူကော်မရှင်နာမင်းကြီး မစ္စတာ အီးအိုရီးလေး (Mr. O'Riley) သည် အနောက်ကရင်နီကြယ်ဖိုးကြီးမြို့သို့ ရောက်ရှိလာပြီး ကြယ်ဖိုးကြီးစောဖျာကေ့ဖိုးဒူနှင့် မဟာမိတ်ဖွဲ့ခဲ့ပေသည်။ အင်္ဂလိပ်ဘုရင်ခံ လော့ဒ်ဒါလ်ဟိုစီ (Lord Dalhosie)လည်း ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း ကျေညာပြီး နယ်ချဲ့ဗမာဘုရင်က ကရင်နီပြည်ကို တိုက်ခိုက်ရန် တပ်များစေလွှတ်သည်ကိုလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၆၂ ခုနှစ်တွင် အနောက်ကရင်နီစောဖျာကေ့ဖိုးဒူသည် အင်္ဂလိပ်ထံသို့ စေတမန်တဖွဲ့စေလွှတ်ပြီး အရှေ့ကရင်နီနှင့် အနောက်ကရင်နီပြဿနာကို ကြားဝင်ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။ သို့အတွက်ကြောင့် ခရစ်သက္ကရာဇ် ၁၈၆၃ ခုနှစ်တွင် မစ္စတာအီးအိုရီလေးသည် အနောက်ကရင်နီ ကြယ်ဖိုးကြီးမြို့သို့ ဒုတိယအကြိမ်ရောက်ရှိလာခဲ့သည်။ မစ္စတာအီးအိုရီလေးနှင့် အနောက်ကရင်နီ စောဖျာကေ့ဖိုးဒူတို့သည် ဒုတိယအကြိမ်မဟာမိတ်စာချုပ် ချုပ်ဆိုကြပြီး တရားဝင် ထုတ်ပြန်ကျေညာခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၆၈ ခုနှစ်တွင် အနောက်ကရင်နီစောဖျာကေ့ဖိုးဒူကွယ်လွန်ပြီး သားတော် ခွန်တီ၊ ခွန်သျှားတို့သည် အနောက်ကရင်နီကို ပူးတွဲအုပ်ချုပ်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၆၉ ခုနှစ်တွင် ခွန်တီနှင့် ခွန်သျှားတို့သည် အင်္ဂလိပ်အစိုးရထံသို့ စေတမန်စေလွှတ်ပြီး မိမိတို့ ခမည်းတော်စောဖျာကေ့ဖိုးဒူနှင့် အင်္ဂလိပ်တို့၏ မဟာမိတ်စာချုပ်ကို ဆက်လက်အသိအမှတ်ပြုကြောင်း အကြောင်းကြားခဲ့သည်။ ၎င်းအပြင် ကရင်နီပြည်၏ လွတ်လပ်ရေးကို ဗမာဘုရင်က အသိအမှတ်ပြုရန်အတွက် အင်္ဂလိပ်အစိုးရအနေနှင့် ကြားဝင်ဆောင်ရွက်ပေးရန် ထပ်မံတောင်းဆိုခဲ့သည်။ ထို့ကြောင့် ၁၈၇၅ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်သည် အနောက်ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုရေးကိစ္စနှင့်ပါတ်သက်၍ ဆာဒေါ်ကလပ်ဖေါဆစ်သ် (Hon'ble Sir Dauglas Forsyth C.B.K.C.S.I) ဦးဆောင်သည့် သံတမန်(မစ်ရှင်)အဖွဲ့တဖွဲ့ကို ဗမာဘုရင်မင်းတုံးမင်းထံသို့ စေလွှတ်လိုက်သည်။ ဆာဒေါ်ကလပ်ဖေါ့ဆစ်သ်က ကရင်နီပြည်သည် ရှေးကတည်းက လွတ်လပ်သည့် အချုပ်အချာအာဏာပိုင်ပြည်တပြည်ဖြစ်ကြောင်း၊ ကရင်နီပြည်၏ လွတ်လပ်ရေးကို အင်္ဂလိပ်အစိုးရအနေဖြင့် အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း၊ သို့အတွက်ကြောင့် ဗမာဘုရင်အနေဖြင့် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုရန်

လိုကြောင်း၊ အကယ်၍ ဗမာဘုရင်က ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်မပြုလျှင် အင်္ဂလိပ်နှင့် မသင့်မတင့်ဖြစ်လာနိုင်စရာ ရှိလာနိုင်ကြောင်းစသည်ဖြင့် တင်ပြဆွေးနွေးသည်။ ဆာဒေါ်ကလပ်ဖော့ဆစ်သ်နှင့် ဗမာဘုရင်တို့သည် အပြန်အလှန်ဆွေးနွေးကြပြီး အနောက်ကရင်နီပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း သဘောတူစာချုပ် ချုပ်ဆိုကြသည်။

မြန်မာသက္ကရာဇ် ၁၂၃၇ ခု၊ ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ် ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသော စာချုပ်မှာ အင်္ဂလိပ်လိုချုပ်ဆိုထားပြီး ၎င်းကို ဗမာသို့ ပြန်လိုက်ပါက အောက်ပါအတိုင်းဖြစ်သည်။

**အိန္ဒိယဘုရင်ခံချုပ်ထံမှ မြန်မာရေခြေရှင်သို့ -**

ကရင်နီပြည်နယ်ကို ကန့်သတ်သီးသန့် လွတ်လပ်စွာ နေထိုင်ခွင့် ဆက်လက်ပြုပါရန် တောင်းပန်လွှာပို့ဆက်ခဲ့ရာ မြန်မာဘုရင်မင်းမြတ်သည် မြန်မာနှင့် ဗြိတိသျှနှစ်ပြည်ထောင်တို့၏ မဟာမိတ်ဆက်ဆံမှု ရှေ့သို့ ဆက်လက်ခိုင်မြဲစေမှုကို ရည်ရွယ်လျက် ကရင်နီပြည်ကို မည်သူကမျှ တန်ခိုးလွှမ်းမိုးချုပ်ချယ် အရေးဆိုကျူးလွန်ခြင်း မပြုလုပ်ရန် လိုက်လျောစွာ သဘောတူခွင့်ပြုတော်မူခဲ့လေရာ နိုင်ငံခြားရေးကင်းဝန်မင်းကြီးအား မြန်မာဘုရင်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်၎င်း၊ (Hon'ble Sir Douglas Forsyth C.B.K.C.S.I) ဆာဒေါ်ကလပ်ဖော့ဆစ်အား အိန္ဒိယဘုရင်ခံချုပ်၏ ကိုယ်စားလှယ်သံတမန်အဖြစ်ဖြင့်၎င်း သဘောတူမဟာမိတ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**စာချုပ်။** ။ နှစ်ဦးသဘောတူချုပ်ဆိုသည့် ဤစာချုပ်အရ ကရင်နီပြည်ကို မည်သူတဦးတယောက်ကမျှ စီမံခန့်ခွဲစိုးမိုးချုပ်ချယ်ခြင်း မပြုရဘဲ သီးသန့်လျှက် လွတ်လပ်သော အင်ဒီပင့်ဒင့် အခွင့်အရေးပေးရန် မြန်မာဘုရင်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ နှစ်ဦးနှစ်ဘက် သဘောတူကြကြောင်း၊ ယင်းသို့သော ပဋိညာဉ်ခံဝန်ချက်ဖြင့် ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်နေ့တွင် ကျွန်ုပ်တို့ဆိုင်ရာ တံဆိပ်တော်များနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးကြကြောင်း။

| | |
|---|---|
| စာခံတော် | တံဆိပ်တော် |
| (ပုံ)တီဒီဖေါဆစ်သ် | (ပုံ)ကင်းဝန်မင်းကြီး |

စာချုပ်ချုပ်ဆိုစဉ်တွင် အနောက်ကရင်နီနယ်နှင့် ဗမာပြည်နယ်ခြားသတ်မှတ်ရာတွင် အင်္ဂလိပ်အရာရှိတဦးဦးက သတ်မှတ်ပေးရမည်ဟု ပါရှိခဲ့သည်။ ထို့ကြောင့် ခရစ်သက္ကရာဇ် ၁၈၇၆ ခုနှစ်တွင် မစ္စတာအေးအီချ်ဟယ်ဒီဘရမ်းက ၎င်းနယ်ခြားကို သတ်မှတ်ပေးခဲ့သည်။ နယ်ခြားသတ်မှတ်ပြီးသည့်အခါက ကရင်နီနယ်စပ်တွင် တပ်စွဲထားသော ဗမာတပ်များသည် ခရစ်သက္ကရာဇ် ၁၈၇၇ ခုနှစ်တွင် အပြီးအပိုင်ဆုတ်ခွာသွားခဲ့ကြသည်။ ယခုကဲ့သို့ နယ်ချဲ့နှစ်နိုင်ငံက သေးငယ်သော ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုလိုက်ခြင်းဖြင့် အလွန်စိတ်သဘောထား မြင့်မြတ်သော နယ်ချဲ့ဖြစ်သည်ဟုယူဆရပေမည်။ သို့သော် ယခုကဲ့သို့ အသိအမှတ်ပြုခြင်းအားဖြင့် မိမိတို့မှာလည်းအကျိုးရှိပေသည်။ အင်္ဂလိပ်အနေဖြင့် ကရင်နီပြည်မှ ကျွန်းသစ်

နှင့် သစ္စာများလုပ်ကိုင်ခွင့်ရရှိခဲ့သည်။ ဗမာပြည်အနေဖြင့် လောလောဆယ်အင်္ဂလိပ်နှင့် စစ်ဖြစ်မည့်အရေးကို ရှောင်ရှားနိုင်ခဲ့ပေသည်။

စာချုပ်တွင် အနောက်ကရင်နီ၏ လွတ်လပ်ရေးကိုသာ အသိအမှတ်ပြုခဲ့သည်။ အရှေ့ကရင်နီကို ဤစာချုပ်တွင်မထည့်သွင်းခြင်းမှာ ကရင်နီပြည်ထဲသို့ နယ်ချဲ့နိုင်ရန်အတွက် ချန်လှပ်ထားခြင်းဖြစ်သည်။ ဤသည်မှာ နယ်ချဲ့များ၏ ညစ်ပတ်မှုတခုဖြစ်ပေသည်။ အရှေ့ကရင်နီသည် စောဖျာဖေ့ဖော်ကြီးလက်ထက်ကတည်းက အနောက်ကရင်နီကဲ့သို့ သီးခြားလွတ်လပ်လျှက်ရှိပေသည်။ နယ်ချဲ့ဗမာဘုရင်လက်အောက်သို့ တခါမျှ မကျရောက်ခဲ့ပေ။ သို့သော် စောဖျာစောလဖော်သည် ဗမာဘုရင်နှင့် မဟာမိတ်ဖွဲ့ခါမှ ယင်း၏ နယ်ကို ဗမာပိုင်သည်ဆိုခြင်းမှာ လုံးဝတရားမဝင်ပေ။ စောလဖော်သည်လည်း မိမိကိုယ်ကို ဗမာဘုရင် သစ္စာတော်ခံတဦးဖြစ်သည်ဟု မခံယူဘဲ ဗမာဘုရင်နှင့် မဟာမိတ်ဖြစ်သည်ဟုသာ ခံယူခဲ့ပေသည်။ သို့အတွက်ကြောင့် ဗမာဘုရင်ကို အခွန်တော်မဆက်သခဲ့သည့်အပြင် အခွင့်အရေးကြုံတိုင်း ဗမာဘုရင်ပိုင် မောက်မယ်နှင့် မိုးနဲကို မကြာခဏဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ပေသည်။ ဗမာဘုရင်သည် အရှေ့ကရင်နီကို ပိုင်ဆိုင်ကြောင်းကိုလည်း မည်သည့်နိုင်ငံမှ အသိအမှတ်မပြုခဲ့ပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ဗမာဘုရင်သည် မိမိနယ်မြေများမှ အင်္ဂလိပ်သိမ်းပိုက်ခြင်းခံရသဖြင့် ဆုံးရှုံးသွားသော နယ်မြေများအစားပြန်ရရန် အရှေ့ကရင်နီကို အရူးအမူးလိုချင်တပ်မက်ခြင်းဖြစ်သည်။ သို့သော် ဗမာဘုရင်၏ အလိုဆန္ဒမပြည့်ဝခဲ့ပေ။ နောက်ဆုံးတွင် ဗမာပြည်တပြည်လုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ပြီး ဘုရင်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားပေသည်။ အရှေ့ကရင်နီမှာ အနောက်ကရင်နီကဲ့သို့ သီးခြားလွတ်လပ်စွာ ဆက်လက်ရပ်တည်ခဲ့ပေသည်။

# (၄) ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ် စာချုပ်၏ အကျိုးသက်ရောက်မှု။

ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အသိအမှတ်ပြုသော ခရစ်သက္ကရာဇ် ၁၈၇၅ ခု စာချုပ်သည် ကရင်နီပြည်ကို များစွာ အကျိုးပြုခဲ့ပေသည်။ အကျိုးပြုချက်များမှာ –

(၁) ကရင်နီပြည်သည် တချိန်လုံး နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော် တိုက်ခိုက်မှုကို ခုခံတွန်းလှန်နေရသဖြင့် ပြည်တွင်းတိုးတက်ရေးအတွက် ဘာမျှမဆောင်ရွက်နိုင်ခဲ့ပေ။ ဤစာချုပ် ချုပ်ဆိုပြီးသည့်အချိန်တွင် နယ်ချဲ့ဗမာတပ်များ ဆုတ်ခွာသွားကြသဖြင့် ကရင်နီပြည်တွင်း တိုးတက်သာယာရေးကို ဆောင်ရွက်နိုင်ခဲ့ပေသည်။

(၂) အရှေ့ကရင်နီပြည်သည် ဗမာဘုရင်ကို အားကိုးသောကြောင့် အရှေ့ကရင်နီနှင့် အနောက်ကရင်နီကြား ဖြစ်ပေါ်ခဲ့သော တင်းမာမှုကို မဖြေရှင်းနိုင်ခဲ့ပေ။ သို့သော် စာချုပ်ချုပ်ဆိုပြီးသောအခါ ဗမာဘုရင်တပ်များ ရုပ်သိမ်းသွားသဖြင့် အရှေ့ကရင်နီ နှင့် အနောက်ကရင်နီအကြားဖြစ်ပေါ်သော တင်းမာမှုများကို ပြေပြေလည်လည်ဖြေ ရှင်းနိုင်ခဲ့ပေသည်။

(၃) ကရင်နီပြည်သည် မိမိပြည်တွင်းရှိ ကျွန်းသစ်၊ သစ္စာနှင့် ချိပ်တို့ကို လွတ်

လွတ်လပ်လပ် အင်္ဂလိပ်သို့ ထုတ်ရောင်းနိုင်သဖြင့် ကရင်နီပြည် ချမ်းသာတိုးတက် လာခဲ့သည်၊

(၄) ကမ္ဘာက မသိခဲ့သည့် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဤစာချုပ်ကြောင့် ကမ္ဘာက သိရှိလာခဲ့ပေသည်။

(၅) ကရင်နီပြည်သည် ဤစာချုပ်ကြောင့် အင်္ဂလိပ်ကိုလိုနီနယ်အဖြစ် သိမ်းသွင်းခြင်း အန္တရာယ်မှ လွတ်ကင်းခဲ့သည်။

(၆) ဤစာချုပ်သည် ကရင်နီပြည်၏ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကို ထိန်းသိမ်းကာကွယ်ပေးသည်။

(၇) ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု တည်မြဲ စေသည်။

(၈) ကရင်နီပြည်၏ ဂုဏ်သိက္ခာကို တည်မြဲစေသည့်အပြင် ကရင်နီပြည်သူများကို တိုင်းချစ်ပြည်ချစ်စိတ်ဓါတ် မြှင့်တင်ပေးခဲ့သည်။

(၉) အချုပ်အားဖြင့် ဤစာချုပ်သည် လောလောဆယ် နယ်ချဲ့ဗမာဘုရင်နှင့် နယ်ချဲ့အင်္ဂလိပ်တို့၏ သိမ်းပိုက်ကျွန်ပြုမှုအန္တရာယ်မှ ကယ်တင်လိုက်ခြင်းဖြစ်သည်။

## နယ်ချဲ့အင်္ဂလိပ်နှင့်နယ်ချဲ့မာဘုရင်တို့အပေါ် ကရင်နီပြည်သူပြည်သားများ၏သဘောထား

နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ဗမာဘုရင်တို့၏အပေါ် ကရင်နီပြည်သူပြည်သား၏ သဘောထားမှာ အင်္ဂလိပ်သည် ခေတ်နောက်ကျသည့် မတိုးတက်မဖွံ့ဖြိုးသော တိုင်းပြည်ကြီးငယ်များနှင့် ခေတ်နောက်ကျသည့် နယ်ချဲ့ကေရာဇ်များတို့ကို နယ်ချဲ့ကျူးကျော်သိမ်းပိုက်ပြီး မိမိကိုလိုနီနယ်ပြုလုပ်သော နယ်ချဲ့တိုင်းပြည်ကြီးတပြည်ဖြစ်သည်။ နယ်ချဲ့ဗမာဘုရင်သည် မိမိအိမ်နီးချင်းလူမျိုးငယ်များနှင့် တိုင်းပြည်ငယ်များကို မတရား နယ်ချဲ့ကျူးကျော်သိမ်းပိုက်ကျွန်ပြုသော နယ်ချဲ့ဘုရင်ဖြစ်သည်။ အင်္ဂလိပ်သည် အိန္ဒိယ၊ မလေးရှား၊ ဗမာပြည်၊ တောင်အာဖရိက၊ တောင်အမေရိကစသည်များကို ကျူးကျော်သိမ်းပိုက်ပြီး မိမိကိုလိုနီနယ်များအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့သည်။ နယ်ချဲ့ဗမာဘုရင်သည် ရှမ်းပြည်၊ မွန်ပြည်၊ ရခိုင်ပြည်၊ ယိုးဒယားပြည်၊ ဇင်းမယ်ပြည်၊ ကသာပြည်၊ မဏိပူရပြည် စသည်များကို နယ်ချဲ့ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုခဲ့သည်။ အင်္ဂလိပ်နှင့် ဗမာဘုရင် စစ်ဖြစ်ရခြင်းမှာ အာသံ၊ မဏိပူရပြည်များကို အပြိုင်အဆိုင်နယ်ချဲ့ကျူးကျော်ကြရာမှ စစ်မက်ဖြစ်ပွားကြခြင်းသာဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်၊ ပထမအင်္ဂလိပ်ဗမာစစ်ပွဲမှာ နယ်ချဲ့နှစ်နိုင်ငံ အချင်းချင်းဝါးမျိုသော စစ်ပွဲသာဖြစ်သည်။ ဤစစ်ပွဲအပြီးတွင် နယ်ချဲ့ဗမာဘုရင်၏ ပိုင်နက်ဖြစ်သော အာသာ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီတို့ကို အင်္ဂလိပ်က သိမ်းပိုက်လိုက်သည်။ ဆုံးရှုံးသွားသော နယ်မြေများအစားပြန်ရရန် နယ်ချဲ့ဗမာဘုရင်သည် သေးငယ်သည့် ကရင်နီပြည်ကို အရူးအမူးနယ်ချဲ့ကျူးကျော်လာခဲ့သည်။ ထို့ကြောင့် ကရင်နီပြည်သည် နယ်ချဲ့နိုင်ငံများ၏ ကျူးကျော်သိမ်းပိုက်မည့် အန္တရာယ်ကို စိုးရိမ်သဖြင့် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ယင်းနယ်ချဲ့နိုင်ငံများ အသိအမှတ်ပြုကြရန် သံတမန်ရေးနည်းဖြင့် အစွမ်းကုန်ကြိုးစားခဲ့ပေသည်။ ခရစ်သက္ကရာဇ်

၁၈၅၂ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ဗမာဘုရင်တို့၏ အချင်းချင်းဝါးမျိုသော ဒုတိယအင်္ဂလိပ်ဗမာစစ်ပွဲထပ်မံဖြစ်ပွားပြန်သည်။ ဤစစ်ပွဲအပြီးတွင် အောက်ဗမာပြည်ဖြစ်သော တောင်ငူနှင့် ပြည်ဒေသများကို အင်္ဂလိပ်က သိမ်းပိုက်လိုက်သည်။ သို့အတွက်ကြောင့် အင်္ဂလိပ်ပိုင်နယ်များသည် ကရင်နီပြည်နှင့် နယ်ချင်းစပ်လာခဲ့သည်။ ကရင်နီပြည်သည် နယ်ချဲ့ဗမာဘုရင်၏ နယ်ချဲ့ကျူးကျော်မှုအပြင် အင်္ဂလိပ်၏ ကျူးကျော်သိမ်းပိုက်မှုကိုပါ စိုးရိမ်လာရပေသည်။ ထို့ကြောင့် ယင်းနယ်ချဲ့နိုင်ငံ နှစ်နိုင်ငံစလုံး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန် အရေးတကြီးလိုအပ်လာပေသည်။ ဤချက်ကို သိရှိသော ကရင်နီပြည်ခေါင်းဆောင်များသည် နယ်ချဲ့နှစ်နိုင်ငံ အသိအမှတ်ပြုရေးအတွက် အစွမ်းကုန်ကြိုးစားကြတော့သည်။ ဤကြိုးစားမှုများကြောင့် ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ်တွင် ယင်းနယ်ချဲ့နှစ်နိုင်ငံက ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း စာချုပ်ချုပ်ဆိုခဲ့ရခြင်းဖြစ်ပေသည်။ ဤစာချုပ်ကြောင့် ကရင်နီပြည်သည် လောလောဆယ် ယင်းနယ်ချဲ့နိုင်ငံများ၏ ရန်မှ လွတ်ကင်းခဲ့ပေသည်။

ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ဗမာဘုရင်တို့သည် အချင်းချင်းဝါးမျိုသည့် တတိယအင်္ဂလိပ်ဗမာစစ်ပွဲ ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ဤစစ်ပွဲတွင် အင်္ဂလိပ်တို့သည် မန္တလေးမြို့ကို သိမ်းပိုက်ပြီး နယ်ချဲ့ဗမာဘုရင်သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားပေသည်။ ထိုအချိန်မှစ၍ ဗမာဘုရင်၏ နယ်ချဲ့ဧကရာဇ်ဘုရင်စနစ်သည် လုံးဝကျဆုံးသွားပေသည်၊ နယ်ချဲ့ဗမာ၏ ဧကရာဇ်ဘုရင်စနစ် ကျဆုံးသွားသောကြောင့် ကရင်နီပြည်သည် နယ်ချဲ့ဗမာဘုရင်၏ အန္တရာယ်ကို နောက်ထပ်မစိုးရိမ်ရတော့ပေ။ နယ်ချဲ့အင်္ဂလိပ်၏ ကျူးကျော်သိမ်းပိုက်မှု အန္တရာယ်ကိုသာ စိုးရိမ်ရတော့သည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်သည် မိမိတို့၏ ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ် စာချုပ်အရ ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဆက်လက်အသိအမှတ်ပြုသဖြင့် ကရင်နီပြည်သည် သက်သာရာ ရရှိသွားသည်ဟုဆိုရပေမည်။

# အခန်း ( ၂ )

## (၁) နယ်ချဲ့ ဗမာ ဧကရာဇ်ဘုရင်စနစ်လုံးဝကျဆုံးသွားခြင်း။

ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နယ်ချဲ့ဗမာဘုရင်နှင့် နယ်ချဲ့အင်္ဂလိပ်အချင်းချင်းဝါးမျိုသော တတိယအင်္ဂလိပ်ဗမာစစ်ပွဲတွင် နယ်ချဲ့ဗမာဘုရင်သီပေါမင်းလုံးဝစစ်ရှုံးသွားပြီး အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရလေတော့သည်။ ဗမာပြည်တပြည်လုံးသည် အင်္ဂလိပ်ကိုလိုနီနယ်အဖြစ် သိမ်းသွင်းခြင်း ခံလိုက်ရသည်။ နယ်ချဲ့ဗမာဧကရာဇ်ဘုရင်စနစ်လည်း လုံးဝကျဆုံးသွားပေသည်။ ဤကဲ့သို့ နယ်ချဲ့မဟာဧကရာဇ်စနစ် ကျဆုံးသွားသောကြောင့် ယင်းလက်အောက်ခံပြည်များသည် အလိုအလျောက်လွတ်မြောက်လာခဲ့ပေသည်။ ဗမာတမျိုးသားလုံးသည် အင်္ဂလိပ်ကိုလိုနီကျွန်အဖြစ် ကျရောက်သွားသည်။ သို့သော် ရှမ်းပြည်၊ ချင်းပြည်နှင့် ကချင်ပြည်တို့သည် ဆက်လက် လွတ်လပ်လျက် ရှိပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ဗမာပြည်ကို သိမ်းပိုက်ပြီးနောက် မိမိလောဘစိတ်ကို မရပ်တန့်နိုင်သေးဘဲ သီးခြားလွတ်လပ်နေသည့် ရှမ်းပြည်၊ ကချင်

ပြည်၊ ချင်းပြည်တို့ကို ထပ်မံတိုက်ခိုက်သိမ်းယူပြီး မိမိကိုလိုနီနယ်အဖြစ် ပြုလုပ်ပြန်သည်။ ဤနေရာတွင် အင်္ဂလိပ်တို့သည် ဗမာတပြည်လုံးကို သိမ်းပိုက်ပြီးသော်လည်း ရှမ်း၊ ချင်း၊ ကချင်တို့သည် အလိုအလျောက် အင်္ဂလိပ်လက်အောက်ခံအဖြစ် မခံယူခဲ့ပေ။ အင်္ဂလိပ်တို့သည် ရှမ်း၊ ချင်း၊ ကချင်ပြည်တို့ကို သီးခြားတိုက်ခိုက်ယူရပေသည်။ ဤအကြောင်းကို ထောက်ရှုခြင်းဖြင့် တချိန်က နယ်ချဲ့ဗမာဘုရင်လက်အောက်ခံနယ်များဟု သမုတ်ခဲ့သော ရှမ်း၊ချင်း၊ ကချင်ပြည်တို့သည် နာမည်လောက်သာ နယ်ချဲ့ဗမာဘုရင်၏ လက်အောက်ခံနယ်များဖြစ်ပြီး လက်တွေ့မှာ သီးခြားလွတ်လပ်သော တိုင်းပြည်များဖြစ်ကြောင်း သိရှိရပေသည်။

နယ်ချဲ့ဗမာဧကရာဇ်ဘုရင်ကျဆုံးပြီးကတည်းက တချိန်က လူမျိုးငယ်များ၊ ပြည်ငယ်များအပေါ် အနိုင်ကျင့်ခဲ့သော ဗမာလူမျိုးများသည် အခြားလူမျိုးငယ်များနှင့် ဘဝတူဖြစ်လာကြသည်။ လူမျိုးငယ်များနှင့်အတူ နယ်ချဲ့အင်္ဂလိပ်ကိုလိုနီကျွန်ဖြစ်လာကြသည်။ အခြားလူမျိုးငယ်များနှင့် ဗမာလူမျိုးတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ကို ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် အပြန်အလှန်အကူအညီပေးပြီး စုပေါင်းရုန်းကန်ခဲ့ကြသည်။ သို့အတွက်ကြောင့် ခရစ်သက္ကရာဇ် ၁၉၄၈ ခုနှစ်တွင် ဗမာပြည် လွတ်လပ်ရေးရရှိခဲ့ပေသည် မဟုတ်ပါလော။ လွတ်လပ်ရေးရရှိလာသော ဗမာပြည်ကို အုပ်ချုပ်သည့် နယ်ချဲ့မဟာဗမာဝါဒီတစုတို့သည် အခြားလူမျိုးများအပေါ် နယ်ချဲ့မဟာလူမျိုးကြီးဝါဒအရ ဖိနှိပ်ကျွန်ပြုသတ်ဖြတ်လာနေသည်မှာ ယင်းတို့၏ ကိုလိုနီကျွန်ဘဝဟောင်းကို မေ့နေ၍သာဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့မဟုတ် အခြားလူမျိုးများအပေါ် ဖိနှိပ်ကျွန်ပြုတတ်သည့် အစဉ်အလာဇာတ်ရုပ် ပြန်ပေါ်လာ၍လော။ မည်ကဲ့သို့ပင်ဖြစ်စေ နယ်ချဲ့မဟာဗမာဝါဒီတစုတို့သည် တနေ့တွင် အခြားလူမျိုးများအပေါ် အမြင်မှန်ရလာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ဗမာဘုရင်တို့ ကရင်နီပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုသော စာချုပ်ချုပ်ဆိုပြီးကတည်းက အရှေ့ကရင်နီသည် ဗမာဘုရင်ကို အထင်သေးလာခဲ့ပေသည်။ ဗမာဘုရင်နှင့် အဆက်ဖြတ်ပြီး ဗမာဘုရင်လက်အောက်ခံဟုအမည်ခံသော မောက်မယ်နယ်ကို ဝင်ရောက်တိုက်ခိုက်၍ နယ်မြေအချို့ကို သိမ်းပိုက်ပြီး သစ်လုပ်ငန်းကို လက်ဝါးကြီးအုပ်လိုက်သည်။ ဤကဲ့သို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် နောင်တွင် အရှေ့ကရင်နီနှင့် အင်္ဂလိပ်တို့ စစ်ဖြစ်ရပေသည်။

# (၂) အရှေ့ ကရင်နီနှင့် အင်္ဂလိပ်တင်းမာမှု။

အရှေ့ကရင်နီ စောဖျာစောလဖော်သည် မိမိ၏ အရှေ့ကရင်နီနယ်မှ ဗမာဘုရင်လက်အောက်ခံမဟုတ်သောကြောင့် အင်္ဂလိပ်များကျူးကျော်သိမ်းပိုက်ခွင့်မရှိဟု ယုံကြည်ထားသူတဦးဖြစ်ပေသည်။ သို့အတွက်ကြောင့် မိုင်းပွန်စော်ဘွားထံ ပေးပို့သော မိမိစာထဲတွင် " ကုလားဖြူတွေ လာချင်လာပါစေ၊ သူတို့ကို ကျွန်ုပ်တို့ မတိုက်ပါ။ သူတို့သည် ကျွန်ုပ်တို့ကို ညှင်းဆဲလျှင် သူတို့ခေါင်းကို ကျွန်ုပ်တို့ဖြတ်မယ်။ သူတို့က ကျွန်ုပ်တို့ကို နိုင်ယင် ကျွန်ုပ်တို့ ဦးညွတ်မယ်။ ဒါပေမဲ့ အကြောင်းမဲ့ ဦးညွတ်မှာ မဟုတ်ပါ။ အကယ်၍ သူတို့သည် ကျွန်ုပ်တို့ ကရင်နီပြည်ကို ဖြတ်သွားလျှင် အဝတ်ပေါ်တွင် အပ်ရာမထင်သကဲ့သို့ လူတို့ခြေရာမထင်ခဲ့စေရ၊ ဒီ

ထက် ဒို့ဘာမှလုပ်နိုင်မည်မဟုတ် " ဟုပါရှိခဲ့သည်။ အထက်ပါစာသား၏ သဘောမှာ အင်္ဂလိပ်များ ကရင်နီပြည်ကို ကျူးကျော်လျှင် ခုခံတိုက်မည်ဟူသော ဆုံးဖြတ်ချက်သာဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၈၈၇ ခုနှစ်ကုန်ခါနီးတွင် ရှမ်းပြည်တောင်ပိုင်းရှိ အင်္ဂလိပ်တပ်ဖွဲ့ ခရီးလှည့်နေစဉ် အင်္ဂလိပ်နိုင်ငံရေးအရာရှိသည် တဦးနှင့်တဦးဆက်သွယ်နိုင်ရန်အတွက် ရှမ်းပြည်နှင့် ကရင်နီပြည်နယ်စပ်တနေရာတွင် လာတွေ့ဆုံကြရန် စောဖျာစောလဖော်အား ဖိတ်ခေါ်ခဲ့ပေသည်။ သို့သော် စောလဖော်အနေဖြင့် မိမိအရှေ့ကရင်နီသည် သီးခြားလွတ်လပ်ကြောင်းကို ပြလိုသဖြင့် ဖိတ်ခေါ်ချက်ကို ငြင်းဆန်ခဲ့သည်။ ၎င်းပြင် မိမိစောင့်ရှောက်ထားသော မောက်မယ်နယ်သည် အင်္ဂလိပ်လက်အောက်ခံအဖြစ် ခံယူလိုက်သည်ကိုလည်း မကျေနပ်ခဲ့ပေ။ သို့အတွက်ကြောင့် မောက်မယ်နယ်ကို ပြန်တိုက်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ မတ်လတွင် စောလဖော်သည် မောက်မယ်ကို တိုက်ခိုက်သိမ်းယူ၍ စော်ဘွားခွန်မှုံကို နှင်ထုတ်လိုက်ပြီး ခွန်နော်ကျူကို စော်ဘွားတင်မြှောက်လိုက်သည်။ ဤသတင်းသည် အင်္ဂလိပ်ဖို့ဒ်စတက်ဒ်မင်ခံတပ်သို့ ရောက်ရှိသော်လည်း အုပ်ချုပ်ရေးအရာရှိများမရှိသဖြင့် အင်္ဂလိပ်တို့ ချက်ချင်း အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ပေ။ မေလ ၂ ရက်နေ့တွင် အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးအရာရှိ ဂျေဂျီစကော(တ်) (J.G Scott) ကာနယ်စတိုးရီးယပ်(စ်) (Colonel Storlorius) နှင့် လက်ဖ်တင်နယ် ဖော်ဝါ (Lieutenant Fower) တို့ကို တပ်သား ၁၅၀ ယောက်ခန့်နှင့် မောက်မယ်သို့ စေလွှတ်ခဲ့သည်။ စကော(တ်)တို့သည် မောက်မယ်သို့ ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ သို့သော် ကရင်နီတပ်ကို မတွေ့ရတော့ချေ။ စကော်(တ်) တို့သည် ခွန်မှုံကို စော်ဘွားပြန်တင်ပြီး ဖို့ဒ်စတက်ဒ်မင်ခံတပ်သို့ ပြန်လာခဲ့သည်။ မောက်မယ်တွင် လက်ဖ်တင်နင်ဖော်ဝါကို လူပေါင်း တရာ့ငါးဆယ်နှင့်ထားခဲ့သည်။ လက်ဖ်တင်နင်ဖော်ဝါလည်း မောက်မယ်တွင် တပ်သား ၂၅ ယောင်ထားခဲ့ပြီး မိုးနဲသို့ သွားရောက်တပ်ချခဲ့သည်။ အင်္ဂလိပ်တပ် အပြောင်းအရွှေ့ကို စောင့်ကြည့်နေသော ကရင်နီတပ်သားအချို့သည် ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ ဂျူလိုင်လ ၃ ရက်နေ့တွင် မောက်မယ်ကို လာရောက်တိုက်ခိုက်ကြပြန်သည်။ အင်္ဂလိပ်တို့၏ ခုခံတိုက်ခိုက်မှုကြောင့် မအောင်မြင်ဘဲ ရှမ်းကရင်နီနယ်စပ်မြို့ဖြစ်သည့် ကာဒူးလုံမြို့သို့ ဆုတ်ခွာခဲ့သည်။ ဂျူလိုင်လ ၁၂ ရက်နေ့တွင် လက်ဖ်တင်နင်ဖော်ဝါသည် ကရင်နီတပ်ကို လိုက်တိုက်ပြန်ရာ လက်နက်အင်အားမမျှသဖြင့် ကရင်နီတပ် ဆုတ်ခွာသွားရသည်။ ခရစ်သက္ကရာဇ် ၁၈၈၈ ခု၊ ဂျူလိုင်လ ၁၃ ရက်နေ့တွင် စောလဖော်သည် အင်္ဂလိပ် အုပ်ချုပ်ရေးအရာရှိထံသို့ စာတစောင်ရေးသားပြီး မောက်မယ်မှ အင်္ဂလိပ်တပ်များဆုတ်ခွာပေးရန် တောင်းဆိုခဲ့သည်။ စောလဖော်၏ စာမှာ အောက်ပါအတိုင်းဖြစ်သည်။

" ခရစ်သက္ကရာဇ် ၁၈၆၆-၆၇-၆၈ နှင့် ၁၈၇၀-၇၁ ခုနှစ်များတွင် မောက်မယ်စော်ဘွားနှင့် သူ၏သားသည် ကျွန်ုပ်၏နယ်ကို ဝင်ရောက်တိုက်ခိုက်လုယက်ပြီး ကျွန်ုပ်၏ ဆင် ၁၈၄ ကောင်နှင့် ကျွန်းသစ် ၅၂၀၀ ကို လုယူခဲ့သည်။ ဤကိစ္စနှင့်ပါတ်သက်ပြီး လျော်ကြေးပေးရန် မင်းတုံးမင်းကို တောင်းဆိုခဲ့သည်။ မင်းတုံးမင်းအနိစ္စရောက်ပြီး ၎င်း၏သား သီပေါမင်းနန်းတက်လာသောအခါလည်း ကျွန်ုပ်ပစ္စည်းပြန်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် မရခဲ့ပါ။ မောက်မယ်စော်ဘွားသည် ကျွန်ုပ်စိတ်ကျေနပ်အောင် မဆောင်ရွက်ပေးခဲ့ပါ။ ထိုအချိန်ကစ၍ ကျွန်ုပ်သည်မောက်မယ်နှင့် စစ်ဖြစ်ပါသည်။ နောက်ဆုံးတွင် ခွန်မှုံကို တင်ပြတောင်းဆိုပါသည်။ ခွန်မှုံသည် ကျွန်ုပ်ကိုမပေးသည့်အပြင် အမြောက်ဆံသာရလိမ့်မည်ဟုဖြေကြားခဲ့ပါသည်။

ကျွန်ုပ်သည် မင်းတုံးမင်းလက်ထက်ကတည်းက မောက်မယ်ကို တိုက်ခိုက်ပါသည်။ ဗြိတိသျှအစိုးရနှင့် ကျွန်ုပ်၏ ကန္တရာဝတီပြည်သည် ကျွန်ုပ်၏ ဘိုးဘေးခေတ်ကတည်းက ငြိမ်းချမ်းစွာ မိတ်ဆွေပြုကြပါသည်။ ကျွန်ုပ်နှင့် ခွန်မှူးစစ်တိုက်ကြသောအခါ ဗြိတိသျှတပ်များကို မတော်တဆ မထိခိုက်မိစေရန် ကျွန်ုပ်မှာ တာဝန်ရှိသဖြင့် မောက်မယ်တွင်ချထားသည့် အဆွေတို့၏ တပ်ကို ရွှေ့ပြောင်းပေးပါရန် တောင်းဆိုပါသည် ”။ အထက်ပါစာတွင် စောလဖော်သည် မင်းတုံးမင်းလက်ထက်ကတည်းက မင်းတုံးမင်း၏ လက်အောက်ခံမောက်မယ်နယ်ကို တိုက်ခိုက်ခဲ့သည်။ ယင်းပြဿနာကို မင်းတုံးမင်းက ဖြေရှင်းမပေးခဲ့ပေ။ ဤအကြောင်းကို ထောက်ရှုခြင်းအားဖြင့် အရှေ့ကရင်နီပြည်သည် မင်းတုံးမင်းလက်အောက်ခံ မဟုတ်သောကြောင့် ဖြစ်ပေသည်။ ၎င်းအပြင် အထက်ပါစာကို ထောက်ရှုခြင်းအားဖြင့် အရှေ့ကရင်နီပြည်သည် အင်္ဂလိပ်နှင့် မဟာမိတ်ဖြစ်ခဲ့သည်ကို၎င်း၊ အင်္ဂလိပ်နှင့် စစ်ဖြစ်ရသည်မှာ ဗမာဘုရင်ကို အင်္ဂလိပ်ဖမ်းသွားသဖြင့် ပုန်ကန်သည့် သဘောမဟုတ်ဘဲ မောက်မယ်ကိစ္စနှင့်ပတ်သက်၍ စစ်ဖြစ်ရသည်ကို၎င်း ပေါ်လွင်စေပေသည်။

ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ ဇူလိုင်လကုန်ခါနီးတွင် အင်္ဂလိပ်တို့သည် စောလဖော်နှင့်တကွ မောက်မယ်ပြဿနာကို အိန္ဒိယပြည်ရှိ အင်္ဂလိပ်အစိုးရထံသို့ တင်ပြသည်။ ဩဂုတ်လတွင် အင်္ဂလိပ်တို့သည် ငြင်းဆန်လျှင် စစ်ဖြစ်ရန်စာ( Ultimatum )တစောင်ကို စောလဖော်ဆီသို့ ပေးပို့လိုက်သည်။ ၎င်းစာတွင် ပါသောအချက်အလက်များမှာ ပထမအချက်တွင် စောလဖော်ကိုယ်တိုင် ဖောဒ်စတက်ဒ်မင်ခံတပ်သို့ လာပြီး မိမိသည် အင်္ဂလိပ်ဘုရင်မ၏ သစ္စာတော်ခံယူကြောင်းဝန်ခံရန်၊ ဒုတိယအချက်တွင် မောက်မယ်နယ်ကို ကျူးကျော်တိုက်ခိုက်မှုနှင့် အင်္ဂလိပ်တပ်ကို တိုက်ခိုက်မှုကြောင့် စစ်လျော်ကြေးကျပ်ငွေ နှစ်သိန်းပေးရန်၊ တတိယအချက်တွင် စစ်တိုက်သော ဒါးအလက်ပေါင်း ၅၀၀ ပေးအပ်ရန်နှင့် နောက်ဆုံးအချက်တွင် အင်္ဂလိပ်အစိုးရကို တနှစ်လျှင် ငွေသား ငါးထောင် အခွန်တော်ဆက်သရန်တို့ ဖြစ်သည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မစ္စတာဟယ်ဒီဘရန့် (Mr. Hildebrant) သည် ဤစာကို စောလဖော်သို့ ပေးပို့လိုက်သည်။ စောလဖော်သည် ဤစာကို ရရှိသောအခါ မိမိအရှေ့ကရင်နီသည် သီးခြားလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ကရင်နီနယ်ဖြစ်သဖြင့် အင်္ဂလိပ်၏ တောင်းဆိုချက်ကို လိုက်နာပါက အလိုအလျောက် နယ်ချဲ့အင်္ဂလိပ်လက်အောက်ခံဖြစ်သွားမည်ဟု ယူဆပေသည်။ သို့အတွက်ကြောင့် နယ်ချဲ့ကို ဒူးထောက်မည့်အစား ခုခံတွန်းလှန်ရန် ဆုံးဖြတ်လိုက်သည်။ စောလဖော်သည် မိမိတို့ရှေ့တွင် ဒူးထောက်မည်မဟုတ်ကြောင်း သိရှိသော အင်္ဂလိပ်အစိုးရသည် စစ်ပြင်ဆင်မှုများကို ပြုလုပ်တော့သည်။ ခရစ်သက္ကရာဇ် ၁၈၈၈ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကရင်နီပြည်တောင်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် ကာနယ်ဟာဗီး(Colonel Harvey) ဦးဆောင်သည့် အင်္ဂလိပ်တပ်အင်အား ၃၀၀ ခန့်နှင့် ဖာပွန်မြို့သို့ ရောက်ရှိလာခဲ့သည်။ စောလဖော်တပ်များသည် အင်္ဂလိပ်တို့၏ စစ်ပြင်ဆင်မှုကို သိရှိသည့်အခါ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျောက်ညှပ်ရှိ အင်္ဂလိပ်စခန်းနှင့် အင်္ဂလိပ်ရှေ့တန်းစခန်းတခုကို တိုက်ခိုက်မီးရှို့ပစ်လိုက်သည်။ ကရင်နီပြည်မြောက်ပိုင်းတွင်လည်း အုပ်ချုပ်ရေးအရာရှိ မစ္စတာဟယ်ဒီဘရန့်နှင့် ဗိုလ်ချုပ် အိပ်ချ်ကောတ်စီဘီ (Brigadier H. Cott C.B) ဦးဆောင်သော အင်္ဂလိပ်တပ်အင်အား ၅၀၀ ကျော်ခန့်သည် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စကားနယ်မှ ကရင်နီပြည်သို့ စတင်ချီတက်လာခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကရင်နီပြည်တွင်းထဲသို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့တွင်ပင် လွိုင်ကော်မြို့အနီး နားကျိုင်း၌ ကရင်နီတပ်နှင့်

တိုက်ပွဲဖြစ်သည်။ ကရင်နီတပ်တို့သည် အစွမ်းကုန် ခုခံတိုက်ခိုက်ပါသော်လည်း လက်နက်အင်အားမမျှသဖြင့် တဆင့်ပြီးတဆင့် စောလုံမြို့သို့ ဆုတ်ခွာခဲ့ရသည်။ လက်နက်သာလွန်သော အင်္ဂလိပ်တပ်တို့သည် အဆင့်ဆင့်ခုခံတိုက်ခိုက်သော ကရင်နီတပ်ကို တိုက်ခိုက်အောင်မြင်ပြီး ခရစ်သက္ကရာဇ် ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် အရှေ့ကရင်နီမြို့တော် စောလုံမြို့ ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ စောလဖော်သည် အင်္ဂလိပ်ထံ အညံ့မခံဘဲ အရှေ့ဖက်သို့ ထွက်ပြေးလွတ်မြောက်ခဲ့ပေသည်။ အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ မစ္စတာဟယ်ဒီဘရန့်သည် မိမိနယ်ကို ပြန်လည်အုပ်ချုပ်ရန် စောလဖော်ကို ပြန်ခေါ်ခဲ့သည်။ သို့သော် စောလဖော်မပြန်လာခဲ့ချေ။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စောလဖော်၏ လူယုံတော် စောလဝီသည် အင်္ဂလိပ်ထံအညံ့ခံပြန်လာခဲ့သည်။ စောလဝီထံမှ စောလဖော်ပြန်လာတော့မည်မဟုတ်ကြောင်းသိရှိသော အင်္ဂလိပ်တို့သည် ၄င်းနေ့တွင်ပင် စောလဝီအား အင်္ဂလိပ်ဧကရာဇ်ဘုရင်မ၏ သစ္စာတော်ကို စောင့်ထိန်းခံယူပါမည်။ စစ်လျော်ကြေးနှင့် နှစ်စဉ်အခွန်တော်ငွေသား ၅၀၀၀ ကို ပေးဆောင်ပါမည်။ ရှမ်းပြည်ရှိ အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ၏ အမိန့်ကို နာခံပါမည်စသည့် ဂတိဝန်ခံချက်ပါသည့် စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးစေပြီး ၎င်းကို အရှေ့ကရင်နီမြို့စားအဖြစ် ခန့်အပ်ခဲ့သည်။ စစ်လျော်ကြေးကို ၃ ကြိမ်ပေးဆောင်စေသည်။ ခရစ်သက္ကရာဇ် ၁၈၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ မတိုင်မီ ငွေသားတသိန်းနှင့် ဒါးအလက် ၅၀၀ တို့ကိုငင်း၊ ၁၈၈၉ ခုနှစ်၊ ဂျူလိုင်လ ၂၈ ရက်မတိုင်မီ ငွေသားတစ်သိန်းကိုငင်း၊ ၁၈၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ငွေသားတစ်သိန်းကိုငင်း အရစ်ကျ ပေးဆောင်စေသည်။ ရှမ်းပြည်အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိမစ္စတာဟယ်ဒီဘရန့်သည် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အခန်းအနားဖြင့် စောလဝီအား မြို့စားခန့်စာကို ပေးအပ်လိုက်သည်။ ၎င်းခန့်စာတွင် ပါရှိသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျွန်ုပ်ရှမ်းပြည်အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ (Superintendent) သည် အောက်ပါသတ်မှတ်ထားသည့် စည်းကမ်းများအပေါ်အမှီပြု၍ အသင်စောလဝီအား အရှေ့ကရင်နီနယ်၏ မြို့စားအဖြစ် ခန့်အပ်လိုက်သည်။

(၁) သင်၏ နယ်ကို ရှိရင်းဓလေ့ထုံးစံအတိုင်း အုပ်ချုပ်သွားရမည်။ အရှင်အင်္ဂလိပ်ဘုရင်မကို အခွန်တော်ဆက်သသွားရမည်။

(၂) အင်္ဂလန်ပြည်မှတပါး အခြားတိုင်းပြည်များနှင့် ဆွေးနွေးခြင်း၊ စာချုပ် ချုပ်ဆိုခြင်း မပြုလုပ်ရ။

(၃) သင်သည် အင်္ဂလိပ်အစိုးရကို နှစ်စဉ်အခွန်တော်အဖြစ် ငွေသား ၅၀၀၀ ပေးဆောင်ရမည်။

(၄) သင်သည် ကိစ္စဟူသမျှ ရှမ်းပြည်အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ၏ အမိန့်ကို နာခံရမည်။

(၅) သင်၏ သံလွင်အရှေ့ဖက်နယ်မြေကိစ္စနှင့် ပါတ်သက်၍ ယိုးဒယားနှင့် ငြင်းခုံမှုဖြစ်ခဲ့လျှင် ကြားဆုံးဖြတ်ပေးသူအဖြစ် ရှမ်းပြည်ရှိအင်္ဂလိပ်အစိုးရအရာရှိကို အကြောင်းကြားရမည်။

(၆) အရှေ့ကရင်နီ၏ မည်သည့်အပိုင်းတွင်မဆို ရှမ်း သို့မဟုတ် ဗမာ သို့မဟုတ် အင်္ဂလိပ်လက်အောက်ခံ မည်သည့်လူမျိုးပင်ဖြစ်စေ၊ မိမိသဘောမတူဘဲ မ

တားဆီး၊ မဆိုင်းငံ့ထားရ။ သူတို့သွားလိုသော နေရာသို့ လွတ်လပ်စွာ သွားလာနိုင်စေရမည်။

ခရစ်သက္ကရာဇ်– ၁၈၈၉ ခု၊ ဇန်နဝါရီလ ၂၉ ရက်နေ့
အေအိပ်ချ် ဟယ်ဒီဘရန့်
( A.H. Hilebrant )
ရှမ်းပြည်အုပ်ချုပ်ရေးအရာရှိ

အထက်ပါ ခန့်စာတွင် ပါရှိသော စည်းကမ်းချက်အားလုံးကို ခြုံကြည့်လျှင် အင်္ဂလိပ်တို့သည် အရှေ့ကရင်နီကို မိမိပိုင် ဗြိတိသျှအင်ပါယာ အစိပ်အပိုင်းအဖြစ် မပြုလုပ်ခဲ့ကြောင်းမှာ ရှင်းနေပေသည်။ အထူးသဖြင့် အချက်နံပါတ် ၆ တွင် ကျွန်စနစ်ဖျက်သိမ်းရေးကို လမ်းခင်းပေးသည့်အပြင် အရှေ့ကရင်နီနယ်သည် ဗြိတိသျှအိန္ဒိယ အစိပ်အပိုင်းတခုမဟုတ်ကြောင်း ပြသနေပေသည်။

အင်္ဂလိပ်တို့သည် မိမိတို့ တပ်ရိက္ခာ မလုံလောက်တော့သဖြင့် စောလဝီကို အရှေ့ကရင်နီမြို့စားအဖြစ် ခန့်အပ်ပြီးနောက် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဖိုဒ်စတက်ဒ်မင်ခံတပ်သို့ အားလုံးပြန်လည်ဆုတ်ခွာသွားကြသည်။ အုပ်ချုပ်ရေးအရာရှိ မစ္စတာဟယ်ဒီဘရန့်သည် မိုးဗြဲနယ်နှင့် ကရင်နီပြည်အကြားရှိ ဆော်ဒေါ (Sondaw) ရွာတွင် အင်္ဂလိပ်တပ်သား ၁၀၀ ခန့်နှင့် ခေတ္တစခန်းချ နေရစ်ခဲ့သည်။

ဤကဲ့သို့ အင်္ဂလိပ်တို့သည် အရှေ့ကရင်နီနယ်ကို မိမိတို့၏ ဩဇာခံ သီးခြားလွတ်လပ်သည့် နယ်တနယ်အဖြစ်ထားခဲ့ပေသည်။

## (၂) ကရင်နီပြည်တွင်းရေးကို အင်္ဂလိပ်တို့ ဝင်ရောက်စွက်ဖက်လာခြင်း။

အင်္ဂလိပ်တို့သည် ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် ဗမာပြည်တပြည်လုံးကို သိမ်းပိုက်ပြီးနောက် ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည်တို့ကို ဆက်လက်သိမ်းယူ၍ မိမိ၏ ကိုလိုနီနယ်အဖြစ်ဖြင့် ဗြိတိသျှအိန္ဒိယနှင့် ပေါင်းစည်းထားလိုက်သည်။ ဗြိတိသျှအိန္ဒိယဘုရင်ခံချုပ်က ယင်းနယ်များကို တိုက်ရိုက်အုပ်ချုပ်ကျွန်ပြုခဲ့ပေသည်။ ကရင်နီပြည်သည် ရှေးပဝေသဏီကတည်းက သီးခြားလွတ်လပ်သည့်အပြင် ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ်တွင်လည်း အင်္ဂလိပ်နှင့် ဗမာဘုရင်တို့သည် အနောက်ကရင်နီ၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း စာချုပ်ချုပ်ဆိုခဲ့ပေသည်။ ဗမာပြည်တပြည်လုံးကို သိမ်းပိုက်ပြီးသည့်အခါတွင်လည်း အင်္ဂလိပ်တို့သည် အရှေ့ကရင်နီနယ်ကို အနောက်ကရင်နီနယ်နည်းတူ မဟာမိတ်သဖွယ် ဆက်ဆံခဲ့သည်။ အင်္ဂလိပ်တို့သည် ဗမာပြည်ကို သိမ်းပိုက်ကျွန်ပြုသကဲ့သို့ ကရင်နီပြည်ကို သိမ်းပိုက်ကျွန်ပြုနိုင်ရန် အကြောင်းပြချက်အထောက်အထားရှာ၍ မရခဲ့ပေ။ ကရင်နီပြည်သည် အစဉ်အလာအရ သီးခြား

လွတ်လပ်သည့် ပြည်ငယ်တပြည်မျှသာ ဖြစ်သဖြင့် ခရစ်သက္ကရာဇ် ၁၈၆၃ ခုနှစ်တွင် အင်္ဂလိပ်နှင့် မဟာမိတ်စာချုပ်ချုပ်ဆိုခဲ့သည့် ခရစ်သက္ကရာဇ် ၁၈၇၅ ခုနှစ်တွင်လည်း အင်္ဂလိပ်တို့သည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း၊ ဗမာဘုရင်နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ သို့အတွက်ကြောင့် ကရင်နီပြည်ကို သိမ်းယူလျှင် အင်္ဂလိပ်တို့သည် စာချုပ်အထပ်ထပ်ချုပ်ဆိုထားပါလျက်နှင့် ယင်းစာချုပ်များကို ချိုးဖောက်ပြီး အလွန်ခေတ်နောက်ကျသည့် ကရင်နီပြည်ငယ်လေးကိုပင် ချမ်းသာမပေးဘဲ သိမ်းယူသည်။ တိုင်းပြည်ငယ်များအပေါ် လုံးဝဂတိမတည်သော လောဘကြီးသည့် နယ်ချဲ့နိုင်ငံတနိုင်ငံသာဖြစ်သည်ဟု ကမ္ဘာနှင့် နောင်လာနောက်သားတို့ မြင်လာမည်ဖြစ်ပေသည်။ ဤသို့ဖြစ်လျှင် အင်္ဂလိပ်တို့ ဂုဏ်သိက္ခာကျဆင်းမည်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအနေဖြင့် ကရင်နီပြည်ကို မသိမ်းယူဘဲနေခြင်းဖြစ်ပေသည်။ သို့သော် ကရင်နီပြည်တွင်းရေးကို စွက်ဖက်နိုင်ရေးအတွက် လမ်းစကိုကား ရှာကြံလျက်ရှိသည်။ ခရစ်သက္ကရာဇ် ၁၈၈၈–၈၉ ခုနှစ်တွင် မောက်မယ်နယ်ကိစ္စနှင့် ပတ်သက်၍ အရှေ့ကရင်နီနယ်နှင့် မသင့်မမြတ်ဖြစ်လာခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ အင်္ဂလိပ်တို့သည် အရှေ့ကရင်နီ၏ မြို့တော်စောလုံမြို့အထိ ချီတက်တိုက်ခိုက်ပြီး မိမိတို့၏ ဩဇာခံမည့်သူဖြစ်သော စောလဝီကို မြို့စားခန့်လိုက်သည်။ ဤနည်းဖြင့် အရှေ့ကရင်နီနယ်ကို မိမိတို့၏ ဩဇာခံ သီးသန့်လွတ်လပ်သော နယ်တနယ်အဖြစ်ပြုလုပ်ပြီး ကရင်နီပြည်တွင်းရေးကို စတင်စွက်ဖက်လာခဲ့သည်။ အင်္ဂလိပ်တို့သည် ကရင်နီပြည်တွင်းရေးကို ပိုမိုစွက်ဖက်နိုင်ရန်အတွက် ခရစ်သက္ကရာဇ် ၁၈၉၂ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လွိုင်ကော်မြို့၌ ဒါဘာ(**Durbar**)ပွဲသဘင်ကျင်းပပြီး ရှမ်းပြည်ရှိ အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိနှင့် နိုင်ငံရေးအရာရှိတို့သည် ကရင်နီပြည်စောဖျာများကို ဆာနဒ် ( **Sanads** ) ဥပဒေကို ပေးအပ်လိုက်သည်။ ဤသို့ဖြင့် အင်္ဂလိပ်တို့သည် သီးခြားလွတ်လပ်သော ကရင်နီပြည်ကို ယင်းဆာနဒ်ဥပဒေပြဋ္ဌာန်းချက်များဖြင့် ချုပ်ကိုင်လိုက်သည်။ ဤဆာနဒ်ဥပဒေသည် ပြဋ္ဌာန်းချက် ၁၂ ရပ် ပါရှိသည်။ အရှေ့ကရင်နီနယ်အတွက် ဆာနဒ်ပြဋ္ဌာန်းချက် ၁၂ ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ၁၈၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၁၈၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တိုင် ဘဏ္ဍာတော်ဆက်ကြေးငွေ ၅၀၀၀ ကျပ် ဆက်သွင်းရမည်။ ထိုဆက်ကြေးကို ထိုနှစ်မှတဖန် ပြင်ဆင်ရန်။

၂။ ဗြိတိသျှနယ်ပယ်အတွင်း နယ်များနှင့်ဖြစ်စေ၊ အပြင်အပနယ်များနှင့်ဖြစ်စေ ဆက်သွယ်ခြင်းမပြုရ၊ ဆက်သွယ်ရန် အကြောင်းရှိက အထက်မြန်မာ တိုင်းမင်းကြီးထံဖြစ်စေ၊ ရှမ်းပြည်နယ်ခြားဝန်ထံကိုဖြစ်စေ တိုက်ရိုက်ရေးသားလျှောက်ထားရမည်။

၃။ ကန္တရဝတီနယ် သို့မဟုတ် အရှေ့ကရင်နီနယ်အတွင်းရေးကိစ္စတွင်၎င်း၊နယ်စပ်အရေးကိစ္စနှင့်သော်၎င်း၊ အထက်မြန်မာပြည်တိုင်းမင်းကြီး၏ သတ်မှတ်ညွှန်ကြားချက်များကို လက်ခံဆောင်ရွက်ရမည်။

၄။ ကန္တရဝတီနယ်အတွင်း၌ ခိုလှုံနေသူအပေါင်းတို့ကို ၎င်းတို့ထုံးတမ်းဓမ္မတာ အစဉ်အလာအတိုင်း အုပ်ချုပ်လျက် နှိပ်စက်ကလူမပြုရ။

၅။ ကူးသန်းရောင်းဝယ်ဖောက်ကားရာ ထွက်လမ်းဝင်လမ်းများကို ပိတ်ပင်ခြင်း

မပြုရ၊ ကန္တရဝတီနယ်နိမိတ်အတွင်း၌ နွားဝန်တင်များနှင့် ကုန်သည်များအား လုယက်တိုက်ခိုက် အနှောက်အယှက်တစုံတရာပြုခဲ့သော် ရှမ်းပြည်နယ်ခြားဝန်၏ ချမှတ်သော လျော်ကြေးများကို ပေးအပ်ရမည်။

၆။ ရှမ်းပြည်နယ်ခြားဝန်၏ သဘောအရ ကန္တရဝတီနယ်နှင့် စပ်လျဉ်းသော အကြောင်းအချင်းအရာသိလွယ်ရန် ကိုယ်စားလှယ်တယောက်လွှတ်၍ နယ်ခြားဝန်၏ ဌာနချုပ်တွင် နေထိုင်ရန်။

၇။ ရှမ်းပြည်နယ်ပယ်များနှင့် အချင်းများခဲ့သော မကျေနပ်မှုကို ရှမ်းပြည်နယ်ခြားဝန်ထံ အကြောင်းပြလျှောက်ထားရမည်။ ထိုဝန်ကြီး၏ အဆုံးအဖြတ်ကို နာခံရမည်။ ကရင်နီတိုင်းရင်းသားများက ၎င်းတို့ နယ်ပယ်အပြင်အပသို့ ထွက်၍ ကျူးကျော်သောင်း ကျန်းတိုက်ခိုက်ခြင်းပြုခဲ့သော နယ်ခြားဝန်၏ ဆုံးဖြတ်သတ်မှတ်သော လျော်ကြေးများကို ပေးဆောင်ရမည်။

၈။ ကန္တရဝတီနယ်တွင်းသို့ဖြတ်၍ မီးရထားလမ်း ဆက်သွယ်ဖောက်လုပ်ရန် အိန္ဒိယအစိုးရက လိုလားခဲ့သော် လိုအပ်သည့် မြေကို အခမဲ့ပေးလျှက် ထိုအစိုးရအား တတ်အားသ၍ ကူညီရမည်။

၉။ ဘုရင်ခံချုပ်ကောင်စီက မျိုးယစ်ခွန်ဆောင်ရန် သတ်မှတ်ထားသော ဘိန်း၊ အရက်သေစာ စသော ပစ္စည်းဝတ္ထုများကို ကရင်နီနယ်မှ မြန်မာပြည်တွင်းသို့ ဥပဒေသတ်မှတ်ထားသော အခွန်အကောက်မပေးဆောင်ဘဲ မသွင်းရ။

၁၀။ ရာဇဝတ်ကျူးလွန်၍ ကန္တရဝတီနယ်တွင်းသို့ ခိုအောင်းနေသော ဝရမ်းပြေးများကို ဖမ်းဆီးရန်လာသော ဗြိတိသျှအရာရှိများအား ကူညီဖမ်းဆီးပေးအပ်ရမည်။

၁၁။ ဗြိတိသျှ နယ်သူနယ်သားတဦးတယောက်သည် ကန္တရဝတီနယ်အတွင်း ရာဇဝတ်ပြစ်မှုတစုံတရာကျူးလွန်ခဲ့သော် ထိုပြစ်မှုကျူးလွန်သူတို့ကို တရားဥပဒေစီရင်ခွင့်မရှိစေရ၊ အကြောင်းအားလျော်စွာ ရှမ်းပြည်နယ်ခြားဝန်ထံ လျှောက်ထားရမည်။

၁၂။ အထက်မြန်မာပြည်တိုင်းမင်းကြီး၏ အခွင့်အာဏာတစုံတရာမရှိဘဲ ကရင်နီပြည် နယ်သူနယ်သားမဟုတ်သော သူကို ကရင်နီပြည် အမှုထမ်း၊အရာထမ်းမခန့်အပ်ရ။

ဤသို့ဖြင့် အင်္ဂလိပ်တို့သည် သီးခြားလွတ်လပ်သော ကရင်နီပြည်စော်ဘွားများကို ဆာနဒ်ဥပဒေပြဋ္ဌာန်းချက်များဖြင့် ချုပ်ချယ်ပြီး ကရင်နီပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ စီးပွားရေးကို လက်ဝါးကြီးအုပ်ခဲ့သည်။ အထက်ပါ ဆာနဒ်ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာလျှင် ကရင်နီပြည်သည် ဗြိတိသျှအင်္ဂလိပ်အစိပ်အပိုင်းတခုမဟုတ်ဘဲ သီးခြားလွတ်လပ်သော ပြည်တပြည်အဖြစ် ရပ်တည်နေကြောင်း ပေါ်လွင်ပေသည်။ အင်္ဂလိပ်တို့သည် ကရင်နီပြည်အပေါ် ဤဆာနဒ်ဥပဒေများ ပြဋ္ဌာန်းသည်မှာလည်း ကရင်နီပြည်သည် မိမိတို့၏ လက်အောက်ခံကိုလိုနီနယ်အဖြစ် ပြဋ္ဌာန်းသည်မဟုတ်ပေ။ သီးခြားလွတ်လပ်သော ကရင်နီပြည်ကို ချုပ်ချယ်နိုင်ရန်အတွက် အနိုင်ကျင့်ပြီး တဖက်သတ်ပြဋ္ဌာန်းခြင်းသာဖြစ်ပေသည်။ အချုပ်အားဖြင့် ဤဆာ

နဒ်ကျင့်ဥပဒေပြဋ္ဌာန်းချက်များသည် အင်္ဂလိပ်နှင့် ကရင်နီပြည်ဆက်ဆံရေးတွင် အင်္ဂလိပ်ကို တဖက်သတ် အကျိုးပြုသော ဆက်ဆံရေး စည်းမျဉ်းစည်းကမ်းများသာဖြစ်ပေသည်။ သို့အတွက်ကြောင့် ကရင်နီပြည်သည် တရားဥပဒေအရ သီးခြားလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ပြည်တပြည်သာ ဖြစ်ပေသည်။ သို့သော် လက်တွေ့မှာ အင်္ဂလိပ်တို့၏ အနိုင်ကျင့်ပြီး တဖက်သတ်ချုပ်ချယ်မှုကို ခံနေရသည်။ ကရင်နီပြည်သည် ဤကဲ့သို့ အင်္ဂလိပ်တို့၏ တဖက်သတ်ချုပ်ချယ်စွက်ဖက်မှုကို ခံနေရသည်မှာ ထိုအချိန်တွင် ကရင်နီပြည်ကို အုပ်ချုပ်သော စောဖျာများနှင့် ခေါင်းဆောင်အကြီးအကဲများသည် အလွန်ခေတ်နောက်ကျပြီး တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးအကြောင်းများကို လုံး၀နားမလည်သောကြောင့် ဖြစ်ပေသည်။ အကယ်၍ကရင်နီစောဖျာများနှင့် အကြီးအကဲတို့သည် တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေကိုငှင်း၊ အင်္ဂလိပ်တို့၏ ဗျူဟာနှင့် နည်းပရိယာယ်ကိုငှင်း နားလည်သိရှိမည်ဆိုလျှင် အင်္ဂလိပ်တို့၏ ချုပ်ချယ်စွက်ဖက်မှုကို အသာတကြည်ရှောင်ကွင်းနိုင်မည်ဖြစ်သည်။ သို့အတွက်ကြောင့် တိုင်းပြည်တပြည်အတွက် တရားဥပဒေအရ လွတ်လပ်ရေးရရှိထားဖို့ လိုအပ်ပေသည်။ လက်တွေ့တွင် အခြားတိုင်းပြည်များ၏ ချုပ်ချယ်စွက်ဖက်မှုကို မခံရစေရန်မှာ ယင်းတိုင်းပြည်၏ ခေါင်းဆောင်နှင့် ပြည်သူလူထုကြိုးစားမှုအပေါ်တွင်သာ တည်နေပေသည်။

ဗြိတိသျှနိုင်ငံခြားရေးဋ္ဌာန၏ ခရစ်သက္ကရာဇ် ၁၈၉၂ ခုနှစ်၊အောက်တိုဘာလ ၁၉ ရက်နေ့စွဲပါ အမိန့်ထုတ်ပြန်ကျေညာချက်အမှတ် ၁၉၂၀ အီး နှင့် နိုင်ငံခြားနှင့် နိုင်ငံရေးဋ္ဌာန၏ ခရစ်သက္ကရာဇ် ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့စွဲပါ အမိန့်ထုတ်ပြန်ကျေညာချက် အမှတ် ၈၃–၁၁၆၅ အင့်တ် တို့တွင် အနောက်ကရင်နီနယ်နှင့် အရှေ့ကရင်နီနယ်တို့သည် ဗြိတိသျှအိန္ဒိယ အစိပ်အပိုင်းမဟုတ်သဖြင့် ရှမ်းပြည်ဥပဒေသည်ငှင်း၊ အထက်ဗမာပြည်ဥပဒေသည်ငှင်း၊ အောက်ဗမာပြည်ဥပဒေသည်ငှင်း၊ ကရင်နီပြည်နှင့်မည်သို့မျှ မပတ်သက်နိုင်ကြောင်း၊ ကရင်နီပြည်တွင်းတွင် ဖြစ်မှုကျူးလွန်သော ဗြိတိသျှလက်အောက်ခံနယ်သားတဦးကို ကရင်နီပြည်တွင် တရားစွဲဆိုပိုင်ခွင့်မရှိ၊ ရှမ်းပြည်အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိနှင့် ကရင်နီပြည်ရှိ လက်ထောက်အုပ်ချုပ်ရေးအရာရှိတို့သည် ယင်းအမှုကို ရန်ကုန်ဟိုက်ခုတ် (**High Court**)သို့ ပို့ပိုင်ခွင့်ရှိကြောင်း ဖေါ်ပြထားပေသည်။ ဤသည်မှာလည်း အင်္ဂလိပ်တို့သည် တရားရေးဖက်တွင် ကရင်နီပြည်၏ အခွင့်အရေးကို ပိတ်ပင်လိုက်ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် လွတ်လပ်သော ကရင်နီပြည်ကို ဤကဲ့သို့ နည်းအမျိုးမျိုးဖြင့် ချုပ်ချယ်ခြင်းကြောင့် ကရင်နီပြည်သူတို့သည် သီးမခံနိုင်တော့ဘဲ အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ရန် စီစဉ်ကြသည်။ ခရစ်သက္ကရာဇ် ၁၈၉၂ ခုနှစ်တွင် တောင်ငူမြို့ရှိ ကရင်နီလူမျိုးတို့သည် နိုင်ငံရေးအဖွဲ့တဖွဲ့ကို လျှို့ဝှက်စွာ ဖွဲ့စည်း၍ ကရင်နီပြည်တွင်းရှိ ရုပ်သေးစောဖျာများ၊ မြို့စားများတို့ကို ဖြုတ်ချ၍ အချုပ်အခြာအာဏာပိုင်ကရင်နီပြည်ကို ပြန်လည်တည်ဆောက်ရန် ကြံစည်ကြသည်။ ဤနိုင်ငံရေးအဖွဲ့သည် မင်းလောင်းခေါ် စောဖျာသူးရယ်ကို ကရင်နီပြည်တွင်းသို့ တိတ်တဆိတ်စေလွှတ်ပြီး စည်းရုံးစေသည်။ စောဖျာသူးရယ်လည်း အနောက်ကရင်နီပြည်ရှိ ကယော၊ ကယန်း၊ ပကူး၊ ကရင်နီစသော လူမျိုးစုများကို စည်းရုံးအောင်မြင်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၉၂ ခုနှစ်တွင်စောဖျာသူးရယ်သည် ရှမ်းပြည်ရှိ အင်္ဂလိပ်ခံတပ်များကို တိုက်ခိုက်ရန် လူတစ်ထောင်ဖြင့် ချီတက်လာခဲ့သည်။ သတင်းကို ကြားသိသော အင်္ဂလိပ်တို့သည် လွိုင်ကော်မြို့တွင် လာရောက်တပ်ချထားသည်။ စောဖျာသူးရယ်လည်း လွိုင်ကော်မြို့ရှိအင်္ဂလိပ်တပ်

ကို အစွမ်းကုန်တိုက်ခိုက်ပါသော်လည်း လက်နက်ချင်းမမျှသဖြင့် မိမိကိုယ်တိုင် ကျဆုံးသွားခဲ့သည်။ ကရင်နီတပ်များလည်း ဆုတ်ခွာသွားရသည်။ ဤခုခံတော်လှန်မှုသည် မကြီးကျယ်သော်လည်း ကရင်နီပြည်သူတို့သည် မိမိတို့၏ သီးခြားလွတ်လပ်ရေးနှင့် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိန်းသိမ်းသည့် အစဉ်အလာရှိခဲ့ကြောင်းပြသပေသည်။ ၎င်းပြင် ကရင်နီပြည်သူတို့သည် တိုင်းတပါးရှေ့တွင် ဒူးထောက်သည့် အစဉ်အလာမရှိကြောင်းကိုလည်း ပြသနေပေသည်။ အင်္ဂလိပ်တို့သည်လည်း နောင်တွင် ဤကဲ့သို့ နောက်ထပ်တော်လှန်မှု မဖြစ်ပွားစေရန် ကရင်နီစောဖျာများမှတဆင့် ကရင်နီပြည်သည် အင်္ဂလိပ်ပိုင်နယ်မဟုတ်ဘဲ သီးခြားလွတ်လပ်သော ပြည်တပြည်အဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ အင်္ဂလိပ်နှင့် ကရင်နီတို့မှာ မဟာမိတ်များသာဖြစ်ကြောင်း၊ အင်္ဂလိပ်တို့သည် ကရင်နီပြည်အတွက် ကောင်းရာကိုသာ ဆောင်ရွက်ပေးနေကြောင်း ကျေညာခဲ့သည်။ ဤနည်းဖြင့် နိုင်ငံရေးနားမလည်သော ကရင်နီပြည်သူလူထုကို လှည့်စားခဲ့ပေသည်။ ကရင်နီပြည်သည် ဗြိတိသျှအိန္ဒိယတွင် မပါဝင်ခဲ့ပေ။ ရှမ်းပြည်တောင်ပိုင်း အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ (Superintendent)က ကြီးကြပ်သည်ဆိုသော်လည်း ရှမ်းပြည်ဥပဒေ၊ အထက်ဗမာပြည်ဥပဒေတို့နှင့် မသက်ဆိုင်ခဲ့ပေ။ ဟိုက်ခုတ် ( High Court ) ၏ အာဏာများကို သုံးစွဲ၍ လက်ဖတင်နင် ဂါဗါနာ (Leiutenant Governor)ကသာ ကွပ်ကဲရသည်။

ခရစ်သက္ကရာဇ် ၁၉၃၆ ခုနှစ်တွင် ဗမာပြည်ကို အိန္ဒိယမှ ခွဲထုတ်ပြီးလျှင် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၉၁ ဌာနအုပ်ချုပ်ရေးစတင်ခဲ့သည်။ ကရင်နီပြည်သည် ဗြိတိသျှဗမာဘုရင်ခံ၏ ကွပ်ကဲမှုကို ခံယူသော်လည်း ၉၁ ဌာနအုပ်ချုပ်ရေးသည်၎င်း၊ ဗမာပြည်ဥပဒေသည်၎င်း၊ အထက်လွှတ်တော်၊ အောက်လွှတ်တော်သည်၎င်း ကရင်နီပြည်နှင့် မည်သို့မျှ မသက်ဆိုင်ခဲ့ပေ။ ကရင်နီပြည်သည် အင်္ဂလိပ်လက်အောက်ခံ နယ်တနယ်လည်း မဟုတ်ခဲ့ပေ။

သို့သော် ကရင်နီပြည်သည် ဗြိတိသျှဗမာပြည်ဘုရင်ခံ၏ ကွပ်ကဲမှုကို ခံယူသည့် သီးခြားလွတ်လပ်သော ပြည်ငယ်တပြည်အဖြစ် ရပ်တည်ခဲ့ပေသည်။ ဗြိတိသျှဗမာပြည်တွင် နိုင်ငံရေးလှုပ်ရှားမှု ပေါ်ပေါက်ခဲ့သည်။ သို့သော် ကရင်နီပြည်သူလူထုနှင့် မည်သို့မျှ မပါတ်သက်ခဲ့ပေ။ ဤသို့ဖြင့် ကရင်နီပြည်သည် ဗြိတိသျှဗမာပြည်နှင့် ၎င်းဗြိတိသျှဗမာပြည် နိုင်ငံရေးလှုပ်ရှားမှုနှင့် ၎င်း မဆက်သွယ်ဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်လာခဲ့သည်မှာ ခရစ်သက္ကရာဇ် ၁၉၄၈ ခုနှစ်အထိဖြစ်သည်။

# ( ၃ ) ဒုတိယကမ္ဘာစစ် ။

ဖက်ဆစ်ဂျပန်တို့သည် ၁၉၄၂ ခုနှစ်တွင် ကရင်နီပြည်ကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ကရင်နီပြည်ကို နယ်ချဲ့အင်္ဂလိပ်ကဲ့သို့ သီးခြား၍ အုပ်ချုပ်ရန် စီစဉ်ခဲ့သည်။ သို့သော် ဖက်ဆစ်ဂျပန် ဖွဲ့စည်းပေးသော ဒေါက်တာဘမော်ဦးဆောင်သည့် ဗမာပြည်ရုပ်သေးအစိုးရအဖွဲ့သည် ကရင်နီပြည်ကို ဗမာပြည်နှင့် ပူးပေါင်း၍ အုပ်ချုပ်ရန် ဖက်ဆစ်ဂျပန်ကို တောင်းဆိုကြသည်။ သို့အတွက်ကြောင့် ၁၉၄၄ ခုနှစ်တွင် ကရင်နီပြည်ကို ရှမ်းပြည်နှင့် တတန်းစားတည်းထား၍ အုပ်ချုပ်သွားရန် သဘောတူကြပြီး ဂျာပန်တပ်မတော်ကြီး၏ သေနာပတိနှင့် ဗမာပြည်

ရပ်သေးအစိုးရတို့သည် ရှမ်း၊ ကရင်နီနယ်များနှင့် ဆက်ဆံရေးစည်းမျဉ်းများနှင့်ဆိုင်သော ပဋိဉာဉ်ကို အောက်ပါအတိုင်း သဘောတူချုပ်ဆိုကြသည်။

**ရှမ်း၊ ကရင်နီနယ်များနှင့် ဆက်ဆံရေးစည်းမျဉ်းများနှင့် ဆိုင်သော မှတ်စာလွှာ ။**

ဗမာနိုင်ငံတော်၌ တပ်ချလျှက်ရှိသော ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိနှင့် ဗမာနိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ဗမာနိုင်ငံတော်နှင့် ရှမ်းနယ်၊ ကရင်နီနယ်များကို တဦးနှင့်တဦး ယခုအခါ တည်ရှိဆဲ ရင်းနှီးစွာ ဆက်ဆံမှု မပျက်ပြားစေခြင်းငှာ ထိုဆက်ဆံမှုနှင့် ပတ်သက်၍ အောက်ပါအချက်များကို သဘောတူညီကြသည်။

၁။ တဦး၏နယ်မှ တဦး၏အတွင်းသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ခွင့်ကို အသိအမှတ်ပြုရမည်။

၂။ ထိုနယ်များတွင် ကုန်ပစ္စည်းများကို တနယ်မှ တနယ်သို့ လွတ်လပ်စွာ ဆောင်ယူခြင်းကို ခွင့်ပြုရမည်။ ထို့ပြင် ထိုနယ်များက မိမိတို့၏ နိုင်ငံတွင်ဆိုင်ရာ အခွန်တော်စနစ်ကို ကာကွယ်ရန်မှတပါး ယင်းကဲ့သို့ ဆောင်ယူသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်တော်ကောက်ခံခြင်း မရှိစေရ။

၃။ တနိုင်ငံနှင့် တနိုင်ငံဘဏ္ဍာတော်ရေးအတွက် စေ့စပ်ရှင်းလင်းရန်ရှိသော ကိစ္စနှင့်စပ်လျဉ်း၍ လက်ငင်းပေါ်ထွက်လာသော အချက်များနှင့် ပတ်သက်၍ ယေဘူယျအားဖြင့် ရှေးကလုပ်ထုံးလုပ်နည်းအတိုင်း သီးခြားသဘောတူပဋိဉာဉ်များပြုလုပ်ရမည်။

၄။ ရှမ်းနယ်၊ ကရင်နီနယ်များတွင် ဗမာနိုင်ငံတော်၌ အသုံးပြုလျှက်ရှိသော ငွေနှင့် ငွေစက္ကူများကိုပင် အသုံးပြုရမည်။

ဤမှတ်စာလွှာသည် လက်မှတ်ရေးထိုးသောနေ့၌ စတင်အတည်ဖြစ်ရမည်။ အောက်တွင် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်များသည် သဘောတူကြောင်း ထင်ရှားစေရန် ဤမှတ်စာလွှာ၌ လက်မှတ်ရေးထိုး၍ မိမိတို့၏ တံဆိပ်တော်များကို ခပ်နှိပ်ကြသည်။ ရှိုဝါသက္ကရာဇ် တဆယ့်ရှစ်နှစ်မြောက်အဋ္ဌမလ၊ ဤပထမနေ့၊ ဗမာသက္ကရာဇ် ၁၃၀၅ ခု၊ ဝါခေါင်းလဆန်း ၁ ရက်နေ့တွင် ရန်ကုန်နေပြည်တော်၌ ဂျပန်၊ ဗမာဘာသာနှစ်မျိုးနှင့် မိတ္တူစာလွှာနှစ်ခုဖြင့် ဤပဋိဉာဉ်ကို ချုပ်ဆိုကြသည်။

( ပုံ ) ရှိုဇိုကဝါဘီ
ဗမာနိုင်ငံတော်ဂျပန်တပ်မတော်ကြီး၏စစ်သေနာပတိ
( ပုံ ) ဘမော်
ဗမာနိုင်ငံတော်ဝန်ကြီးချုပ်

ထို့နောက် ဗမာပြည်ရပ်သေးအစိုးရဝန်ကြီးချုပ် ဒေါက်တာဘမော်သည် ဗမာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ နတ်တော်လတွင် ကရင်နီနယ်များကို စီရင်အုပ်ချုပ်မှုတွင် ကမ္ဘောဇတိုင်းနှင့် ထပ်တူထပ်မျှ ဖြစ်လာစေခြင်းအလို့ငှာ ပြဋ္ဌာန်းချက်များပြုလုပ်ရန် ဥပဒေများကို ထုတ်ပြန်လေ

တော့သည်။

ဤနေရာတွင် ဒေါက်တာဘမောခေါင်းဆောင်သည့် ဗမာပြည်ရုပ်သေးအစိုးရသည် ဖက်ဆစ်ဂျပန်၏ စစ်ဖိနပ်အောက်တွင် နင်းပြားဘဝရောက်ရှိနေသော်လည်း ကရင်နီပြည်ကို ကျူးကျော်သိမ်းပိုက်ရန် ဆန္ဒရှိနေပြီးဖြစ်ကြောင်း ထင်ရှားလျက် ရှိနေပေသည်။ သို့ရာတွင် ကရင်နီပြည်သူလူထုတို့သည် မဟာမိတ်တပ်အမှတ် ၁၃၆ နှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ယင်းမဟာမိတ်တပ်အမှတ် ၁၃၆ ၏ အကူအညီဖြင့် စောရွှေ၊ သိုင်းဘဟန်၊ စောဝဏ္ဏ စသော ကရင်နီပြည်ခေါင်းဆောင်များတို့သည် တပ်သား နှစ်ထောင် ကျော်ပါဝင်သော ပျောက်ကြားတပ်ကို ဖွဲ့စည်းပြီး ကရင်နီပြည်တွင်းမှ ဖက်ဆစ်ဂျပန်တပ်သားများကို တိုက်ထုတ်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အင်္ဂလိပ်တို့သည် ဗမာပြည်သို့ ပြန်လည်ပြီး အုပ်ချုပ်ခဲ့သည်။ ကရင်နီပြည်လည်း ယခင်ကကဲ့သို့ပင် ဗြိတိသျှဗမာပြည်ဘုရင်ခံ၏ ကွပ်ကဲမှုကို ခံယူသည့် သီးခြားလွတ်လပ်သော ပြည်ငယ်တပြည်အဖြစ် ဆက်လက်ရပ်တည်ခဲ့ပေသည်။

# အခန်း ( ၃ )

## (၁) ဒုတိယကမ္ဘာစစ်အပြီး ကရင်နီပြည်တွင်းရေး။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကရင်နီပြည်သည် ပြာပုံအတိဖြစ်နေပေသည်။ စောဖျာများနှင့် မိမိတို့ လက်အောက်အကြီးအကဲတို့သည် မိမိတို့နယ် ပြန်လည်ထူထောင်ရေးနှင့် အုပ်ချုပ်ရေးပြန်လည်ချမှတ်နိုင်ရေးအတွက် အလုပ်ရှုပ်နေကြသည်။ ခရစ်သက္ကရာဇ် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကရင်နီပြည်အုပ်ချုပ်ရေးကို ကြီးကြပ်ရန်အတွက် အင်္ဂလိပ်တို့က မေဂျာကရေဟန်နှင့် စောဂီးလ်ဘတ်ကရာဗူးတို့ကို စေလွှတ်လာခဲ့သည်။

ထိုအချိန်တွင် ကရင်နီပြည်၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာသည် စောဖျာများ၏ လက်ထဲတွင်သာရှိသည်။ ထိုစောဖျာများသည် မိမိတို့နယ်အတွင်းတွင် လွတ်လပ်စွာ အုပ်ချုပ်ကြသည့်အပြင် ကရင်နီပြည်တပြည်လုံးနှင့် ပတ်သက်သော ကိစ္စများတွင် အစည်းအဝေးပြုလုပ်ပြီး စုပေါင်းဆောင်ရွက်လေ့ရှိကြသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းတွင် ကရင်နီပြည်သူပြည်သားတို့သည် ရှမ်း၊ ဗမာ၊ ကရင်၊ အင်္ဂလိပ် စသော လူမျိုးခြားများနှင့် ပူးပေါင်းပြီး ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ခဲ့သောကြောင့် နိုင်ငံရေး နိုးကြားလာခဲ့ပေသည်။ ထို့ကြောင့် ကမ္ဘာစစ်အပြီးတွင် ကရင်နီပြည်သူလူထုအထဲမှ နိုင်ငံရေးသမားအတော်များများ ပေါ်လာခဲ့ပေသည်။ ထိုနိုင်ငံရေးသမားများတွင်လည်း အချို့မှာ မျိုးချစ်များ၊ ပြည်ချစ်များဖြစ်ပြီး တချို့မှာ ကိုယ်ကျိုးရှာအချောင်သမားများသာ ဖြစ်ကြသည်။ စောဖျာများသည် ကရင်နီတပြည်လုံးနှင့်ပတ်သက်သော ကိစ္စများအတွက် အစည်းအဝေးပြုလုပ်ကြသောအခါတွင် မိမိတို့အပြင် မြို့စားများ၊ နယ်ရှင်များနှင့် နိုင်ငံရေးသမားများကိုပါ ဖိတ်ကြားလေ့ရှိခဲ့သည်။ နိုင်ငံရေးသမားများသည်လည်း မိမိတို့သည် လူထုကိုယ်စားလှယ်အဖြစ်

အစည်းအဝေးတက်သည်ဟု ဂုဏ်ယူလေ့ရှိပေသည်။ ကရင်နီတပြည်လုံးအရေးကိစ္စနှင့် ပတ်သက်၍ အစည်းအဝေးတက်ခွင့် ရရှိသောသူများကို ပြည်သူလူထုက ကရင်နီပြည်ခေါင်းဆောင်များဟု ခေါ်ဆိုလေ့ရှိကြသည်။ ထိုအချိန်တွင် ကရင်နီပြည်သည် ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်သေး သည်ဖြစ်သဖြင့် တကယ်တရားဝင်အာဏာပိုင်ခေါင်းဆောင်များမှာ ကြယ်ဖိုးကြီးနယ်မှ စောဖျာ စောရွေ၊ ကန္တရဝတီနယ်မှ ကွယ်လွန်သူစောဖျာခွန်လီး၏သား စောဖျာစောလဝီနှင့် စောဖီန၊ တောင်ဘောလခဲနယ်မှ စောဖျာခွန်ဖျာနှင့် မိမိ၏သားစောငယ်ဒူး၊ မြောက်ဘောလခဲနယ်မှ မြို့စား ဦးဘီတူရယ်နှင့် မိုးဗြဲနယ်ရှင်သိုင်းဘဟန်တို့ဖြစ်ကြသည်။ ကျန်ပုဂ္ဂိုလ်များမှာ ရိုးရိုးနိုင်ငံ ရေးသမားများသာဖြစ်ကြသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပထမအကြိမ် ရှမ်းပြည်ပင်လုံအစည်းအဝေးသို့ တက်ရောက်ရန် ရှမ်းစောဘွားများ ကရင်နီစောဖျာများကို ဖိတ်ကြားခဲ့သည်။ သို့သော် ကရင်နီပြည်သည် သီးခြားလွတ်လပ်သောပြည်တပြည်ဖြစ်သဖြင့် အင်္ဂလိပ်လက်အောက်ခံရှမ်းပြည်မှ ပြုလုပ်သော အစည်းအဝေးကို တက်ရောက်ရန်မသင့်ကြောင်း ဆုံးဖြတ်ကြပြီး အစည်းအဝေးသို့ မတက်ရောက်ခဲ့ပေ။

၄၆ခုနှစ်၊ ဖေဖေဖော်ဝါရီလအတွင်းတွင် တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ဆင်သည် ကရင်နီပြည်၊ လွိုင်ကော်မြို့သို့ ဆိုက်ရောက်လာခဲ့သည်။ ကရင်နီပြည်မှ အာဏာပိုင်ခေါင်းဆောင်များဖြစ်ကြသော မြောက်ဘောလခဲနယ်မှ ဦးဘီတူရယ်၊ ကြယ်ဖိုကြီးနယ်မှ စောရွေ၊ မိုးဗြဲနယ်မှ သိုင်းဘဟန်နှင့် ကန္တရဝတီမှ စောဖျာကိုယ်စားလှယ်အဖြစ်ဖြင့် စောရွေဟုန်နှင့် စောသိန်းတို့က သွားရောက်တွေ့ဆုံကြသည်။ ကရင်နီခေါင်းဆောင်များသည်–

(၁) ကရင်နီပြည်စစ်လျော်ကြေးရရှိရန်အတွက် အင်္ဂလိပ်က ဆောင်ရွက်ပေးရန်၊

(၂) ကရင်နီပြည်တွင် စစ်တပ်ဖွဲ့ခွင့်ပြုရန်၊ စစ်တပ်ဖွဲ့ရာတွင် ကုန်ကျစရိတ်ကို အင်္ဂလိပ်က ကူညီရန်၊

(၃) ကရင်နီပြည်တွင် တူးမြောင်းဖောက်လုပ်ရန်အတွက် အင်္ဂလိပ်က အကူအညီပေးရန်၊

(၄) ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ကယ်ဆယ်ရေးပို့အတွက် အင်္ဂလိပ်က အကူအညီပေးရန်၊

စသည်တို့ကို တောင်းဆိုကြသည်။ သို့သော်အခွင့်အရေးနှင့် အကူအညီကို မရခဲ့ပေ။ မစ္စတာစတီဗင်ဆင်သည် မိမိကရင်နီပြည်သို့ လာသည်မှာ ကရင်နီပြည်တွင်းရေးကို ကူညီရန်လာသည်မဟုတ်၊ ဗမာပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးတော့မည်ဖြစ်သဖြင့် ကရင်၊ ရှမ်း၊ ချင်း၊ ကချင်နယ်များကို စုပေါင်းပြီး ဖရန့်တီးယာဧရိယာခေါ် **(Frontier Area)** တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့ တည်ထောင်မည်ဖြစ်သည်။ ယင်းအဖွဲ့ထဲသို့ ကရင်နီပြည်ပါဝင်ရန် လာရောက်ဆွေးနွေးခြင်းဖြစ်ဟုပြောဆိုခဲ့သည်။ ကရင်နီပြည်ခေါင်းဆောင်များလည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်သဖြင့် ယခုကဲ့သို့ တောင်တန်းဒေသများနှင့် ပူးပေါင်းပါဝင်ရေးမှာ မိမိတို့နှင့် မပြီးနိုင်ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒကို ရယူပြီးမှ ဖြေကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။

၄၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တောင်တန်းဒေသနှင့် ပူးပေါင်းသင့်မသင့်ကိစ္စ

နှင့်၎င်း၊ သမဝါယမထူထောင်ရေးကိစ္စနှင့်၎င်း မြောက်ဘောလခဲမြို့စားဦးဘီတူရယ်နေအိမ်တွင် အစည်းအဝေးပြုလုပ်ကြသည်။ ၎င်းအစည်းအဝေးတွင်အာဏာပိုင်စော်ဖျာများ၊ နယ်ရှင်များ၊ မြို့စားများနှင့် လူထုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။ တောင်တန်းဒေသနှင့် ပူးပေါင်းရေးကိစ္စတွင် ကရင်နီပြည်သည် သီးခြားလွတ်လပ်နေပြီဖြစ်ကြောင်း၊ အကယ်၍ တောင်တန်းဒေသနှင့် ပူးပေါင်းမည်ဆိုလျှင် ကရင်နီပြည်၏ လွတ်လပ်ရေးအလိုအလျောက်ဆုံးရှုံးမည်ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် တောင်တန်းဒေသနှင့် မပူးပေါင်းရန် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ သမဝါယမထူထောင်ရေးနှင့် ပတ်သက်၍ ကရင်နီပြည်ပြန်လည်ထူထောင်ရန်အတွက် အင်္ဂလိပ်တို့ထံ အကူအညီတောင်းသော်လည်း မရခဲ့ကြောင်း၊ သို့အတွက်ကြောင့် ကိုယ့်ဒူးကိုယ်ချွန်အနေဖြင့် ပြည်သူပြည်သားတို့၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်သောနည်းမှာ သမဝါယမအသင်းဖွဲ့စည်းတည်ထောင်ရန် အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ ထိုသမဝါယမအသင်းအား ထူထောင်ရန် လူထုကိုယ်စားလှယ်ဦးစိန်အား တာဝန်ပေးအပ်ခဲ့သည်။

၁၉၄၆ ခုနှစ်၊ မတ်လတွင် ဗမာပြည်မှ ဖဆပလအဖွဲ့ချုပ် လူကြီးမင်းဖြစ်သော သခင်နု၊ ဦးစောခင်နှင့် မန်းဘခိုင်တို့သည် ကရင်နီပြည်၊ လွိုင်ကော်မြို့သို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည် လွိုင်ကော်မြို့သမဝါယမအသင်းရုံကြီးတွင် ကရင်နီပြည်ခေါင်းဆောင်များ၊နိုင်ငံရေးသမားများနှင့် ရပ်ကွက်လူကြီးများကို ဖိတ်ခေါ်ပြီး ဗမာပြည်နှင့်ပူးပေါင်းရန် မဲဆွယ်တရားဟောပြောခဲ့သည်။ သူတို့ ၃ ဦးသည် ကရင်နီပြည်ကို ဗမာပြည်နှင့် ပူးပေါင်းရန် ပထမဦးဆုံးလာရောက်မဲဆွယ်သော ဖဆပလအဖွဲ့ဝင်များဖြစ်ကြသည်။ ကရင်နီခေါင်းဆောင်များတို့သည်လည်း မိမိတို့ပြည်တွင်းရေး ပြန်လည်ထူထောင်ရေးတွင်သာ အလုပ်များနေသဖြင့် ၎င်းတို့ကို စိတ်မဝင်စားခဲ့ပေ။

၎င်းခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် တောင်တန်းဒေသအဖွဲ့တို့တွင် ပါဝင်ရေးကိစ္စနှင့်ပတ်သက်၍ တောင်တန်းဒေသစော်ဘွားများ၊ ဒူးဝါးများ စသည့်ခေါင်းဆောင်များတို့နှင့် ဆွေးနွေးရန် တောင်ကြီးအရေးပိုင်မစ္စတာလိချ်က ဖိတ်ခေါ်ခဲ့သည်။

ထိုအခါတွင် ကရင်နီပြည်ကိုယ်စားလှယ်အဖြစ် ကန္တရဝတီမှ အာဏာပိုင် စော်ဖျာစောလဝီနှင့် စောဖီနု၊ လူထုကိုယ်စားလှယ် စောသိန်းနှင့် ဦးဘသောင်း၊ ကြယ်ဖိုးကြီးနယ်မှ အာဏာပိုင်စောရွှေနှင့် လူထုကိုယ်စားလှယ် အေမြလေး၊ ဘောလခဲနယ်မှ အာဏာပိုင်စပ်ငယ်ဒူးနှင့်လူထုကိုယ်စားလှယ် ဦးလွီးဖီ၊ မိုးဗြဲနယ်မှ အာဏာပိုင် သိုင်းဘဟန်တို့က သွားရောက်ခဲ့ကြသည်။ ဧပြီလ ၁၇ ရက်နေ့တွင် တောင်ကြီးမြို့၌ အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ညောင်ရွှေစော်ဘွားစပ်ရွှေသိုက်က ဆောင်ရွက်ပြီး အခန်းအနားမှူးအဖြစ် မိုင်းပွန်စော်ဘွား စပ်စံထွန်းက ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတိုင်ပင်ရန်ကိစ္စမှာ တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့သို့ ပါဝင်ရန်ဖြစ်သည်။ ကရင်နီ ကိုယ်စားလှယ်များတို့သည်လည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်ကြောင်း၊ တောင်တန်းဒေသနှင့် လောလောဆယ်ပူးပေါင်းပါက ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကွယ်ပျောက်သွားမည်ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် တောင်တန်းဒေသအဖွဲ့ထဲမပါဝင်နိုင်ကြောင်း ပြောကြားပြီး ပြန်လာခဲ့သည်။

ကရင်နီပြည်စော်ဖျာများသည် ကရင်နီပြည်တွင်းရေး၊ ပြည်ပရေးတို့မှာ တနေ့တခြားအရေးကြီးလာပြီဖြစ်ကြောင်းကို သိရှိလာကြသည်။ ဤပြည်တွင်းရေး ပြည်ပရေးတို့ကို ကရင်နီ

ပြည်တွင်းရှိ နယ်အားလုံးက စနစ်တကျစုပေါင်းဆောင်ရွက်ဖြေရှင်းမှ အောင်မြင်မည်ကိုလည်း ကောင်းစွာ သဘောပေါက်လာကြသည်။ သို့အတွက်ကြောင့် စောဖျာများတို့သည် ၁၉၄၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် လွိုင်ကော်မြို့၊ ကန္တရဝတီရုံး၌ အထူးအစည်းအဝေးတရပ်ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ကန္တရဝတီနယ်၊ ကြယ်ဖိုးကြီးနယ်၊ မြောက်နှင့်တောင်ဘောလခဲနယ်နှင့် မိုးဗြဲနယ်တို့မှ စောဖျာများ၊နယ်ရှင်များ၊ မြို့စားများ၊ ပြည်သူလူထုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြ၏။ ထိုအစည်းအဝေးတွင် ကရင်နီပြည်တပြည်လုံးအရေးအတွက် ကောင်စီတရပ် သို့မဟုတ် လွှတ်တော်တရပ်ဖွဲ့စည်းရန် ဆွေးနွေးကြသည်။ အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်၏ အများဆန္ဒအရ ကရင်နီ၊ပဒေါင်ကောင်စီတရပ်ကို ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်လိုက်ကြသည်။ ကောင်စီအဖွဲ့ဝင်လူကြီးများမှာ နယ်တနယ်တွင် စောဖျာ၏ လက်ထောက်တဦးနှင့် လူထုကိုယ်စားလှယ် ၃ ဦးပေါင်း ၄ ဦးစီပါဝင်ရန်ဖြစ်သည်။ ကရင်နီပြည်သည် မိုးဗြဲနယ်အပါအဝင် နယ် ၄ နယ်ရှိသဖြင့် ကောင်စီအဖွဲ့ဝင်အားလုံးမှာ ၁၆ ဦးရှိမည်ဖြစ်ပေသည်။ ဤကောင်စီလုပ်ငန်းများမှာ အာဏာပိုင်စောဖျာများကို အကြံဉာဏ်ပေးရန်နှင့် ကရင်နီပြည်အတွက် လိုအပ်သော ဥပဒေများကို ရေးဆွဲ၍ အာဏာပိုင်စောဖျာများအစည်းအဝေးသို့ တင်ပြအတည်ပြုရန်ဖြစ်သည်။

# ( ၂ ) ကရင်နီပြည်နှင့် ဗြိတိသျှဗမာပြည်ဆက်ဆံရေး။

ကရင်နီပြည်သည် ဒုတိယကမ္ဘာစစ်ကြောင့် ညက်ညက်ကြေပျက်စီးခဲ့သည်။ ပြန်လည်ထူထောင်ရေးတွင်လည်း ငွေကြေးမလုံလောက်သဖြင့် မထိရောက်ဘဲရှိနေခဲ့သည်။ အင်္ဂလိပ်ထံအကူအညီတောင်းသော်လည်း မရရှိခဲ့ပေ။ သို့အတွက်ကြောင့် ကရင်နီပြည်သူများမှာ ဒုက္ခဆင်းရဲခြင်းနှင့် ရင်ဆိုင်နေရပေသည်။ ၎င်းပြင် ဗြိတိသျှဗမာပြည်တွင်း၌လည်း ဖဆပလအဖွဲ့ချုပ်ဦးဆောင်၍ လွတ်လပ်ရေးတောင်းဆိုမှုကြောင့် နိုင်ငံရေးလှုပ်ရှားမှုပြင်းထန်နေပေသည်။ ကရင်နီပြည်ကို အင်္ဂလိပ်တို့က တောင်တန်းဒေသ အုပ်ချုပ်ရေးအဖွဲ့ထဲပါဝင်ရန် တိုက်တွန်းခဲ့သလို ဖဆပလအဖွဲ့ချုပ်လည်း နောင်တွင်လွတ်လပ်ရရှိမည့် မိမိတို့ဗမာပြည်နှင့် ပူးပေါင်းရန် မဆွယ်လျှက်ရှိနေပေသည်။ ဤကဲ့သို့ အင်္ဂလိပ်နှင့် ဗမာပြည်အပြိုင်အဆိုင် မဲဆွယ်မှုကြောင့် ကရင်နီပြည် စောဖျာများနှင့် လူထုကိုယ်စားလှယ်များသည် ယခင်ကဲ့သို့ ပြည်ပနှင့် မဆက်သွယ်ဘဲနေ၍ မရ တော့ကြောင်းကို ကောင်းစွာ နားလည်လာကြသည်။ ထို့ကြောင့် ကန္တရဝတီနယ်မှ အာဏာပိုင် စောဖျာစပ်လဝီ၊ စပ်ဖီနှ၊ လူထုကိုယ်စားလှယ်ဦးစိန်၊ ဦးဘသောင်း၊ စောသိန်း၊ ကိုငြိမ်း၊ ကြယ် ဖိုးကြီးနယ်မှ အာဏာပိုင်ဇောရွှေ၊ လူထုကိုယ်စားလှယ် အေမြလေး၊ မောင်ဖိုး၊ ဘောလခဲနယ်မှ အာဏာပိုင်ဦးဘီတူရယ်၊ လူထုကိုယ်စားလှယ် ဦးလွိုးဖီနှင့် မိုးဗြဲနယ်မှ အာဏာပိုင်သိုင်းဘဟန်၊ လူထုကိုယ်စားလှယ် စောဘီခါဝါးတို့သည် လေ့လာရေးအဖွဲ့တဖွဲ့ ဖွဲ့ပြီး ၁၉၄၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ဗြိတသျှဗမာပြည်သို့ ဆင်းသွားခဲ့သည်။ ဤကိုယ်စားလှယ်အဖွဲ့၏ ရည်ရွယ် ချက်မှာ–

၁။ တောင်ငူမြို့တွင် စောဂျုန်ဆင်ဒီဖိုးမင်း၏ ကရင်အစည်းအဝေးသို့ တက်ရောက် လေ့လာရန်၊

၂။ ဘုရင်ခံနှင့် သွားရောက်တွေ့ဆုံပြီး အကူအညီတောင်းခံရန်၊

၃။ ဗြိတိသျှဗမာပြည်နိုင်ငံရေးအခြေအနေကို လေ့လာရန်စသည်တို့ဖြစ်သည်။ ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၆ ရက်နေ့တွင် တောင်ငူမြို့၊ စောပွန်ဒီဖိုးမင်း၏ ကရင်းအစည်းအဝေးသို့ တက်ရောက်လေ့လာခဲ့သည်။ ထို့နောက် ရန်ကုန်သို့ ဆက်လက် ထွက်ခွာသွားကြသည်။ ရန်ကုန်မြို့သို့ ရောက်သောအခါတွင် စောဘဦးကြီး၏ နေအိမ်တွင် တည်းခိုကြသည်။ ကရင်နီပြည်ကိုယ်စားလှယ်ဦးစိန်မှတဆင့် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့နှင့် မိတ်ဆက်သိကျွမ်းခဲ့ပြီး နောင်လွတ်လပ်သည့် မိမိတို့ဗမာပြည်နှင့် ပူးပေါင်းရန် တရားဟောသွေးဆောင်ခဲ့သည်။ ဤသည်မှာ ဗမာပြည်နိုင်ငံရေးသမားများ၏ နောင်လွတ်လပ်မည့် သူတို့၏ ဗမပြည်နှင့် ပူးပေါင်းရန် ကရင်နီကိုယ်စားလှယ်တို့ကို ဒုတိယအကြိမ်သွေးဆောင်ဝါဒဖြန့်ခြင်းဖြစ်သည်။ ဧပြီလ ၃၀ ရက်နေ့တွင် ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဗမာပြည်နိုင်ငံရေးခေါင်းဆောင်များသည် အမှတ်တရအနေဖြင့် ဓါတ်ပုံတွဲရိုက်ကြသည်။ ဤကြောင်းကို တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ဆင်က ကြားသိသောအခါ ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်စောရွှေ၊ ဦးဘီ၊ စောသိန်းတို့ကို မိမိနှင့် လာရောက်တွေ့ဆုံရန် ဘိတ်ကြားခဲ့သည်။ စောရွှေ၊ ဦးဘီ၊ စောသိန်းတို့လည်း အတွင်းဝန်ရုံးသို့သွား၍ မစ္စတာစတီဗင်ဆင်နှင့် တွေ့ဆုံခဲ့သည်။ ဤကဲ့သို့ တွေ့ဆုံရာတွင် မစ္စတာစတီဗင်ဆင်က အင်္ဂလိပ်အစိုးရကို ကြိုတင်အသိမပေးဘဲ ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်သို့လာရန် မသင့်ကြောင်း၊ အကယ်၍ လာလိုလျှင် ကြိုတင်အကြောင်းကြားသင့်ကြောင်း၊ ကြိုတင်အကြောင်းကြားပါက ယခုကရင်နီပြည် ကိုယ်စားလှယ်အဖွဲ့ကို ဗမာများဧည့်ခံပြုစုသကဲ့သို့ အင်္ဂလိပ်အစိုးရအနေဖြင့်လည်း ဧည့်ခံပြုစုမည် ဖြစ်ကြောင်း၊ သို့သော် ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့မှာ ဗမာများပြုစုပြီးဖြစ်သဖြင့် အင်္ဂလိပ်အနေဖြင့် ပြုစုရန် မလိုတော့ကြောင်း ပြောကြားလိုက်သည်။ ကရင်နီပြည် ကိုယ်စားလှယ်အဖွဲ့သည်လည်း တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ဆင်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို နိုင်မိသဖြင့် ဘုရင်ခံကို သွားရောက်မတွေ့ဆုံတော့ဘဲ ကရင်နီပြည်သို့ ပြန်လာခဲ့ပေသည်။ ဤသည်မှာ ကရင်နီပြည် ကိုယ်စားလှယ်အဖွဲ့သည် အလွန်ရိုးသားသဖြင့် ဗမာနိုင်ငံရေးသမားများ၏ အကြောင်းကို မသိရှိသောကြောင့် ဗမာနိုင်ငံရေးသမားတစု၏ လှည့်စားမှုကို ခံလိုက်ရခြင်းဖြစ်ပေသည်။ ဤလှည့်စားမှုကြောင့် ကရင်နီပြည်ကိုယ်စားလှယ်များအပေါ် အင်္ဂလိပ်အစိုးရက အမြင်လွဲခဲ့ပေသည်။

ကရင်နီပြည် ကိုယ်စားလှယ်များသည် ဗမာပြည်နှင့် ပူးပေါင်းရန် ဗမာနိုင်ငံရေးသမားတတွေက မည်သို့ပင် သွေးဆောင်စည်းရုံးသော်လည်း ဗမာပြည်နှင့် ပူးပေါင်းရေးကိုမူ စကားတခွန်း မဖွင့်ဟခဲ့ပေ။ ဗမာနိုင်ငံရေးသမားများ၏ ညစ်ပတ်မှုကို ကောင်းစွာ သိရှိလာခဲ့ပေသည်။ သို့သော် ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့ဝင်ဦးစိန်သည် ဗမာနိုင်ငံရေးသမားတစု၏ သွေးဆောင်ဝါဒဖြန့်မှုကို ယုံကြည်ခဲ့သဖြင့် ကရင်နီပြည်သို့ ရောက်သောအခါ ကရင်နီပြည်ခေါင်းဆောင်များတို့အကြား သွေးခွဲခြေထိုးပေးခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့များသည် ကရင်နီပြည်သို့ ပြန်ရောက်ပြီးသည့်နောက် အင်္ဂလိပ်နယ်ခြားဝန်ထောက်သည် ၁၉၄၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့စွဲပါ စာအမှတ် ၁၁၁၆ စာတစောင်ကို ကရင်နီစော်ဘွားများထံသို့ ပေးပို့လာခဲ့သည်။ ၎င်းစာအရ ကရင်နီပြည်ခေါင်းဆောင်များသည် အင်္ဂလိပ်အစိုးရ၏ သဘောတူညီချက်ရရှိမှသာ ကရင်နီပြည်

ပသို့ ထွက်ခွာသွားခွင့်ရှိသည်ဟု ပါရှိခဲ့သည်။ ဤသို့ဖြင့် ဗမာနိုင်ငံရေးသမားတစု၏ လှည့်စားမှုကြောင့် ကရင်နီပြည်သူပြည်သားများ အချုပ်အချယ်ခံရခြင်းဖြစ်ပေသည်။ ၁၉၄၇ ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်နီပြည်သို့လာ၍ နိုင်ငံရေးတရားဟောခဲ့သည်။ ဤသည်မှာ ဗမာများက ၎င်းတို့၏ ဗမာပြည်နှင့် ပူးပေါင်းရန် တတိယအကြိမ်သွေးဆောင်ခြင်းသာ ဖြစ်ပေသည်။ တဆက်တည်းတွင်ပင် တောင်တန်းဒေသမင်းကြီးမစ္စတာစတီဗင်ဆင်၊ စောဘဦးကြီး၊ ဦးဖေခင်၊ ညောင်ရွှေစော်ဘွား၊ မိုင်းပွန်စော်ဘွားတို့သည် ကရင်နီပြည်သို့ ရောက်လာပြီး တောင်တန်းဒေသနှင့် ပူးပေါင်းရန် တိုက်တွန်းကြပြန်သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်၊ ပင်လုံမြို့၌ကျင်းပမည့် ပင်လုံညီလာခံအစည်းအဝေးသို့ ကရင်နီပြည်ကိုယ်စားလှယ်များ တက်ရောက်ပါရန် ရှမ်းပြည်စော်ဘွားများက ဖိတ်ကြားခဲ့သည်။ ကရင်နီပြည်ခေါင်းဆောင်စောဖျာများသည်လည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်သဖြင့် ဗြိတိသျှလက်အောက်ခံနယ်များမှ ပြုလုပ်သော အစည်းအဝေးများကို မတက်ရောက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတိုင်း ပင်လုံညီလာခံအစည်းအဝေးသို့ ကရင်နီပြည်ကိုယ်စားလှယ်များ လုံးဝမစေလွှတ်ခဲ့ပေ။ ၎င်းပြင် ပင်လုံညီလာခံတက်ရောက်ပါရန် ဖိတ်ကြားခဲ့သော ရှမ်းပြည်စော်ဘွားများထံသို့လည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်သဖြင့် ဗြိတိသျှလက်အောက်ခံနယ်များမှ ပြုလုပ်သော ညီလာခံကို တက်ရောက်ခွင့်မရှိကြောင်း၊ ပင်လုံညီလာခံမှ ထွက်ပေါ်လာသည့် သဘောတူညီချက်၊ စာချုပ်စာတမ်းများသည်လည်း ကရင်နီပြည်နှင့် မည်ကဲ့သို့မျှ ပတ်သက်လိမ့်မည်မဟုတ်ကြောင်း၊ ဗမာပြည်နှင့်သော်၎င်း၊ တောင်တန်းဒေသနှင့်သော်၎င်း ပူးပေါင်းရန် ကရင်နီပြည်အနေဖြင့် ယခုထက်ထိ မဆုံးဖြတ်ရသေးကြောင်း၊ သို့အတွက်ကြောင့် ပင်လုံညီလာခံကို မတက်ရောက်နိုင်ကြောင်း စသည့်အချက်အလက်ပါသော ပြန်စာတစောင်ကိုလည်း ပေးပို့ခဲ့ပေသည်။

ပင်လုံညီလာခံတွင် ဗမာပြည်နှင့် တောင်တန်းဒေသဖြစ်သော ရှမ်း၊ ချင်း၊ ကချင်တို့ ပူးပေါင်းပြီး ပြည်ထောင်စုဖွဲ့စည်းရန် ဆွေးနွေးကြသည်။ ဤညီလာခံတွင် ဗမာခေါင်းဆောင်များ၏ မတရားသွေးဆောင်မှုကြောင့် တောင်တန်းဒေသခေါင်းဆောင်များသည် ဗမာပြည်နှင့် ပူးပေါင်းရန် စာချုပ်ချုပ်ဆိုခဲ့ကြပေသည်။ ဤစာချုပ်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပေါ်လာရပေသည်။ ဤစာချုပ်သည် ကရင်နီပြည်နှင့် မည်သို့မျှ မပါတ်သက်ခဲ့ပေ။ သို့သော် ဗမာခေါင်းဆောင်များသည် ကမ္ဘာနှင့် နောင်လာနောက်သားများ အမြင်ကောင်းအောင် စာချုပ်တွင် ကရင်နီပါဝင်သယောင်ယောင်နှင့် နည်းမျိုးစုံဖြင့် လိမ်ညာဝါဒဖြန့်ခဲ့ပေသည်။ တောင်တန်းဒေသခေါင်းဆောင်များသည် ယခုကဲ့သို့ ဗမာပြည်နှင့် ပူးပေါင်းရန် သဘောတူလိုက်ခြင်းမှာ မိမိတို့ တင်ပြတောင်းဆိုသော အခွင့်အရေးဟူသမျှကို ဗမာခေါင်းဆောင်များက အကြွင်းမဲ့ခွင့်ပြုပါမည်ဟု ဂတိပြုသောကြောင့် ဖြစ်ပေသည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ်ဖြင့် လွတ်လပ်ရေးရရှိလာသည့်နောက်တွင် ဗမာခေါင်းဆောင်များသည် တောင်တန်းဒေသများ၏ တောင်းဆိုထားသော အခွင့်အရေးများကို လုံးဝမပေးဘဲ မဟာလူမျိုးကြီးဝါဒကို စတင်ကျင့်သုံးလေတော့သည်။ ဤသည်မှာ ဗမာခေါင်းဆောင်များတို့သည် တောင်တန်းဒေသခေါင်းဆောင်များကိုရင်း၊ ကမ္ဘာကိုရင်း၊ နောင်လာနောက်သားများကိုရင်း လိမ်ညာခဲ့သော သက်သေသာဓကတခုဖြစ်ပေသည်။

## (၂) ပူးပေါင်းရေး မပူးပေါင်းရေး

ဗမာပြည်အတွက် လွတ်လပ်ရေးတောင်းဆိုနေသည့် ဖဆပလအဖွဲ့ချုပ်သည် နောင်လွတ်လပ်မည့် မိမိတို့ဗမာပြည်နှင့် ပူးပေါင်းပါရန် ကရင်နီပြည်ကို အကြိမ်ကြိမ်သွေးဆောင်စည်းရုံးခဲ့သည်။ တောင်းတန်းဒေသအုပ်ချုပ်ရေးအဖွဲ့သည်လည်း မိမိတို့တောင်တန်းဒေသ ( Frontier Areas ) နှင့် ပူးပေါင်းပါရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ပေသည်။ ထို့ကြောင့် ကရင်နီပြည်သည် မိမိ၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အစွမ်းကုန် ထိန်းသိမ်းကာကွယ်ကြမည်လော၊ ဗမာပြည်နှင့် ပူးပေါင်းမည်လော၊ တောင်တန်းဒေသနှင့် ပူးပေါင်းမည်လော ဟူသော မေးခွန်း ၃ ခုနှင့် ရင်ဆိုင်နေရပေသည်။ ဤမေးခွန်းများကို ဖြေရှင်းရန်မှာ အချိန်ကျရောက်ပြီဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် အစည်းအဝေးတရပ်ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးသို့ အာဏာပိုင်စောဖျာများ၊ နယ်ရှင်များ၊ မြို့စားများနှင့် လူထုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။ ထိုအစည်းအဝေးတွင် လူထုကိုယ်စားလှယ် ဦးစိန်က ဗမာပြည်နှင့် ပူးပေါင်းရန် အဆိုတင်သွင်းခဲ့သည်။ သို့သော် အစည်းအဝေးတက်ရောက်သူ ပုဂ္ဂိုလ်အားလုံးက ကန့်ကွက်ကြသည်။ ကရင်နီပြည်ကို ဗမာပြည်နှင့် တိုက်ရိုက်မပူးပေါင်းနိုင်ကြောင်းကို အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ မြောက်ဘောလခဲနယ် အာဏာပိုင် ဦးဘီသည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိန်းသိမ်းကာကွယ်ရေးအဆိုကို တင်သွင်းခဲ့သည်။ အစည်းအဝေးတက်ရောက်သူ ပုဂ္ဂိုလ်အားလုံးက သဘောတူအကြည်ဖြူခဲ့သည်။ ၎င်းအပြင် ကရင်နီပြည်သည် ဗမာပြည်နှင့်၎င်း၊ တောင်တန်းဒေသနှင့်၎င်း မပူးပေါင်းလျှင် မဖြစ်သော အခြေအနေသို့ ဆိုက်ရောက်သည့်တိုင်အောင် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လုံးဝမထိခိုက်မှသာ ပူးပေါင်းမည်ဟု အစည်းအဝေးက ဆုံးဖြတ်ခဲ့ပေသည်။ ဗမာခေါင်းဆောင်များ၏ အမျိုးမျိုးသွေးဆောင်မြှိမ်းခြောက်မှုကြောင့်လည်း ရီးစ်ဝီလျံကော်မီရှင်( Rees William Commission ) ၏ ဖိတ်ခေါ်ချက်ကြောင့်၎င်း ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ တွင် ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် မေမြို့၊ ရီးစ်ဝီလျံကော်မီရှင်သို့ သွားရောက်ခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့ထဲတွင် ဘောလခဲနယ်မှ အာဏာပိုင်ဦးဘီ၊ လူထုကိုယ်စားလှယ် ဆရာရွှေလေး၊ မိုးဗြဲနယ်မှ အာဏာပိုင် သိုင်းဘဟန်၊ လူထုကိုယ်စားလှယ် ဦးပေါလု၊ ကြယ်ဖိုးကြီးနယ်မှ အာဏာပိုင် စောရွှေ၊ လူထုကိုယ်စားလှယ် အေမြလေး၊ ကန္တာရဝတီနယ်မှ အာဏာပိုင် စောလဝီ၊ လူထုကိုယ်စားလှယ် ဦးစိန်၊ ဦးဘသောင်းနှင့် စောဂျိုလာဘတ်ကရာဈူးတို့ ပါဝင်ခဲ့ကြပေသည်။ ကရင်နီပြည် ကိုယ်စားလှယ်များတို့သည် မိမိတို့ဆန္ဒ ၁၀ ချက်ပါရှိသည့် စာတမ်းတစောင်တွင် လက်မှတ်ရေးထိုးကြပြီး မေမြို့၊ ရီးဝီလျံကော်မီရှင်သို့ တင်သွင်းခဲ့သည်။ ၎င်းစာတမ်းတွင်ပါရှိသည့် ကိုယ်စားလှယ်များ၏ ဆန္ဒမှာ အောက်ပါအတိုင်း ဖြစ်သည်။

## (၄) ကရင်နီနယ်နှင့် မိုးဗြဲနယ်ကိုယ်စားလှယ်အဖွဲ့များ၏ ဆန္ဒ

၁။ ကရင်နီနယ်သည် ယခင်က ရရှိထားသော အခွင့်အရေးများနှင့် လွတ်လပ်

သော ကရင်နီနယ်အခွင့်အရေးကို မထိခိုက်စေဘဲ တောင်တန်းနယ်ဒေသများနှင့် ပူးပေါင်းလိုပါသည်။

၂။ ကရင်နီနယ်ကောင်စီမှ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်တဦးကို တိုင်းပြည်ပြုလွှတ်တော်တွင် ဝင်ရောက်၍ ဗမာပြည်မှ ဝန်ကြီးခန့်အပ်ရန်။

၃။ ကရင်နီပြည်တွင်းရေးကိစ္စများတွင် ဗမာပြည်မှ ဝန်ကြီးက အလျဉ်းဝင်ရောက်စွက်ဖက်ခြင်း မရှိစေဘဲ လုံးဝပြည်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် ရှိစေရမည်။

၄။ ဤသို့ တောင်တန်းဒေသအစိုးရအဖွဲ့တွင် ပါဝင်ပူးတွဲဆောင်ရွက်ခြင်းသည် နောင်အနာဂါတ်တွင် ပူးပေါင်းခြင်း၊ ခွဲထွက်ခြင်းနှင့် ပတ်သက်၍ လုံးဝမထိခိုက်စေရန်၊ နောင်ခွဲထွက်လိုသောအခါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ လွတ်လပ်စွာ ခွဲထွက်နိုင်ခွင့် ရှိစေရမည်။

၅။ နိုင်ငံခြားဆက်သွယ်ရေး၊ စာတိုက်ကြေးနန်း၊ လမ်းပန်းအဆက်အသွယ်၊ ငွေဒင်္ဂါး၊ ငွေစက္ကူပြုလုပ်ခြင်း၊ ကာကွယ်ရေးစသော အပြင်အပနှင့် မဆက်သွယ်ဘဲ မဖြစ်နိုင်သော ကိစ္စများကို မြန်မာနိုင်ငံဗဟိုအစိုးရ၊ တောင်တန်းဒေသဆိုင်ရာ ဝန်ကြီးတို့နှင့် ကရင်နီနယ်ကောင်စီမှ ရွေးကောင်တင်မြှောက်သော ကိုယ်စား လှယ်တဦးတို့ တိုင်ပင်ဆောင်ရွက်သွားရမည်။

၆။ ပညာရေး၊ ကျန်းမာရေး၊ လမ်း တံတားဖောက်လုပ်ခြင်းမှစ၍ ကရင်နီနယ်ထူထောင်ရေးတွင် ကရင်နီမှ အင်အားမပြည့်စုံမှီအတွင်း ဗမာပြည်ဘဏ္ဍာတော်မှ ကူညီရန် လိုပါသည်။

၇။ ဆိပ်ကမ်းခွန်၊ ပြည်ဝင် ပြည်ပအကောက်အခွန်၊ အမြတ်တော်ကြေးကို ကရင်နီနယ် ပြည်ထောင်စုက အချိုးကျ ရရှိရန်။

၈။ ကရင်နီနယ်ပြည်ထောင်စုကောင်စီတွင် ကရင်နီနယ်များက နယ်အလိုက် ညီတူညီမျှပါဝင်သော ကိုယ်စားလှယ်များ တက်ရောက်စေရမည်။ ၎င်းကိုယ်စားလှယ်များသည် လူထုတင်မြှောက်မည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးရွေးကောက်ခြင်းခံနိုင်ခွင့်အလို့ငှါ ကရင်နီနယ်တွင် မွေးဖွား၍ ဖြစ်စေ၊ ကရင်နီနယ်အတွင်း ၇ နှစ် နေထိုင်ခဲ့သော သူများကိုဖြစ်စေ၊ ကရင်နီနယ်တိုင်းရင်းသားဟု မှတ်ယူရမည်။

၉။ ရွေးကောက်ပွဲ သို့မဟုတ် လူထုတင်မြှောက်သည့် ကိုယ်စားလှယ်များအတွက် သန့်ရှင်းသော ဆန္ဒပြနိုင်ကြရန်၊ ကရင်နီပြည်သူပြည်သားများကို ဒီမိုကရေစီနိုင်ငံများတွင် ရရှိသည်ဟုဆိုသော အခွင့်အရေးများကို ခံစားခွင့် ရှိစေရန်။

၁၀။ ကရင်နီပြည်ထောင်စုကောင်စီသည် ဘဏ္ဍာရေးအာဏာဥပဒေပြုနိုင်ခွင့်အာဏာ၊ ပြည်တွင်း အုပ်ချုပ်မှုအာဏာ၊ အမှုဆောင်ခန့်အပ်ခြင်းအာဏာများကို စီမံပြဋ္ဌာန်းနိုင်ခွင့် ရှိစေရမည် စသည်များ ပါရှိပေသည်။

အထက်ပါ ကိုယ်စားလှယ်များ၏ ဆန္ဒများကို ဗမာပြည်အနေဖြင့် လက်ခံနိုင်မည် မဟုတ်ပေ။ ဤဆန္ဒများအတိုင်း ပြည်ထောင်စုဖွဲ့လျှင်လည်း ဗမာပြည်အတွက် အဓိပ္ပါယ်ကင်းမဲ့နေပေမည်ဖြစ်သည်။ ကရင်နီပြည် ကိုယ်စားလှယ်များသည် အလွန်ရိုးသားကြပေသည်။ ဗမာများလက်မခံနိုင်သော ကရင်နီပြည်၏ ဆန္ဒကို တင်ပြလျှင် ဗမာပြည်နှင့် ပူးပေါင်းခွင့် မရတော့

ဘဲ ကရင်နီပြည်သည် သီးခြားလွတ်လပ်စွာ ဆက်လက်ရပ်တည်နိုင်မည်ဟု ယူဆကြပေသည်။ သို့သော် ဗမာခေါင်းဆောင်များသည် ကရင်နီပြည် ကိုယ်စားလှယ်၏ ဆန္ဒများကို လုံးဝဂရုမစိုက်ပေ။ ကရင်နီပြည်ကို အနုနည်းဖြင့် သိမ်းသွင်း၍ မရလျှင် အကြမ်းနည်းဖြင့် သိမ်းသွင်းမည်ဟု ဆုံးဖြတ်ထားကြပြီးသား ဖြစ်ပေသည်။

## (၅) နယ်ချဲ့မဟာ ဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးမည့် ဖဆပလအဖွဲ့ချုပ်

ဗမာပြည်လွတ်လပ်ရေးအတွက် တောင်းဆိုနေသော ဖဆပလအဖွဲ့ချုပ်သည် ယင်းတို့ဗမာလူမျိုးများက ဗြိတသျှကိုလိုနီကျွန်ဘဝမှ မလွတ်မြောက်သေးဘဲလျက် ဘဝတူလူမျိုးငယ်များ၊ တိုင်းပြည်ငယ်များအပေါ် ဖိနှိပ်ကျွန်ပြုနိုင်ရေးအတွက် ကြိုတင်စီစဉ်နေပြီးဖြစ်သည်။ ဖဆပလအဖွဲ့ချုပ် လူကြီးများသည် နောင်လွတ်လပ်မည့် မိမိတို့ဗမာပြည်နှင့် ပူးပေါင်းရန် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ စသော တောင်တန်းဒေသလူမျိုးများကို အမျိုးမျိုးသွေးဆောင်စည်းရုံးခဲ့သည်။ နည်းပရိယာယ်အမျိုးမျိုးဆင်၍ တောင်တန်းဒေသများသည် မိမိတို့လွတ်လပ်မည့် ဗမာပြည်နှင့် ပူးပေါင်းလိုပါသည်ဟု အင်္ဂလိပ်အစိုးရကို အမျိုးမျိုးလိမ်ညာခဲ့ပေသည်။ အောင်ဆန်းခေါင်းဆောင်သော ဗမာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်သို့ သွားရောက်ပြီး ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့၊အမှတ် ၁၀ ဒေါင်းနင်းလမ်း၊ ဗြိတိသျှဝန်ကြီးချုပ်ဂေဟာတွင် မိန့်ခွန်းပြောကြားရာ၌ အောက်ပါအတိုင်း ဗြိတိသျှအစိုးရကို လိမ်ညာခဲ့သည်။

" မြန်မာပြည်ဟုပြောဆိုရာဝယ် ကျနုပ်တို့သည် တိုင်းရင်းသားအားလုံးအညီအညွတ်ဖြစ်၍ လွတ်လပ်သော မြန်မာပြည်ကို ရည်မှန်းပြောဆိုခြင်း ဖြစ်ပါသည်။ ညီညွတ်မှုရရှိရေးအတွက် မအောင်မြင်နိုင်သော အခက်အခဲဟူ၍ မရှိပါ။ တိုင်းပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် ရာနှုန်းပြည့် လွတ်လပ်ခွင့်ရ၍ ပြည်ပပယောဂမပါဘဲ အစုံအညီ တွေ့ဆုံဆွေးနွေးခွင့်ရကြလျှင် ညီညွတ်ပါလိမ့်မယ်။ ဤအချက်သည် လွတ်လပ်သည်ဆိုသော ကရင်နီပြည်အတွက်လည်း မှန်ပါသည် "

အောင်ဆန်းသည် အထက်ပါ စကားများကို ထည့်သွင်းပြောဆိုရခြင်းမှာ တောင်တန်းဒေသလူမျိုးများ၏ စိတ်သဘောထားအမှန်ကို ဗြိတိသျှအစိုးရတို့ သိသွားလျှင် မိမိတို့ ဗမာအနေဖြင့် သွေးဆောင်မှိုင်းတိုက်စည်းရုံး၍ လွယ်တော့မည်မဟုတ်ကြောင်း သိရှိသဖြင့် အင်္ဂလိပ်များဝင်၍ နှောင့်ယှက်ရန် တဖက်နည်းဖြင့် လှည့်ပိတ်ထားလိုက်ခြင်းဖြစ်သည်။ ဤနည်းဖြင့် အောင်ဆန်းသည် နိုင်ငံရေး မနိုးကြားသေးသည့် တောင်တန်းဒေသခေါင်းဆောင်များကို လွတ်လပ်စွာ လိမ်ညာမှိုင်းတိုက်စည်းရုံးခွင့် ရရှိသွားခဲ့ပေသည်။

ဖဆပလအဖွဲ့ချုပ်သည် တောင်တန်းဒေသကို မိမိတို့ ဗမာပြည်အတွင်းသို့ စည်းရုံးသိမ်းသွင်းနိုင်ရန်အတွက် တောင်တန်းဒေသလူမျိုးများကို အမျိုးမျိုးလိမ်ညာမှိုင်းတိုက်စည်းရုံးခဲ့ပေသည်။ တောင်တန်းဒေသများ၏ ဆန္ဒနှင့် ကိုက်ညီသည့် အခွင့်အရေးဟူသမျှပေးမည်ဟု အမျိုးမျိုးဝန်ခံဂတိပေးခဲ့သည်။ သို့အတွက်ကြောင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ပေါ်ပေါက်လာခဲ့ပေသည်။ ဤပင်လုံစာချုပ်အရ ဖဆပလအဖွဲ့ချုပ်သည် မဟာဗမာလူမျိုးကြီးဝါဒကို လွတ်လွတ်လပ်လပ်ကျင့်သုံးခွင့် ရရှိခဲ့ပေသည်။ တောင်တန်းဒေသလူမျိုးများအတွက်မှာမူ ရင်ထုမနာဖြစ်ခဲ့ရပေသည်။ ဤနည်းဖြင့် ဖဆပလအဖွဲ့သည် တောင်တန်းဒေသလူ

မျိုးများအပေါ် အသာတကြည်ဖြင့် နယ်ချဲ့မဟာဗမာဘုရင်စနစ်ဟောင်းထက် ခေတ်မီသော နယ်ချဲ့မဟာဗမာလူမျိုးကြီးစနစ်ကို ကျင့်သုံးနိုင်ခဲ့သည်။ ကရင်နီပြည်မှာမူ ဖဆပလအဖွဲ့ချုပ်၏ အနုနည်းဖြင့် သွေးဆောင်သိမ်းသွင်းမှုကို ဦးမညွတ်ဘဲ ကြံ့ကြံ့ခံခဲ့သည်။ သို့အတွက်ကြောင့် ဗမာပြည် လွတ်လပ်ရေးရပြီးသည့်အခါတွင် ကရင်နီပြည်ကို စစ်ရေးအရ နယ်ချဲ့ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ရခြင်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ကမ္ဘာပေါ်ရှိ နယ်ချဲ့နိုင်ငံကြီးတို့သည် မိမိတို့လက်အောက်ခံ ကိုလိုနီနယ်များစွာတို့ကို လွတ်လပ်ရေးပေးခဲ့သည်။ ဗမာပြည်လည်း နယ်ချဲ့အင်္ဂလိပ်လက်အောက်ခံကိုလိုနီနယ်ဘဝမှ လွတ်မြောက်လာခဲ့သည်။ ဤကဲ့သို့ လွတ်မြောက်လာသော ဗမာပြည်သည် မိမိ၏ အိမ်နီးချင်းလူမျိုးငယ်များနှင့် တိုင်းပြည်ငယ်များကို သိမ်းပိုက်ကျွန်ပြုနေသည်မှာ ယခုတိုးတက်နေသည့် ကမ္ဘာ့အမြင်ဖြင့် ရှုမြင်လျှင် တရားပါမည်လော၊ ယနေ့နယ်ချဲ့မဟာဗမာဝါဒီအစိုးရ၏ ဖိနှိပ်ကျွန်ပြုသတ်ဖြတ်မှုအောက်မှ လွတ်မြောက်ရန်အတွက် လက်နက်ကိုင်တော်လှန်နေကြသည့် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ရခိုင်၊ မွန်၊ ကယန်းနှင့် ကရင်နီတို့သည် အကြွင်းမဲ့ မှန်ကန်ဘရားနေပေသည်။

## ( ၆ ) ကရင်နီပြည်ကို သိမ်းသွင်းရန် ကြိုးစားနေသော မာပြည် ဖဆပလအဖွဲ့ချုပ်၏ လုပ်ရပ်များ။

ဗမာပြည်သည် လွတ်လပ်ရေးမရရှိသေးသော်လည်း ဖဆပလအဖွဲ့ချုပ်သည် တောင်တန်းဒေသ (Frontier Area) များကို အသာတကြည် သိမ်းသွင်းနိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားလျှက်ရှိခဲ့၏။ တောင်တန်းဒေသခေါင်းဆောင်များကို အမျိုးမျိုးလိမ်ညာဗိုင်းတိုက်ႛ သွေးဆောင်စည်းရုံးခဲ့သည်။

တောင်တန်းဒေသခေါင်းဆောင်များ၏ ဆန္ဒနှင့်ကိုက်ညီသည့် အခွင့်အရေးဟူသမျှပေးမည်ဟု အကြိမ်ကြိမ်ဝန်ခံဂတိပြုခဲ့သည်။ မိမိတို့ တောင်တန်းဒေသကို သွေးဆောင်စည်းရုံးရာတွင် အင်္ဂလိပ်တို့ ဝင်ရောက်မနှောင့်ယှက်နိုင်ရန် ယင်းတို့ကို အမျိုးမျိုးလိမ်ညာလှည့်ဖျားခဲ့ပေသည်။ သို့အတွက်ကြောင့် ဖဆပလအဖွဲ့ချုပ်သည် နောက်ဆုံးတွင် တောင်တန်းဒေသကို အသာတကြည် သိမ်းသွင်းနိုင်ခဲ့သည်။

ကရင်နီပြည်ကိုလည်း အသာတကြည်သိမ်းသွင်းရန် အမျိုးမျိုးသွေးဆောင်စည်းရုံးခဲ့သည်။ သို့သော် ကရင်နီပြည်ခေါင်းဆောင်များသည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အစွမ်းကုန်ထိန်းသိမ်းကာကွယ်မည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ဖဆပလအဖွဲ့ချုပ်ကို ဦးမညွတ်ခဲ့ပေ။ သို့အတွက်ကြောင့် ဖဆပလအဖွဲ့ချုပ်သည် ကရင်နီပြည်အပေါ် ညစ်ပတ်မှုများ အသုံးပြုလာလေတော့သည်။ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည်ရင်း၊ ဦးနုသည်ရင်း ကရင်နီကို အမျိုးမျိုးသွေးဆောင်စည်းရုံးသော်လည်း ကရင်နီပြည်ခေါင်းဆောင်များက ဦးမညွတ်ခဲ့ပေ။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် အင်္ဂလန်ပြည်သို့ ဗမာပြည်လွတ်လပ်ရေးကိစ္စနှင့် ပတ်သက်၍ သွားရောက်သောအခါတွင် ကရင်နီပြည်သူလူထု၏ ဆန္ဒလည်း လုံးဝမပါ၊ ကရင်နီပြည်သူလူထုကိုလည်း လုံးဝအသိမပေးဘဲ အင်္ဂလိပ်အစိုးရနှင့် ကရင်နီပြည်ချုပ်ဆိုထားသော စာချုပ်ဟူသမျှ ဖျက်

သီးခြားပေးပါရန် အင်္ဂလိပ်အစိုးရကို တောင်းဆိုခဲ့သည်။ ဤသည်မှာ ကရင်နီပြည်သူပြည်သားအပေါ် မတရားသော လုပ်ရပ်တခု ဖြစ်ပေသည်။

ပင်လုံညီလာခံတွင် တောင်တန်းဒေသခေါင်းဆောင်များ တက်ရောက်လက်မှတ်ရေးထိုးကြသည်။ သို့သော် ကရင်နီပြည်မှာ မတက်ရောက်သည့်အပြင် ၎င်းညီလာခံကိုလည်း အသိအမှတ်ပြုခဲ့ပေ။ သို့အတွက်ကြောင့် ဗမာခေါင်းဆောင်များ မကျေနပ်သဖြင့် ပင်လုံညီလာခံတွင် ကရင်နီအပါအဝင် လက်မှတ်ရေးထိုးသည်ဟု လိမ်ညာဝါဒဖြန့်ခဲ့သည်။ အင်္ဂလိပ်က ဟုတ်မဟုတ်စစ်ဆေးသည့်အခါတွင်မှ ကရင်နီလက်မှတ်မပါကြောင်း ဝန်ခံခဲ့သည်။ တောင်တန်းဒေသနှင့် ဗမာပြည်အကြား တရားမျှတမှု ရရှိရေးအတွက် ရီးစ်ဝီလျံစုံစမ်းရေးကော်မရှင်အဖွဲ့ ဖွဲ့စည်းခဲ့သည်။ ဗမာခေါင်းဆောင်တို့သည် ကရင်နီပြည် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို ရီးစ်ဝီလျံစုံစမ်းရေးကော်မရှင်သို့ စေလွှတ်ရန် အမျိုးမျိုးခြိမ်းခြောက်ခဲ့သည်။ သို့အတွက်ကြောင့် ကရင်နီပြည်သည် ကိုယ်စားလှယ်စေလွှတ်ပြီး ဗမာခေါင်းဆောင်များ လက်မခံနိုင်သော ကရင်နီပြည်ဆန္ဒကို တင်သွင်းခဲ့ပေသည်။ ဤသည်ကိုလည်း ဗမာခေါင်းဆောင်များ မကျေနပ်ခဲ့ပေ။ သို့အတွက်ကြောင့် ကရင်နီပြည်အပေါ် ညစ်ပတ်မှုများ ထပ်မံကျင့်သုံးနိုင်ရန် အစွမ်းကုန်အကြံထုတ်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်းတွင် ဗြိတိသျှဗမာပြည်၌ ဥပဒေပြုလွှတ်တော်အမတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အမတ်နေရာပေါင်း ၂၅၅ နေရာ ပါဝင်သည်။ ၎င်းအမတ်နေရာများတွင် ၂၁၀ နေရာမှာ ဗမာပြည်အတွက်၊ ၂၄ နေရာမှာ ကရင်အမျိုးသားအတွက်၊ ၄ နေရာမှာ အင်္ဂလိပ်ဘားမားအတွက်နှင့် ၁၇ နေရာမှာ ရှမ်း၊ ချင်း၊ ကချင် စသော တောင်တန်းဒေသများအတွက် ရံထားသည်။ ဖဆပလအမတ်ပေါင်း ၂၄၈ ဦး ရရှိသည်။ မေမြို့၊ ရီးစ်ဝီလျံကော်မရှင်တွင် ဗမာပြည်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မည်ဟု ပေးထားသည့် ကတိအတိုင်းဂျွန်လ ၉ ရက်နေ့တွင် ဥပဒေပြုလွှတ်တော်အစည်းအဝေးကို စတင်ကျင်းပသည်။ ဖဆပလအဖွဲ့ချုပ်သည် ဥပဒေပြုလွှတ်တော်အစည်းအဝေးကို တက်ရောက်ရန် ကရင်နီပြည်အား ဖိတ်ကြားခဲ့သည်။ ကရင်နီပြည်ခေါင်းဆောင်စောဖျာများလည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သောပြည်တပြည်ဖြစ်သဖြင့် ဗြိတိသျှဗမာပြည်၏ လွှတ်တော်အစည်းအဝေးကို မတက်ရောက်နိုင်ကြောင်း ပြန်ကြားလိုက်သည်။ ၎င်းအပြင် ဂျွန်လတွင်ပင် ဗမာပြည်သို့ နောက်ဆုံးရောက်ရှိလာသော မစ္စတာဘော့တွမ်လီကော်မရှင်အဖွဲ့က ကရင်နီစောဖျာများကို ဖိတ်ကြားခဲ့သည်။ ကရင်နီပြည်အာဏာပိုင်စောဖျာများလည်း မစ္စတာ ဘော့တွမ်လီကော်မရှင်အဖွဲ့နှင့် တွေ့ဆုံရန်အတွက်၎င်း၊ ကရင်နီပြည် သီးခြားလွတ်လပ်စွာ ဆက်လက်ရပ်တည်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ဘုရင်ခံထံ အကြံဉာဏ်တောင်းခံရန်အတွက်၎င်း၊ ဗမာပြည်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး အကယ်၍ ဗမာခေါင်းဆောင်များက ကရင်နီပြည်ကို မိမိတို့အခြေခံဥပဒေထဲ ထည့်သွင်းပါက တရားဝင်ကန့်ကွက်ရန်အတွက်၎င်း၊ ဦးဘီတူရယ်နှင့် ဦးစောသိန်းတို့ကို ကရင်နီပြည် ကိုယ်စားလှယ်အဖြစ် အာဏာကုန်လွှဲအပ်၍ ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ ကရင်နီပြည် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်သို့ ရောက်သောအခါ ကရင်နီပြည်သည် သီးခြားလွတ်လပ်သော အဆင့်အတန်းဖြင့် ဗြိတိသျှဗမာပြည်၏ ဥပဒေပြုလွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ကြောင်း၊ ယခုကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရနှင့် ဆွေးနွေးနေကြောင်း၊ ဗမာပြည်လွတ်လပ်ရေးရရှိသည့်အခါတွင်မှသာ ဗမာ

ပြည်နှင့် မဟာမိတ်ဖွဲ့မည်ဖြစ်ကြောင်း စသည့်အချက်များပါရှိသော စာတစောင်ကို ဗိုလ်ချုပ်အောင်ဆန်းထံသို့ ဒုတိယအကြိမ် ပေးပို့ခဲ့ပေသည်။ ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းထံသို့ အကြိမ်ကြိမ်စာပေးပို့ရခြင်းမှာ ဗမာတို့၏ ညစ်ပတ်မှုကို ကြိုတင်သိထားသောကြောင့် ဖြစ်ပေသည်။ ထို့နောက် ကရင်နီကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၀ ရက်နေ့တွင် ဘုရင်ခံနှင့် သွားရောက်ဆွေးနွေးခဲ့သည်။ ဘုရင်ခံက ယခုဗမာပြည်သည် မလွတ်လပ်သေးကြောင်း၊ ယခုပြုလုပ်နေသော ဥပဒေပြုလွှတ်တော်အစည်းအဝေးမှာ နောင်လွတ်လပ်မည့် ဗမာပြည်အတွက် ဥပဒေရေးဆွဲနေကြောင်း၊ ယင်းဥပဒေကို ဗြိတိသျှပါလီမန်သို့ တင်ပြပြီး ပါလီမန်၏ သဘောတူညီချက် ရရှိမှသာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ကရင်နီပြည်သည် သီးခြားလွတ်လပ်သည့် အာဏာပိုင်ပြည်တပြည်ဖြစ်ကြောင်း၊ ကရင်နီအစိုးရက သဘောမတူလျှင် အင်္ဂလိပ်အစိုးရအနေနှင့် ဘာမျှမလုပ်နိုင်ကြောင်း စသည်တို့ကို မိန့်ကြားခဲ့သည်။ ကရင်နီပြည်ကိုယ်စားလှယ်အဖွဲ့လည်း ဥပဒေပြုလွှတ်တော်မှ ရေးဆွဲသည့် ဥပဒေသည် အင်္ဂလိပ်ပါလီမန်သို့ တင်သွင်းရမည်ဖြစ်သဖြင့် အကယ်၍ ကရင်နီပြည်အကြောင်းကို ထည့်သွင်းဖော်ပြလျှင် အင်္ဂလိပ်အစိုးရက ဖျက်သိမ်းပေးလိမ့်မည်ဟု ယူဆပြီး ယင်းလွှတ်တော်အစည်းအဝေးကို မတက်ဘဲ ကရင်နီပြည်သို့ ပြန်လည်ခဲ့ပေသည်။

ကရင်နီပြည် ကိုယ်စားလှယ် ဦးဘီနှင့် ဦးစောသိန်းတို့သည် ကရင်နီပြည်သို့ ပြန်ရောက်သောအခါ စောဖျာများ၏ ညွှန်ကြားချက်အရ ရန်ကုန်တွင် မိမိတို့ ဆောင်ရွက်ချက်များကို ကရင်နီပြည်သူပြည်သားသို့ အောက်ပါအတိုင်း ထုတ်ပြန်ကျေညာခဲ့သည်။

## (၇) " ကျေညာစာတမ်း "

တိုင်းသူပြည်သားအပေါင်းတို့ -

ဗမာပြည်ဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် လွတ်လပ်သော မြန်မာပြည်၏ အနာဂါတ်အုပ်ချုပ်ရေးစည်းမျဉ်းဆွဲရာ၌ ကရင်နီနယ်များအတွက် မပါနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်၊ ရှမ်းပြည်တို့သည် ကရင်နီနယ်များကဲ့သို့ အဆင့်အတန်းမတူချေ။ မြန်မာပြည်သည် မလွတ်လပ်သေးပေ။ လွတ်လပ်စွာ အုပ်ချုပ်နိုင်ရန်အတွက် မြန်မာပြည်၏ အနာဂါတ်အုပ်ချုပ်ရေးကို ယခုမှသာလျှင် ကရင်ဖြူ၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ဂျင်းဖော စသောခေါင်းဆောင်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလျှက် အုပ်ချုပ်ရေးစည်းမျဉ်းကို စတင်ရေးဆွဲလျှက် ပင်ရှိပေသည်။ ၎င်းတို့ အလိုရှိရေးဆွဲသော အုပ်ချုပ်ရေးစည်းမျဉ်းကို အင်္ဂလိပ်ပါလီမန်လွှတ်တော်တွင် တင်သွင်းရမည်၊အင်္ဂလိပ်ပါလီမန်လွှတ်တော်တွင် တင်သွင်းရမည်။ ယခုမြန်မာပြည် အနာဂါတ်အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲသော အဖွဲ့သည် ဘာမျှ အာဏာမရှိသေးသည်ကို တိုင်းသူပြည်သားတို့ သိသင့်ပေသည်။ သို့အတွက် ၎င်းတို့အလိုရှိရေးဆွဲသော လွတ်လပ်သော မြန်မာနိုင်ငံလုံးဝ အာဏာပိုင်အုပ်ချုပ်ရေးစည်းမျဉ်းသည် လူထုအပေါ်တွင် ရှိသည်ဟုဆိုထားသော်လည်း အမှန်စင်စစ် အင်္ဂလိပ်ပါလီမန်၏ သဘောတူညီချက်ရရှိမှသာလျှင် လုံးဝအာဏာပိုင် လွတ်လပ်သော မြန်မာပြည်အုပ်ချုပ်ရေးကို ရရှိနိုင်လိမ့်မည်။

ကရင်နီနယ်များသည် လုံးဝအာဏာပိုင်အုပ်ချုပ်ရေး ရရှိထားလေပြီး ကရင်နီနယ်များ သဘောတူဘဲ အင်္ဂလိပ်အစိုးရက ဘာမျှမလုပ်နိုင်ကြောင်းကို ၂၀-၆-၄၇ ရက်နေ့၊ ရန်ကုန်မြို့တွင် ညနေ ၃ နာရီခွဲအချိန် ဘုရင်ခံအိမ်တော်၌ တွေ့ဆုံစဉ်အခါ ဘုရင်ခံကိုယ်တိုင် ဝန်ခံလေသည်။ သို့အတွက် ကရင်နီနယ်များသည် လွတ်လပ်ပြီးသော နယ်များဖြစ်သည့်အတွက် မြန်မာပြည်လုံးဝအာဏာပိုင်လွတ်လပ်ရေးအတွက် ရေးဆွဲသည့် စည်းမျဉ်းထဲတွင် မပါဝင်ထိုက်သေးကြောင်းကို နိုင်ငံရေး နားလည်သူတိုင်း သိသင့်ပေသည်။

မြန်မာပြည်သည် တကယ့်လွတ်လပ်ရေး ရပြီးသည့်နောက်မှသာလျှင် နှစ်ပြည်တပြည်စာချုပ် မဟာမိတ်အနေနှင့် ရေးဆွဲသင့်ပေသည်။ မြန်မာပြည်သည် လွတ်လပ်ရေးရရှိပြီးသည့်နောက် မည်သည့်အဖွဲ့၊ ပါတီ၊ အစိုးရဖြစ်မည်ကိုလည်း ကျွန်ုပ်တို့လုံးဝမသိနိုင်ချေ။ သို့အတွက် မြန်မာပြည်သည် လုံးဝလွတ်လပ်ရေးရရှိပြီးနောက် အစိုးရဖြစ်သည့်အဖွဲ့နှင့် အထက်ဖော်ပြပါအတိုင်း မဟာမိတ်အနေနှင့် စာချုပ်ပြုလုပ်ရမည်ဖြစ်ကြောင်းကို သိရှိနားလည်ရန် ထုတ်ဖော်ရေးသားလိုက်ခြင်း ဖြစ်သည်။

လွိုင်ကော်မြို့ ကရင်နီကိုယ်စားလှယ်
၂၆-၆-၄၇ (ပုံ) ဦးဘီတူရယ်
စောသိန်း

ဥပဒေပြုလွှတ်တော် အစည်းအဝေးတက်ရောက်သော ဖဆပလအဖွဲ့ချုပ် ခေါင်းဆောင်များ၊ အမတ်များတို့သည် လွှတ်တော်အစည်းအဝေးတွင် ကရင်နီပြည် ကိုယ်စားလှယ် တဦးတယောက်မျှ မတက်ရောက်သည်ကိုငင်း၊ ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်သဖြင့် ယင်းတို့ရေးဆွဲနေသော ဥပဒေထဲတွင် မထည့်သွင်းသင့်သည်ကိုငင်း၊ ကရင်နီပြည်သည် ဗမာပြည်နှင့် ပူးပေါင်းရန် ဆန္ဒမရှိသည်ကိုငင်း ကောင်းစွာ သိရှိကြပေသည်။

သို့သော် မတရားသဖြင့် ညစ်ပတ်လိုသည့်ဆန္ဒကြောင့် ကရင်နီပြည်ကို ယင်းတို့၏ ဥပဒေထဲတွင် ထည့်သွင်းရေးသားလိုက်သည်။ ဤသည်မှာ ဖဆပလအဖွဲ့ချုပ် ခေါင်းဆောင်များ၏ ညစ်ပတ်မှုတရပ်ဖြစ်သည်။

ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အမတ်များတို့သည် ယင်းတို့ရေးဆွဲနေသည့် ဥပဒေ၏ နိဒါန်းတွင်ငင်း၊ အခန်း ၁၊ ပုဒ်မ ၇ တွင်ငင်း၊ အခန်း ၉၊ အပိုဒ် ၃၊ ပုဒ်မ ၁၈၀(၁)(က) တွင်ငင်း၊ အပိုင်း (၄) ပုဒ်မ ၁၈၂ (၁)(၂)၊ ပုဒ်မ ၁၈၃ (၁)(၂)(၃)၊ ပုဒ်မ ၁၈၅၊ ပုဒ်မ ၁၈၆(၁)(၂)(၃)(၄)(၅)၊ ပုဒ်မ ၁၈၇၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၁၈၉၊ ပုဒ်မ ၁၉၀(၁)(၂)၊ ပုဒ်မ ၁၉၁ (၁)(၂)(၃) ပုဒ်မ ၁၉၂၊ ပုဒ်မ ၁၉၃(၁)(၂)၊ ပုဒ်မ ၁၉၄၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၆၊ ပုဒ်မ ၁၉၇(၁)(၂)(၃)(၄)(၅)၊ ပုဒ်မ ၁၉၈ စသည်တို့တွင်ငင်း ကရင်နီပြည်ကို ဗမာပြည်၏ အစိပ်အပိုင်းတခုအဖြစ် ထည့်သွင်းဖော်ပြထားလိုက်သည်။

တိုင်းပြည်နှစ်ပြည် သဘောတူပူးပေါင်းကြရာတွင် မိမိတို့ ပြည်သူလူထု၏ ဆန္ဒကို အပြန်အလှန်တင်ပြဆွေးနွေးကြသည်။ အပြန်အလှန်သဘောတူညီချက်များကို စာချုပ်ပြုလုပ်လက်မှတ်ရေးထိုးပြီးမှ ပူးပေါင်းကြစမြဲဖြစ်သည်။ ဒါမှ တရားမျှတသော ပူးပေါင်းခြင်း ဖြစ်ပေမည်။

တိုင်းပြည်တပြည်သည် အခြားတိုင်းပြည်တပြည်၏ ဆန္ဒတူညီမှု မရရှိဘဲ မိမိနှင့် ပူးပေါင်းလိုပါသည်ဟု ဥဒ္ဒ်နီဥဒ္ဒ်နက်ဆင်၍ အကြောင်းပြပြီး ထိုတိုင်းပြည်ကို မိမိတိုင်းပြည်၏ အစိပ်အပိုင်းတခုအဖြစ် ဥပဒေရေးဆွဲပြဋ္ဌာန်းပါက တရားမျှတသော ပူးပေါင်းခြင်း မဟုတ်။ မတရားသဖြင့် သိမ်းသွင်းခြင်းသာ ဖြစ်ပေသည်။ ပင်လုံညီလာခံတွင် တောင်တန်းဒေသများနှင့် ဗမာပြည်တို့သည် ပူးပေါင်းကြရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြပေသည်။ ထို့ကြောင့် တောင်တန်းဒေသနှင့် ဗမာပြည်ပူးပေါင်းခြင်းသည် တရားမျှတသည်ဟု ဆိုရပေမည်။

ကရင်နီပြည်နှင့် ဗမာပြည်သည် ထိုကဲ့သို့ မဟုတ်။ ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်ငယ်တပြည် ဖြစ်ခဲ့ပေသည်။ ပင်လုံညီလာခံတွင် ဗမာပြည်နှင့် ပူးပေါင်းရန် စာချုပ်တွင် လုံးဝမပါခဲ့ပေ။ ဗမာပြည်နှင့် ပူးပေါင်းပါမည်ဟု မည်သည့်အခါကမျှ စာချုပ်မချုပ်ခဲ့ပေ။ မည်သည့်အခါကမျှ ပူးပေါင်းပါမည်ဟု ဖွင့်ဟမပြောဆိုခဲ့ပေ။ ကရင်နီပြည်သူလူထုသည် သီးခြားလွတ်လပ်စွာ ရပ်တည်လိုသော ဆန္ဒရှိခဲ့သည်။ တောင်တန်းဒေသနှင့်၎င်း၊ ဗမာပြည်နှင့်၎င်း မပူးပေါင်းလိုကြောင်း ဖွင့်ဟပြောဆိုခဲ့သည်မှာ မရေမတွက်နိုင်အောင် အကြိမ်ပေါင်းများခဲ့ပေသည်။ သို့သော် ဖဆပလအဖွဲ့ချုပ်သည် ဗမာပြည်နှင့် ပူးပေါင်းပါမည်ဟု ဂတိဝန်ခံချက်စာချုပ်လည်းမချုပ်ဆို၊ ဗြိတိသျှဗမာပြည် ဥပဒေပြုလွှတ်တော်အစည်းအဝေးသို့လည်း ကိုယ်စားလှယ်တဦးတယောက်မှ မတက်ရောက်။ ဗမာပြည်နှင့် မပူးပေါင်းဟု အတိအလင်း ကျေညာထားသော ကရင်နီပြည်ငယ်ကလေးကို ယင်းတို့ ရေးဆွဲနေသည့် ဥပဒေထဲတွင် ဗမာပြည်၏ အစိပ်အပိုင်းတခုအဖြစ် ထည့်သွင်းဖော်ပြခြင်းမှာ လုံးဝတရားမျှတမှု မရှိပေ။ ဤသည်မှာ ကရင်နီပြည်ကို မတရားသဖြင့် သိမ်းသွင်းရန် ကြိုးစားနေသော ဖဆပလအဖွဲ့ချုပ်၏ မတရားသော လုပ်ရပ်တခုဖြစ်သည်။

ဗမာပြည် ဥပဒေပြုလွှတ်တော်အစည်းအဝေးတွင် ကရင်နီပြည်ကို ဗမာပြည်၏ အစိပ်အပိုင်းတခုအဖြစ်ဖြင့် ဥပဒေထဲတွင်ထည့်သွင်းရေးဆွဲကြောင်း ကြားသိရသော ကရင်နီပြည်သူလူထုသည် အကြီးအကျယ် ဒေါသထွက်လျက် ရှိကြသည်။ ဆန္ဒပြကြသည်။ ကရင်နီခေါင်းဆောင်စောဖျာများကိုလည်း မိမိတို့အနေဖြင့် ယင်းဥပဒေတွင် ကရင်နီပြည်နှင့်ပတ်သက်သော အချက်ဟူသမျှ ဖျက်သိမ်းပေးရန် ဗမာခေါင်းဆောင်များသို့ အမြန်ဆုံးတောင်းဆိုပေးပါရန် တိုက်တွန်းကြပေသည်။ စောဖျာများအနေဖြင့် မသွားနိုင်လျှင် ယင်းဥပဒေအချက်များကို ဖျက်သိမ်းပေးရန် သွားရောက်တောင်းဆိုမည့် ကိုယ်စားလှယ်များကို အမြန်ဆုံး ရွေးချယ်၍ စေလွှတ်ရန် တိုက်တွန်းကြသည်။ ထို့ကြောင့် စက်တင်ဘာလ အတွင်းတွင် ဦးစိန်၊ စပ်ဝ ၊ အေမြလေးနှင့် စောသန်းတင်တို့ကို ရွေးချယ်စေလွှတ်ခဲ့ပေသည်။ အထက်ပါပုဂ္ဂိုလ် ၄ ဦးတို့သည် ရန်ကုန်သို့ ရောက်လျှင် စောဖျာများနှင့် ပြည်သူလူထုများပေးအပ်သည့် တာဝန်အတိုင်း မဆောင်ရွက်ဘဲ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များထံမှ တံစိုးလက်ဆောင်တို့ကို လက်ခံပြီး ယင်းတို့ သွေးဆောင်စည်းရုံးမှုကို နာခံ၍ ဗမာပြည်နှင့် ပူးပေါင်းရန် တိတ်တိတ်ပုန်းသဘောတူလိုက်သည်။ ယင်းတို့သည် ဥပ ဒေ၏ အခန်း ၉၊ အပိုင်း ၄၊ ပုဒ်မ ၁၈၀(၁)(က)ကိုသာ ကန့်ကွက်ခဲ့ကြသည်။ သို့သော် ဖဆပလ ခေါင်းဆောင်များက နောင်တွင် ပြုပြင်ရန် စဉ်းစားပေးမည်ဟု ၎င်းတို့အား နှစ်သိမ့်ခဲ့သည်။ ဤအကြောင်းကို ကြားသိသော စောဖျာများနှင့် ပြည်သူလူထုသည် ယင်းတို့ကို အကြီးအကျယ် ဒေါသဖြစ်ခါ ယင်းတို့ကို ဗမာပြည်နှင့် ပူးပေါင်းရေးသမားဟု သတ်

[illegible]ပြီး ပေးအပ်ထားသော တာဝန်များကို ချက်ချင်းရုပ်သိမ်းလိုက်ကြောင်း ကျေညာခဲ့ပေသည်။ ၎င်းတို့သည် ကရင်နီပြည် သို့ တိတ်တဆိတ် ပြန်ဝင်လာပြီး ကရင်နီပြည်တွင်း ရှုပ်ရှက် ဖြစ်ပေါ်လာရန် လှုံ့ဆော်ပေးခဲ့သည်၊ ၎င်းတို့သည် အောက်တိုဘာလတွင် ဖဆပလအဖွဲ့ ဥက္ကဋ္ဌ ဦးနုထံသို့ ပြန်သွားပြီး စစ်တပ်အကူအညီတောင်းဆိုခဲ့သည်။ ဦးနုလည်း စစ်ရဲတပ်ဖွဲ့ကို စေလွှတ်ပေးလိုက်သည်။ ၎င်းအပြင် ကရင်နီ ပြည်တွင်းတွင် စစ်ရဲတပ်ဖွဲ့ပြီး ပုန်ကန်ရန် လက်နက်များနှင့် နည်းပြဆရာများပါ ပေးပို့လိုက်သည်။ ပူးပေါင်းရေးသမားတို့သည် ဗမာစစ်ရဲတပ်ဖွဲ့ကို အားကိုးပြီး ကရင်နီပြည်တွင် စင်ပြိုင်အစိုးရထောင်ရန် ကြိုးစားတော့သည်။ ကရင်နီပြည် အာဏာပိုင်အဖွဲ့ဖြစ်သော စောဖျာတို့လည်း ဤအပြုအမူနှင့်ပတ်သက်၍ ဦးနုအား ကန့်ကွက်ခဲ့ပေသည်။

## ( ခ ) ကရင်နီပြည်ကို နယ်ချဲ့ကျူးကျော်လာသော နယ်ချဲ့မဟာမာဝါဒီ ဖဆပလအစိုးရ။

ဖဆပလအဖွဲ့ချုပ်သည် ကရင်နီပြည်ကို အသာတကြည်သိမ်းသွင်းရန် ကြိုးစားခဲ့သော်လည်း ထင်သလောက် မအောင်မြင်သဖြင့် ကရင်နီပြည် စောဖျာများ၊ ပြည်သူလူထုများ ကန့်ကွက်သည့်ကြားမှပင် ကရင်နီပြည်သို့ စစ်ရဲတပ်ဖွဲ့တဖွဲ့နှင့် လက်နက်များကို စေလွှတ်ပေးပို့ခဲ့ပေသည်။ ထိုအချိန်တွင် ဗမာပြည်မှာ မလွတ်လပ်သေးသဖြင့် စေလွှတ်ထားသော စစ်ရဲတပ်ဖွဲ့မှာ ကရင်နီပြည်တွင်း အေးချမ်းရေးအတွက် အင်္ဂလိပ်အစိုးရက စေလွှတ်သည်ဟု အကြောင်းပြခဲ့သည်။ သို့သော် စောဖျာများနှင့် ပြည်သူလူထုမှာ ယင်းတပ်ကို ပြန်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ပေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်ကို အင်္ဂလိပ်အစိုးရက လွတ်လပ်ရေးပေးခဲ့သည်။ အင်္ဂလိပ်အစိုးရ ဖွဲ့ထားသော စစ်ရဲတပ်ဖွဲ့များသည်လည်း ဗမာအစိုးရ စစ်ရဲတပ်ဖွဲ့များဖြစ်လာသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကို နယ်ချဲ့ကျူးကျော်နိုင်ရေးအတွက် ကရင်နီပြည်တွင်းရေးကို စတင်၍ အမျိုးမျိုးသွေးခွဲခြေထိုးလာတော့သည်။ သို့အတွက်ကြောင့် ကရင်နီပြည်တွင်းတွင် နှစ်ခြင်းခရစ်ယာန် ( ABM ) ဘာသာရေးဂိုဏ်းဝင်နှင့် (RCM) ဘာသာရေးဂိုဏ်းဝင်တို့သည် မသင့်မတင့်ဖြစ်လာခဲ့သည်။ ကရင်နီပြည်ကို အုပ်ချုပ်သော စောဖျာတို့သည် ဘာသာရေးပဋိပက္ခမဖြစ်ပေါ်စေရန် တားမြစ်နိုင်ခဲ့သည်။ ထိုအခါ မိမိတို့အကြံအစီ မအောင်မြင်ကြောင်း သိသော ဗမာနယ်ချဲ့မဟာဝါဒီဖဆပလအစိုးရသည် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဗမာစစ်ရဲတပ်ဖွဲ့သည် ကရင်နီအမျိုးသားအစည်းအရုံးဌာနချုပ်တည်ရှိရာ မြလဲရွာကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်ကြသည်။ တချိန်တည်းတွင် လွိုင်ကော်မြို့၌ အင်္ဂလိပ်လက်ထက်ကတည်းက တပ်ချထားသော ဗမာစစ်ရဲတပ်ဖွဲ့သည်လည်း လွိုင်ကော်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ကရင်နီပြည်အစိုးရအဖွဲ့ဝင် မြောက်ဘောလခဲမြို့စား ဦးဘီကိုလည်း ဖရူဆိုအနီးတွင် ဖမ်းဆီးမိပြီး လွိုင်ကော်မြို့သို့ ယူဆောင်သွားခဲ့သည်။ လွိုင်ကော်မြို့သို့ ရောက်သောအခါ ဗမာများသည် ၎င်းကိုသတ်ဖြတ်လိုက်ကြသည်။ ဗမာစစ်ရဲတပ်တို့သည် နန်းဖဲ၊ ဘောလခဲ အထိ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်မှာ နယ်ချဲ့မဟာဗမာဝါဒီ ဖဆပလအစိုးရ၏ ပထမအကြိမ် နယ်ချဲ့ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်သည်။ ကရင်နီပြည်သူ

လူထုတို့လည်း ရရာလက်နက်စွဲကိုင်ပြီး ကျူးကျော်ဝင်ရောက်လာသော နယ်ချဲ့ဗမာတပ်များကို အစွမ်းကုန် ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် ခုခံတိုက်ခိုက်သော ကရင်နီပြည်သူလူထုတို့မှာ စုစည်းမှုမရှိကြသဖြင့် နယ်ချဲ့ဗမာတပ်များက အခွင့်သာခဲ့ပေသည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကရင်နီစောဖျာတို့သည် နယ်ချဲ့ဗမာတပ်ကို တကွဲတပြားခုခံတိုက်ခိုက်နေကြသော ပြည်သူလူ ထုတို့ကို စုစည်းပြီး ခုခံတွန်းလှန်ရေးတပ်မတော်ကို ဖွဲ့စည်းလိုက်သည်။ ထိုနောက် ဘောလခဲ၊ နန်းဖဲတို့ကို ပြန်၍ တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံရေးဦးဆောင်မှုအတွက် ကရင်နီအမျိုးသားအစည်းအရုံးကို ဖျက်သိမ်းပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီတရပ်ကို ဖွဲ့စည်းထူထောင်ခဲ့ပေသည်။ ဤကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ နိုင်ငံရေးဦးဆောင်မှုဖြင့် ကရင်နီပြည် ခုခံတော်လှန်ရေးအစိုးရကို ဖွဲ့စည်းခဲ့ပေသည်။ ထိုအချိန်တွင် ရှမ်းပြည် လွယ်မွေ၌ ရှိနေသော အမှတ် ၁၃ စစ်ရဲတပ်ဖွဲ့ (13-UMP)သည် ကရင်နီအမျိုးသားအများစု ပါရှိသည့် တပ်ဖွဲ့တဖွဲ့ဖြစ်သည်။ ကရင်နီပြည်ကို နယ်ချဲ့မဟာဗမာဝါဒီဖဆပလ အစိုးရက ကျူးကျော်တိုက်ခိုက်သိမ်းပိုက်နေကြောင်း ကြားသိသောအခါ ကရင်နီအမျိုးသား ဗိုလ်ကြီးလှဝင်းသည် ၎င်းတပ်ဖွဲ့ကို ဦးဆောင်၍ ဗမာအစိုးရကို ပုန်ကန်ပြီး လက်နက်လူသူတို့ကို ယူဆောင်ကာ ကရင်နီပြည်သို့ စက်တင်ဘာလကုန်ခါနီးတွင် ပြန်ရောက်ရှိခဲ့သည်။ ကရင်နီပြည်သို့ရောက်ရှိသောအခါ နယ်ချဲ့မဟာဗမာဝါဒီဖဆပလ အစိုးရတပ်နှင့် ပူးပေါင်းရေးသမားတို့ကို တိုက်ခိုက်နှင်ထုတ်ကြပြီး ကရင်နီပြည်အစိုးရနှင့် ပြန်လည်ပေါင်းစည်းမိခဲ့ပေသည်။

မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကို ကျူးကျော်တိုက်ခိုက်ရန် စီစဉ်ရာတွင် အမှတ် ၁၃ စစ်ရဲတပ်ဖွဲ့ (BUMP) မှ ဗိုလ်ချစ်လွန်း ဦးဆောင်သော တပ်ဖွဲ့တို့လည်း ခေါ်ယူ၍ ကရင်နီပြည်သို့ ပို့ထားခဲ့သည်။ သို့သော် ဗိုလ်ချစ်လွန်းနှင့် မိမိတပ်သားတို့သည် ဗမာအစိုးရကို ပုန်ကန်၍ ပြန်လာသော ဗိုလ်ကြီးလှဝင်းတို့တပ်ဖွဲ့ လွိုင်ကော်မြို့ ပြန်ရောက်သောအခါ ဗိုလ်ကြီးလှဝင်းတို့တပ်ဖွဲ့နှင့် ပူးပေါင်းမိပြီး နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရတပ်ကို ဆက်လက်တိုက်ထုတ်ကြပြန်သည်။ နယ်ချဲ့မဟာဗမာဖဆပလအစိုးရသည် ကရင်နီပြည်မှ လက်လွှတ်ထွက်ပြေးလာကြသော ပူးပေါင်းရေးသမားများနှင့် ယင်းစစ်ရဲတပ်ဖွဲ့တို့ကို ရှမ်းပြည်တောင်ပိုင်း ကလောမြို့တွင် နေရာချထားပေးပြီး ကရင်နီပြည်ကို နောက်ထပ်ကျူးကျော်တိုက်ခိုက်ရန် စီစဉ်လျှက်ရှိပေသည်။ ပူးပေါင်းရေးသမားများကိုလည်း ကရင်နီပြည်နယ်အစိုးရအဖွဲ့ဟု နာမည်တပ်ပေးလိုက်သည်။ ပူးပေါင်းရေးသမားများသည် ကလောတွင် မိမိတို့၏ လက်အောက်ငယ်သားများကို ထားခဲ့၍ ရန်ကုန်သို့ သွားရောက်နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် ဗမာအစိုးရသည် ကရင်နီပြည်ကို နောက်ထပ်ကျူးကျော်ရန် တပ်များကို ချက်ချင်းမပို့နိုင်ခဲ့ပေ။ အကြောင်းမှာ ဗမာပြည်တွင် ပြည်တွင်းစစ်မီး အလွန်ကြီးကျယ်သောကြောင့် ဖြစ်သည်။ သို့သော် ပူးပေါင်းရေးသမားနှင့် မိမိတို့၏ လဝီးတပ်ကိုမူ ကရင်နီပြည်ကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် လိုအပ်သမျှ ထောက်ပံ့ပေးခဲ့သည်။

ကရင်နီပြည်အစိုးရသည် နယ်ချဲ့မဟာဗမာဖဆပလအစိုးရ၏ နောက်ထပ်ကျူးကျော်တိုက်ခိုက်လာမည့် ဘေးအန္တရာယ်ကို ကြိုတင်တွက်ဆပြီး ကရင်နီပြည်တပ်မတော်ကို တိုးချဲ့ခဲ့သည်၊ ထိုအချိန်တွင် ကရင်နီပြည်တပ်မတော်တိုးချဲ့ရန်အတွက် ကြယ်ဖိုးကြီးနယ်တွင် ခုစောရွှေကရင်၊ ကန္တာရဝတီနယ်တွင် စောဖီနကရင်၊ မိုးဗြဲနယ်တွင် ပေါလူကရင်၊ ဘောလခဲနယ်တွင် ကျဆုံးသွားသူ ဦးဘီ၏သား စောဝီလ်ဆာကရင်း အသီးသီးတာဝန်ယူကြသည်။ လပိုင်းအတွင်း တပ်

သား ၂၀၀၀ ကျော်အထိ တိုးချဲ့နိုင်ခဲ့ပေသည်။ ထိုနောက် ကရင်နီအစိုးရသည် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများတို့နှင့် ဆက်သွယ်ရန် ဆုံးဖြတ်တော့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်ငူခရိုင်ရှိ ကေအဲန်ဒီအို ကရင်လူငယ်အဖွဲ့တို့က အကူအညီတောင်းလာသဖြင့် ကရင်နီအစိုးရသည် တောင်ငူသို့ စစ်ကူအလုံးအရင်း ပို့ပေးလိုက်သည်။ ကရင်နီတပ်များ တောင်ငူသို့ ဆင်းသွားကြောင်း ကြားသိသော နယ်ချဲ့ဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကို ဒုတိယအကြိမ် ကျူးကျော် တိုက်ခိုက်ကြပြန်သည်။ ၎င်းနိုဝင်ဘာလတွင်ပင် နယ်ချဲ့မဟာဗမာဝါဒီအစိုးရ၏ ချင်းသေနတ်ကိုင်တပ်ရင်း ၂ သည် ရောက်ရှိလာပြီး လွိုင်ကော်မြို့ကို သိမ်းပိုက်လိုက်သည်။ ထိုနောက် ကရင်နီတပ်ဖွဲ့ရှိသည့် ဖလှိုင်ရွာကို တိုက်ရန် ဆက်လက်ချီတက်လာကြပြန်သည်။ ဖလှိုင်မရောက်ခင် သည်တွင်းထဲတွင် ကရင်နီပြည်တပ်မတော်နှင့် ပြည်သူလူထုတို့သည် ချီတက်လာသော ဗမာတပ်ကို ခုခံတိုက်ခိုက်ခဲ့သည်။ ထိုနေရာတွင်ပင် နယ်ချဲ့မဟာဗမာဝါဒီဖဆပလ အစိုးရ၏ ချင်းသေနတ်ကိုင်တပ်ရင်း ၂ တပ်တကုမ္ပဏီလုံး အချေမှုန်းခံလိုက်ရပေသည်။ ဤကဲ့သို့ အချေမှုန်းခံရသောကြောင့် နယ်ချဲ့ဗမာတပ်တို့သည် တောင်ပိုင်းသို့ ဆက်လက်မချီတက်တော့ဘဲ ငွေတောင်ရွာဟောင်းတွင် တပ်ချခုခံတော့သည်။ တောင်ငူနယ်တွင် ရောက်ရှိနေသော ကရင်နီပြည်တပ်ဖွဲ့တို့သည် ကရင်နီပြည်ကို နယ်ချဲ့ဗမာတပ်က နောက်ထပ်လာရောက်ကျူးကျော်တိုက်ခိုက်နေကြောင်း ကြားသိသောအခါ ကေအဲန်ဒီအို (KNDO) တပ်ဖွဲ့နှင့် ပူးပေါင်းပြီး ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တောင်ငူမြို့ကို တိုက်ခိုက်သိမ်းယူပြီးနောက် ကရင်နီပြည်သို့ ပြန်လာခဲ့ကြသည်။ ကရင်နီပြည်သို့ ရောက်သောအခါ နယ်ချဲ့ဗမာတပ်တို့သည် လွိုင်ကော်နှင့် ငွေတောင်ရွာဟောင်းတွင် တပ်ချခုခံကြသည်။ ကရင်နီအစိုးရသည်လည်း ကေအဲန်ဒီအို အကူအညီတောင်းသဖြင့် ကရင်သေနတ်ကိုင်တပ်ဖွဲ့တဖွဲ့ကို စစ်ကူအဖြစ် ပို့လာပေးခဲ့သည်။ ကရင်နီအစိုးရလည်း မတ်လအလယ်လောက်တွင် ကရင်နီပြည်တပြည် လုံးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပေသည်။ ကရင်နီပြည်အစိုးရသည် ယခုကဲ့သို့ ကေအဲန်ဒီအိုနှင့် ဆက်သွယ်ခြင်းမှာ ကရင်နီပြည်ကို ကော်သူးလေပြည်နယ်နှင့် ပူးပေါင်းလိုသောကြောင့် မဟုတ်ပေ။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ နယ်ချဲ့အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ဆက်သွယ်ခြင်း"ဖြစ်ပေသည်။ ထိုအချိန်တွင် ဗမာပြည်၌ ကေအဲန်ဒီအို၊ အလံဖြူ၊ အလံနီကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ၊ မွန်၊ အဲန်ဒီအို စသော လူမျိုးများ အဖွဲ့အစည်းများ၊ ပါတီများတို့သည် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ကရင်နီပြည်အစိုးရလည်း နယ်ချဲ့မဟာဗ မာဝါဒီဖဆပလ အစိုးရပြုတ်ကျသွားလျှင် ကရင်နီပြည်သည် နယ်ချဲ့ဗမာအစိုးရ အန္တရာယ်မှ လွတ်ကင်းမည်၊ ၎င်းပြင် ကရင်နီပြည်ကို ဗမာပြည်အစိပ်အပိုင်းတခုအဖြစ် ပြဋ္ဌာန်းသော ဖဆပလအစိုးရ၏ အခြေခံဥပဒေလည်း အလိုအလျောက်ပယ်ဖျက်ခြင်း ခံရမည်ဟု ယုံကြည်လျက်ရှိပေသည်။ ထို့ကြောင့် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော အင်အားစုများနှင့် ဆက်သွယ်ပူးပေါင်းရန် ကြိုးစားခြင်းမှာ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရ၏ သမိုင်းပေးတာဝန်တရပ်ဖြစ်ပေသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရတို့သည် ကရင်နီပြည်ကို ကေအဲန်ဒီအိုတို့ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်နေသော နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ လုပ်ရပ်များကို ဖုံးကွယ်ရန် စွပ်စွဲခြင်းသာဖြစ်ပေသည်။ မည်ကဲ့သို့ပင် ဖုံးကွယ်သော်လည်း ဆင်သေကောင်ကို ဆိတ်သရေနှင့် ဖုံးသ

ကဲ့သို့ ဖြစ်နေပေသည်။ အကြောင်းမှာ ထိုအချိန်တွင် နယ်ချဲ့မဟာဗမာဝါဒီဖဆပလ အစိုးရကို ဆန့်ကျင်တိုက်ခိုက်သော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့သည် ဖဆပလ အစိုးရကဲ့သို့ နယ်ချဲ့ကျူးကျော်နေသည်မဟုတ်။ ဖဆပလအစိုးရ၏ နယ်ချဲ့ကျူးကျော်သိမ်း ပိုက်ခြင်း၊ ဖိနှိပ်ကျွန်ပြုခြင်းနှင့် ခေါင်းပုံဖြတ်ဂုတ်သွေးစုတ်ခြင်းတို့ကို ဆန့်ကျင်တွန်းလှန်ကြ ခြင်းသာဖြစ်သည်။ ဩဂုတ်လတွင် နောင်ဆိုင်း၊ ကချင်တပ်တို့သည် ကရင်နီပြည်သို့ ရောက်ရှိလာကြသည်။ ဩဂုတ်လ ၁၃ ရက်တွင် နော်ဆိုင်း၊ ကေအဲန်ဒီအိုနှင့် ကရင်နီတပ်တို့ ပူးပေါင်း၍ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ဤကဲ့သို့ တိုက်ခိုက်သိမ်းပိုက်ခြင်းမှာ ရှမ်းပြည်ကို ကျူးကျော်သိမ်းပိုက်လိုသောကြောင့် မဟုတ်ပေ။ ရှမ်းပြည် သူလူထုကို နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ ဖိနှိပ်ကျွန်ပြုမည့်ဘေးမှ လွတ်မြောက်စေလိုသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်သိမ်းပိုက်ခြင်းသာ ဖြစ်ပေသည်။

နယ်ချဲ့ဖဆပလအစိုးရ၏ နယ်ချဲ့ကျူးကျော်မှု၊ ဖိနှိပ်ကျွန်ပြုမှု၊ ခေါင်းပုံဖြတ်ဂုတ်သွေးစုတ်မှုတို့ကို ခုခံဆန့်ကျင်တိုက်ခိုက်နေကြသည့် လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့သည် ဗမာပြည်၏ မြို့များကို တမြို့ပြီးတမြို့ တိုက်ခိုက်သိမ်းပိုက်လိုက်ကြသည်။ မိမိပြုတ်ကျတော့မည်ကို သိသော နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် နယ်ချဲ့နိုင်ငံကြီးများထံမှ လက်ဖြန့်အကူအညီတောင်းခံခဲ့သည်။ နယ်ချဲ့နိုင်ငံများထံမှ စစ်လက်နက်ပစ္စည်း အကူအညီမြောက်များစွာ ရရှိခဲ့သည်။ ဤနယ်ချဲ့နိုင်ငံထံမှ အကူအညီဖြင့် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် စစ်တပ်ကို အဆမတန်တိုးချဲ့နိုင်ခဲ့ပေသည်။ ထိုနောက် ယင်းတို့ကို စစ်မှန်တရားသည့် ခံယူချက်ဖြင့် ခုခံဆန့်ကျင်နေကြသော လူမျိုးများ၊ အဖွဲ့အစည်းများ။ ပါတီများတို့ လက်ထဲမှ မြို့ရွာများကို တစပြီးတစ ပြန်လည်သိမ်းပိုက်၍ ပြည်သူလူထုကို ကျွန်ပြုဖိနှိပ်ခေါင်းပုံဖြတ် ဂုတ်သွေးစုတ်လေတော့သည်။ နယ်ချဲ့ဖဆပလအစိုးရသည် ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရှမ်းပြည်၊ တောင်ကြီးမြို့ကို ပြန်လည်တိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလတွင် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် အလုံးအရင်းဖြင့် ကရင်နီပြည်ကို တတိယအကြိမ် ကျူးကျော်တိုက်ခိုက်လာကြပြန်သည်။ ကရင်နီပြည်လည်း အစွမ်းကုန်ခုခံတိုက်ခိုက်ခဲ့ပေသည်။ သို့သော် လက်နက်ခဲယမ်းမီးကျောက် မလုံလောက်သည်ကတကြောင်း၊ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရတပ်များ အသုံးပြုသော လက်နက်များမှာ နယ်ချဲ့နိုင်ငံများထံမှ ရရှိသော ခေတ်မီလက်နက်များဖြစ်သည်ကတကြောင်း စသည့်အကြောင်းများကြောင့် ကရင်နီတို့သည် တစတစဆုတ်ခွာပေးခဲ့ကြရသည်။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရနှင့် ပူးပေါင်းရေးသမားတို့သည် လွိုင်ကော်မြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ကရင်နီပြည်အစိုးရလည်း ပြင်းပြင်းထန်ထန်ခုခံခဲ့ပေသည်။ သို့အတွက်ကြောင့် နယ်ချဲ့ဖဆပလအစိုးရသည် တပ်မဟာတခုလုံးကို အသုံးပြုသော်လည်း ရှေ့သို့ မတိုးနိုင်ဘဲ ရှိခဲ့သည်။ ထိုအချိန်တွင် နယ်ချဲ့ဖဆပလအစိုးရသည် ကေအဲန်ဒီအိုကိုလည်း စစ်ဆင်ရေးအကြီးအကျယ်ပြုလုပ်နိုင်ခဲ့သဖြင့် မတ်လ ၁၉ ရက်နေ့တွင် ကေအဲန်ဒီအိုလက်ထက်မှ တောင်ငူမြို့ကို ပြန်သိမ်းပိုက်လိုက်ကြသည်။ သို့အတွက်ကြောင့် ကေအဲန်ဒီအို တို့သည်လည်း ကရင်နီပြည်ကို ထိရောက်စွာ မကူညီနိုင်တော့ချေ။ ကရင်နီပြည်သည် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ ကျူးကျော်တိုက်ခိုက်မှုကို အပြင်းအထန်ခံရသည်။ နယ်ချဲ့ဗမာတပ်တို့သည် ကရင်နီပြည်တွင်းရှိ ရွာသူရွာသားပေါင်းမြောက်များစွာကို သတ်ဖြတ်၊ ဖမ်းဆီးညှင်းဆဲခဲ့သည်။ ကျေးရွာပေါင်းမြောက်များစွာကိုလည်း လုယက်ဖျက်

ဆီး၍ မီးရှို့ဖျက်ဆီးလိုက်ကြသည်။ ဤသည်မှာ ကရင်နီပြည်သူလူထုတရပ်လုံး ခွင့်မလွှတ်နိုင်သော ကျူးကျော်စော်ကားမှုတရပ်ဖြစ်ပေသည်။ ထိုအပြင် ပူးပေါင်းရေးသမားများ စိတ်ကျေနပ်စေရန်အတွက် ယင်းတို့၏ အခြေခံဥပဒေပုဒ်မ ၁၈၀(၁)(က)ကို ဖျက်သိမ်းပေးလိုက်သည်။ ထို့နောက် ပူးပေါင်းရေးသမားများနှင့် တိုင်ပင်ပြီး ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှန်ကို အမှားမှားအယွင်းယွင်းလွှဲပြောင်းပစ်ရန်အတွက် ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကရင်နီပြည်ကို ကယားပြည်နယ်အစိုးရအဖွဲ့ဟု လွှဲပြောင်းခေါ်ဝေါ်လိုက်သည်။ ပူးပေါင်းရေးသမားများကိုလည်း ကယားပြည်နယ်အစိုးရဟု နာမည်တပ်ပေးလိုက်ကြသည်။ ဤသည်မှာ ကမ္ဘာက သိရှိခဲ့သော သီးခြားလွတ်လပ်သည့် ကရင်နီပြည် ပျောက်ကွယ်သွားစေရန် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ ကြိုးစားမှုတရပ်ဖြစ်ပေသည်။ ထိုကြောင့် ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌ စောရွှေသည် ရှမ်းပြည်၊ မိုင်းဆပ်ရှိ တရုပ်ဖြူတပ်များနှင့် သွားရောက်ဆက်သွယ်ခဲ့သည်။ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စောရွှေသည် ဘန်ကောက်သို့ သွားပြီး တရုပ်ဖြူ၏ ဗိုလ်ချုပ် လီမီ (General Limi) နှင့် အပြန်အလှန် ကူညီရေးစာချုပ် ချုပ်ဆိုခဲ့ပေသည်။ ဤကဲ့သို့ တရုပ်ဖြူနှင့် စာချုပ် ချုပ်ဆိုပြီး အကူအညီယူရသည်မှာ ဗမာပြည်ကို ကျူးကျော်တိုက်ခိုက်လို၍ မဟုတ်၊ ကရင်နီပြည်မှ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရတပ်တွေကို မောင်းထုတ်နိုင်ရန်အတွက်သာ ဖြစ်သည်။ ထိုနောက် ကရင်နီပြည်သို့ တရုပ်ဖြူတို့သည် မိုင်းဆပ်မှတဆင့် စစ်ကူပို့ပေးခဲ့သည်။

ထိုအချိန်တွင်နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် စောရွှေခေါင်းဆောင်သော ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရကို သူပုန်ဟု ကြေညာခဲ့သည်။ ဤသည်မှာ နယ်ချဲ့ဖဆပလအစိုးရသည် ကရင်နီပြည်ကိုလည်း နယ်ချဲ့ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ယင်းတို့ကို ခုခံတိုက်ခိုက်သော ကရင်နီပြည် အစိုးရကိုလည်း သူပုန်ဟု ကြေညာခဲ့သည်။ သူခိုးက အိမ်ရှင်ကို သူခိုးဟု ပြန်စွပ်စွဲသကဲ့သို့ ဖြစ်နေပေသည်။ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် ကေအဲန်ဒီအိုနှင့် ဆက်သွယ်လျှင် ကေအဲန်ဒီအိုနှင့် ပူးပေါင်းသည်ဟု စွပ်စွဲခဲ့သည်။ တရုပ်ဖြူနှင့် ဆက်သွယ်လျှင် တရုပ်ဖြူနှင့် ပူးပေါင်းသည်ဟု စွပ်စွဲခဲ့သည်။ တရားဥပဒေအရ ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်ငယ်တပြည်ဖြစ်သည့်အတိုင်း မိမိအား နယ်ချဲ့ကျူးကျော်တိုက်ခိုက်နေသော ဖဆပလအစိုးရကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သော လူမျိုးများ၊ အဖွဲ့များ၊ ပါတီများ စသည်တို့နှင့် ဆက်သွယ်ရန်မှာ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရ၏ သမိုင်းပေးတာဝန်ဖြစ်ပေသည်။ သို့မှသာ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရကို ဘုံရန်သူအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပေသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရအနေဖြင့် အိမ်ရှင်ကရင်နီပြည်အစိုးရကို အမျိုးမျိုးစွပ်စွဲသည်မှာ နယ်ချဲ့၏ လုပ်နည်းလုပ်ဟန်တခုသာ ဖြစ်ပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ ဗမာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရာတွင် ခုခံတော်လှန်သော ဗမာပြည်သူတို့ကို သူပုန်ဟု သတ်မှတ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခဲ့သည်မဟုတ်ပါလော။ ဤသည်မှာ နယ်ချဲ့၏ သုံးရိုးလုပ်ဟန်တခုဖြစ်ပေသည်။

သို့သော် ထိုထက်ဆိုးသည်မှာ သူခိုး၏ ခိုးရာပါ ပစ္စည်းအကြွင်းအကျန်ကို လက်ခံရရှိရုံဖြင့် သူခိုးအတွက် သက်သေလိုက်ပေးနေသော စာရေးဆရာများ၊ သတင်းထောက်များ၊ နိုင်ငံရေးအချောင်သမားတို့ ဖြစ်ပေသည်။ သူတို့သည် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ၏ လေသံကိုလိုက်၍ ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှန်ကို အမှားမှားအယွင်းယွင်းလွှဲပြောင်းရေးသားပစ်

သောသူများ ဖြစ်ကြပေသည်။ ထိုသူများကိုလည်း ကရင်နီပြည်သူလူထု၏ ရန်သူအဖြစ် သတ်မှတ်ရပေမည်။

၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ဗိုလ်မှူးချုပ်ကျော်ဇော်ဦးစီးသည့် တပ်မဟာနှစ်ခုဖြင့် ကရင်နီပြည်ကို အကြီးအကျယ်ကျူးကျော်တိုက်ခိုက်လာပြန်သည်။ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရ လက်ထဲမှ မော်ချီးမြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်တော့သည်။ ကရင်နီပြည်ကို နယ်ချဲ့မဟာဗမာဖဆပလအစိုးရက ကျူးကျော်တိုက်ခိုက်သိမ်းပိုက်လိုက်သော်လည်း ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် လုံးဝအညံ့မခံခဲ့ပေ။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်၏ မြို့ဟူသမျှကို ကျူးကျော်သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် တောလက်ကျေးရွာများမှာ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရလက်ထဲတွင် ယနေ့အထိ စွဲမြဲစွာ တည်ရှိနေပေသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ပိုင်မြေကြီးအချို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ကရင်နီပြည်သူပြည်သားကို မသိမ်းပိုက်နိုင်ခဲ့ချေ။ ကရင်နီပြည်ကို အုပ်စိုးနိုင်ခဲ့သည်။ သို့သော် ကရင်နီပြည်သူများ၏ စိတ်ဓါတ်ကို မစိုးမိုးနိုင်ခဲ့ပေ။ လက်နက်အားကိုးဖြင့် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နင်းချေနိုင်ခဲ့သည်။ သို့သော် ကရင်နီပြည်သူများ၏ စိတ်နှလုံးထဲတွင်ကိန်းအောင်းနေသော သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မျိုးစေ့ကိုမူ မနင်းချေနိုင်ပေ။ ဤမျိုးစေ့သည် ကရင်နီပြည် ခုခံတော်လှန်ရေးအစိုးရ၏ အောင်ပွဲကို အာမခံပေးလျှက် ရှိပေသည်။ ပြည်သူလူထု၏ ထာဝစဉ်ထောက်ခံမှုကိုလည်း ဖြည့်တင်းပေးလျှက်ရှိပေသည်။ ထိုကြောင့် ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် မြို့များကို စွန့်လွှတ်ရသော်လည်း ကျေးလက်တောရွာတွင် အခြေစိုက်နိုင်ခဲ့ပြီး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ဆက်လက်ခုခံတော်လှန်တိုက်ပွဲဝင်နိုင်ခဲ့ပေသည်။ ကရင်နီပြည်သူလူထုအတွက် ဘဝလွတ်မြောက်ရေး၊ လူနေမှုအဆင့် မြှင့်တင်ရေး၊ ဒီမိုကရေစီရေးအတွက် ဆက်လက်တိုက်ပွဲဝင်နိုင်ခဲ့ပေသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာထွန်းကားသော ကရင်နီပြည် တည်ဆောက်နိုင်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်နိုင်ခဲ့ပေသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကွယ်ပျောက်ရေးအတွက်ငှင်း၊ ကရင်နီပြည်သူလူထုကို ကျွန်ပြုဖိနှိပ်နိုင်ရေးအတွက်ငှင်း၊ မဟာဗမာလူမျိုးကြီးဝါဒကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက်ငှင်း၊ ကရင်နီပြည်၏ သမိုင်းဖြစ်စဉ်မှန်ကို အမှားမှားအယွင်းယွင်း လွဲပြောင်းရေးသားခဲ့သည်။ မည်ကဲ့သို့ပင် လွဲပြောင်းရေးသားစေကာမူ သမိုင်းဖြစ်စဉ်မှန်မှာ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရနှင့်အတူ ရှိနေပါသေးသည်။ အောင်ပွဲရယူရန်အတွက် ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရနှင့်အတူ ချီတက်လျှက် ရှိနေပေသည်။ ကရင်နီပြည်သူပြည်သားအောင်ပွဲခံသောနေ့နှင့် သမိုင်းဖြစ်စဉ်မှန်အောင်ပွဲခံသောနေ့သည် တထပ်တည်းဖြစ်နေပေမည်။

နယ်ချဲ့ဖဆပလအစိုးရသည် ကရင်နီပြည်ကို သိမ်းပိုက်ပြီးနောက် ကမ္ဘာက သိသော ကရင်နီပြည်ကို ကယားပြည်နယ်ဟု နာမည်လွှဲပြောင်းခေါ်ဝေါ်လိုက်သည်။ ကရင်နီပြည်သူလူထုကို လှည့်စားရန်အတွက် ပြည်နယ်အတုအယောင်အဆင့်ကို ပေးလိုက်သည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကွယ်ပျောက်ရေးအတွက် မည်ကဲ့သို့ပင် ကြိုးစားဆောင်ရွက်စေကာမူ တနေ့တခြား မျက်စိပွင့်လာသော ပြည်သူလူထုသည် သမိုင်းဖြစ်စဉ်မှန်ကိုသာ လိုက်လံရှာဖွေမည်ဖြစ်ပေသည်။ သမိုင်းဖြစ်စဉ်မှန်ကို အခြေခံ၍ ကရင်နီပြည်၏ သီးခြားလွတ်လပ်

ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ဆက်လက်တိုက်ပွဲဝင်မည်မှာ မုချဖြစ်ပေသည်။

နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်သမိုင်းဖြစ်စဉ်မှန်ကို ထိန်းသိမ်းကာကွယ်ထားသော ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရကို ယင်း၏ ကြေးစားတပ်အလုံးအရင်းဖြင့် နှစ်စဉ်နှင့်အမျှ အစွမ်းကုန် တိုက်ခိုက်ချေမှုန်းခဲ့ပေသည်။ သို့သော် ကရင်နီပြည်သူလူထုတရပ်လုံးထောက်ခံမှု အပြည့်အဝရရှိထားသော ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် မပြိုကွဲသည့်အပြင် တနေ့တခြား အင်အားကြီးထွားလာလျှက် ရှိပေသည်။

ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် တော်လှန်သော သဘောတရား အပြည့်အဝဖြင့်ကြမ်းတမ်းခက်ခဲသည့် တော်လှန်ရေးခရီးကို ဆက်လက်ချီတက်ပြီး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ခုခံတိုက်ပွဲလျှက် ရှိပေသည်။ နယ်ချဲ့ဖဆပလအစိုးရကို ခုခံတော်လှန်နေကြသည့် လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့နှင့်လည်း အဆက်အသွယ်ရယူ၍ တော်လှန်ရေး၊ စစ်ရေး၊ နိုင်ငံရေးတို့၏ အတွေ့အကြုံသဘောတရားများကို ဖလှယ်နိုင်ခဲ့ပေသည်။ ထိုခုခံတော်လှန်သော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့နှင့် မဟာမိတ်ဖွဲ့ပြီး ဘုံရန်သူနယ်ချဲ့ဖဆပလအစိုးရကို ပြတ်ပြတ်သားသားခုခံတိုက်ခိုက်လျှက် ရှိပေသည်၊ မိမိ၏ တော်လှန်သော အတွေ့အကြုံများမှ သင်ခန်းစာများကို ရယူပြီး အဆင့်အတန်းမီသော အမျိုးသားတော်လှန်ရေးတရပ်သို့ တက်လှမ်းနိုင်ခဲ့ပေသည်။ မိမိ၏ နိုင်ငံရေးပါတီကိုလည်း အဆင့်အတန်းမြင့်မားသည့် နိုင်ငံရေးပါတီတရပ်အဖြစ်သို့ မြှင့်တင်နိုင်ခဲ့ပေသည်။ ကရင်နီပြည်သူလူထုတရပ်လုံး၏ အကျိုးနှင့် ကိုက်ညီသည့် ဝါဒလမ်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ပေသည်။ ကရင်နီပြည်သူလူထုတရပ်လုံး၏ ဆန္ဒနှင့် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေတရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။

# အခန်း ( ၄ )

## ( ၁ ) နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရ ပြုတ်ကျရခြင်း။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်သည် အင်္ဂလိပ်အစိုးရထံမှ ဗမာ့လွတ်လပ်ရေးတောင်းဆိုခဲ့သည်။ တောင်တန်းဒေသများကိုလည်း သွေးဆောင်စည်းရုံးပြီး ဗမာပြည်နှင့် ပူးပေါင်းရန် သဘောတူညီမှု ရရှိခဲ့သည်။ ယင်းတို့ ရေးဆွဲသည့် အခြေခံစည်းမျဉ်းဥပဒေထဲတွင် ကရင်နီပြည်ကို ဗမာပြည်၏ အစိပ်အပိုင်းတခုအဖြစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၄၇ ခုနှစ်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံသတ်ဖြတ်ခြင်းခံရပြီးနောက် ဦးနုသည် ယင်းအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ဦးနုသည် အင်္ဂလိပ်အစိုးရနှင့် နုအက်တလီစာချုပ်ကို ချုပ်ဆိုပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်အ

စိုးရထံမှ ဗမာပြည် လွတ်လပ်ရေးကို လက်ခံရရှိခဲ့သည်။ ဖဆပလအဖွဲ့သည် ဗမာပြည်အစိုးရ ဖြစ်လာခဲ့သည်။ ဦးနုလည်း ဗမာပြည် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသော အခါ အုပ်စိုးသူ ဖဆပလအစိုးရသည် ဗမာပြည်သူလူထု၏ လိုအပ်သော ဆန္ဒများကို မဖြည့် စွက်နိုင်သည့်အပြင် နယ်ချဲ့နိုင်ငံကြီးများ၏ ချယ်လှယ်မှုကို လက်ခံခဲ့သည်။

ထို့ကြောင့် အလံဖြူ၊ အလံနီ ကွန်မြူနစ်ပါတီများ၊ ရဲဘော်ဖြူများ စသည့် အဖွဲ့အစည်းများ ပါတီများတို့ ပုန်ကန်ထကြွကြသည်။ ကရင်အမျိုးသားများ၏ တောင်းဆိုမှုကို ကျော်ခိုင်းသော ကြောင့် ကေအဲန်ဒီအိုအဖွဲ့လည်း ပုန်ကန်ထကြွခဲ့သည်။ ထို့နောက် မူဂျာဟင်ဒီတို့လည်း ပုန်ကန်ထကြွကြသည်။ ကရင်နီပြည်ကိုလည်း နယ်ချဲ့ကျူးကျော်သောကြောင့် ကရင်နီပြည်နှင့် စစ်ဖြစ်ခဲ့ သည်။

ဤသို့ဖြင့် ဗမာပြည်တွင်းစစ်မီးတဟုန်းဟုန်းတောက်လောက်လျှက်ရှိပေသည်။ နယ်ချဲ့ဖဆ ပလအစိုးရလည်း လွတ်လပ်ရေးမရခင်က ပြည်ထောင်စုတွင် ပူးပေါင်းပါဝင်သော လူမျိုးများ နှင့် သဘောတူညီချက်များကို ကျော်ခိုင်းလျှက် နယ်ချဲ့မဟာဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးလာ ခဲ့သည်။ ဗမာပြည်သူလူထုနှင့် ဗမာပြည်ထောင်စုတွင် ပူးပေါင်းပါဝင်သော လူမျိုးပေါင်းစုံ၏ ဒီ မိုကရေစီကျသည့် တရားမျှတသော တောင်းဆိုတိုက်ပွဲဝင်မှုတို့ကို တရားမျှတစွာ မဖြေရှင်းဘဲ ရက်စက်ကြမ်းကြုတ်သော နည်းမျိုးစုံဖြင့် ဖိနှိပ်သတ်ဖြတ်စစ်ပြုခဲ့သည်။ ထို့ကြောင့် ရှမ်း၊ ကချင်၊ ပအိုဝ့်၊ ချင်း၊ ရခိုင် စသော လူမျိုးများ လက်နက်ကိုင် တောင်လှန်တိုက်ပွဲဝင်လာခဲ့ကြ သည်။ ထိုအခါ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် နယ်ချဲ့အရင်းရှင်နိုင်ငံများထံမှ ငွေ ကြေးလက်နက်များကို လက်ဖြန့်အကူအညီတောင်းယူပြီး ယင်း၏ ကြေးစားတပ်ကို တိုးချဲ့ကာ လက်နက်ကိုင်တော်လှန်ကြသော အဖွဲ့အစည်းများ၊ ပါတီများ၊ လူမျိုးပေါင်းစုံများတို့ကို အ ကြမ်းဖက်စစ်ပြုနှိမ်နင်းခဲ့သည်။ ဤကဲ့သို့ဖြင့် ပြည်တွင်းစစ်ကြီးကို ပိုမိုနက်ရှိုင်းစေခဲ့ပေသည်။ ပြည်တွင်းစစ်ကြောင့် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး စသော အကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေခဲ့ရသည်။ ဤအကြပ်အတည်းပေါင်းစုံကြောင့် ၁၉၅၈ ခုနှစ်တွင် ဖဆပလအဖွဲ့အတွင်း၌ ပဋိပက္ခအကြီးအကျယ် ဖြစ်ပွားပြီး သန့်ရှင်းဖဆပလ နှင့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲထွက်သွားခဲ့သည်။ တည်မြဲနှင့် သန့်ရှင်းဖဆပလတို့သည် အချင်းချင်းအာဏာလုကြရာတွင် သန့်ရှင်းဖဆပလအရေးသာသောကြောင့် သန့်ရှင်းဖဆပလ အစိုးရဖြစ်လာခဲ့သည်။ သန့်ရှင်းဖဆပလအစိုးရသည် အာဏာရပြီး ၃ လ ၁၇ ရက်အကြာတွင် ပြုတ်ကျသွားပြီး ဖက်ဆစ်စစ်အာဏာရှင် နေဝင်းဦးဆောင်သည့် စစ်တပ်က နိုင်ငံတော်အာဏာ ကို ထိန်းသိမ်းခဲ့သည်။ ဤသို့ စစ်အာဏာရှင် အစိုးရသည် နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီး တနှစ် ၆ လ အကြာတွင် သန့်ရှင်းဖဆပလသည် ပထစ အမည်သစ်ဖြင့် အာဏာပြန်ရရှိပြီး အ စိုးရဖြစ်လာခဲ့သည်။ ပထစ အစိုးရသည် ဗမာလူမျိုးများ အပါအဝင် ဗမာပြည်ထောင်စုတွင် ပူး ပေါင်းပါဝင်သော လူမျိုးပေါင်းစုံ၏ ဒီမိုကရေစီကျသည့် တရားမျှတသော တောင်းဆိုတိုက်ပွဲ ဝင်မှုများကို ယခင်ကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ အကြမ်းဖက် ဖိနှိပ်စစ်ပြုသတ်ဖြတ်ပြန်သည်။ ထို့ကြောင့် ပထစ ပါတီထဲတွင်ငှင်း၊ ပထစ အစိုးရအဖွဲ့ထဲတွင်ငှင်း ပဋိပက္ခအပြင်းအထန် ဖြစ် ပွားလာပြန်သည်။ လက်နက်ကိုင်တော်လှန်သော လူမျိုးပေါင်းစုံလည်း အင်အားကြီးထွားလာခဲ့ သည်။

ဤအခြေအနေသို့ ဆိုက်ရောက်သောအခါ ပထစ အစိုးရသည် ဗမာပြည် ထောင်စုတွင်

ပူးပေါင်းပါဝင်သော လူမျိုးပေါင်းစုံတွင်၎င်း၊ ကရင်နီပြည်သူလူထုကို၎င်း ဆက်လက်ဖိနှိပ် ကျွန်ပြုနိုင်တော့မည် မဟုတ်ကြောင်းကို သိရှိသော နယ်ချဲ့မဟာဗမာဝါဒီ ဖက်ဆစ် စစ်အာဏာရှင် နေဝင်း၊ စန်းယု စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်တွင် ပထစအစိုးရထံမှ အာဏာလုယူသိမ်းပိုက်လိုက်သည်။ ဤသို့ဖြင့် ကရင်နီပြည်ကို နယ်ချဲ့ကျူးကျော်သိမ်းပိုက်သော လူမျိုးပေါင်းစုကို သွေးဆောင်စည်းရုံးကျွန်ပြုသော နယ်ချဲ့အရင်းရှင် နိုင်ငံကြီးများ၏ ချယ်လှယ်မှုကို လက်ခံသော နယ်ချဲ့မဟာဗမာဝါဒီဖဆပလအဖွဲ့ချုပ်သည် ဖာတ်သိမ်း နိဂုံးချုပ် ကျဆုံးလေတော့သည်။

## (၂) နယ်ချဲ့ မဟာ ဗမာဝါဒီဖက်ဆစ်အာဏာရှင် မဆလ နေဝင်း၊ စန်းယုအစိုးရ ။

နယ်ချဲ့မဟာဗမာဝါဒီပထစအစိုးရသည် ကရင်နီပြည်သူလူထုကို၎င်း၊ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးပေါင်းစုံတို့ကို၎င်း အကြမ်းဖက်နည်းဖြင့် ဆက်လက်ဖိနှိပ်ကျွန်ပြုရန် အင်အားမရှိတော့ကြောင်း သိရှိသော ဖက်ဆစ်အာဏာရှင်နေဝင်း၊ စန်းယုစစ်အုပ်စုသည် ပုံစံသစ် ဖြင့် ဖိနှိပ်ကျွန်ပြုရန်အတွက် ပထစလက်ထဲမှ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် အာဏာလု ယူသိမ်းပိုက်လိုက်သည်။ အာဏာလက်ဝယ်သိမ်းပိုက်ထားသော ဖက်ဆစ်အာဏာရှင်နေဝင်း၊ စန်းယုစစ်အုပ်စုသည် ယင်းတို့၏ နယ်ချဲ့မဟာဗမာဝါဒီဘီလူးရုပ်သွင်ကို လူတန်းစားရေးဖြင့် ဖုံးကွယ်နိုင်ရန်အတွက် ၁၉၆၂ ခုနှစ်၊ ဧပြီလအတွင်းတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မဆလဖြင့် ဗမာပြည်တွင် မြန်မာ့နည်း မြန်မာ့ဟန်နှင့် ဆိုရှယ်လစ်လောကသစ်ကို တည်ဆောက်မည်ဟု ကျေညာကာ နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင် မဆလအစိုးရဖြစ်လာခဲ့သည်။ ယခုကဲ့သို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ( မဆလ ) ကို ရေးဆွဲချမှတ်ရခြင်းမှာ ကရင်နီပြည်သူလူထုနှင့် ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများတို့ကို နယ်ချဲ့မဟာဗမာလူမျိုးကြီးစနစ် ဟောင်းဖြင့် ဖိနှိပ်ကျွန်ပြုသတ် ဖြတ်စစ်ပြုလာခဲ့သည်မှာ ကြာမြင့်ပြီဖြစ်၍ ယင်းစနစ်ဆိုးကို ထိုလူမျိုးများက လွန်စွာ မုန်းတီးပြီး ဖြစ်သည်။ ထို့ကြောင့် လူမျိုးများကို ပုံစံသစ်ဖြင့် နယ်ချဲ့ဖိနှိပ်ကျွန်ပြုသတ်ဖြတ်၊ စစ်ပြုနိုင်ရန် ရေးဆွဲချမှတ်ရခြင်းဖြစ်သည်။ ဤဆိုရှယ်လစ်အတုအယောင် မဆလ လမ်းစဉ်ဖြင့် ဗမာလူမျိုးထဲတွင်၎င်း၊ ကရင်နီ ပြည်သူလူထုထဲတွင်၎င်း၊ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများထဲတွင်၎င်း ယင်းတို့၏ ဖက်ဆစ်အာဏာရှင်စစ်အုပ်စုကို ထာဝစဉ်အကျိုးပြုမည့် သရုပ်ပျက် မဆလ လူတန်းစားကို ဖော်ထုတ်ပြီး ယင်းလူတန်းစား ထောက်ခံမှုဖြင့် ကရင်နီပြည်သူလူထုနှင့် ဗမာပြည်တွင် ပူးပေါင်းပါဝင်စော လူမျိုးပေါင်းစုံတို့ကို အကြမ်းဖက် နယ်ချဲ့ဖိနှိပ်ကျွန်ပြု စစ်ပြုသတ်ဖြတ်ရန် ကြိုးစားနေပေသည်။ သို့သော် ယင်းတို့ ခန့်မှန်းသကဲ့သို့ ဖြစ်မလာခဲ့ပေ။ ယင်းတို့ ဖော်ထုတ်သော သရုပ်ပျက် မဆလ လူတန်းစားသည် အခွင့်အရေးရ လူတန်းစားဖြစ်လာပြီး ဗမာပြည်တွင်ရှိသော တောင်သူလယ်သမား၊ အလုပ်သမား၊ ခေတ်ပညာတတ် နေရှင်ပေါက်စများ စသည့် လူတန်းစားများတို့ကို ဖိနှိပ်ချုပ်ချယ်လာတော့သည်။ ထို့ကြောင့် အဖိနှိပ်ချုပ်ချယ်ခံ လူတန်းစားများတို့သည် မခံမရပ်နိုင်ဖြစ်ကြပြီး လက်နက်စွဲကိုင် တော်လှန်ကြသဖြင့် ဗမာလူမျိုးများထဲတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များစွာ ပေါ်လာတော့သည်။

ထိုအပြင် တောင်သူလယ်သမား၊ အလုပ်သမား စသော လူတန်းစားများအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်နေသော ဗမာပြည်ကွန်မြူနစ်ပါတီလည်း အင်အားကြီးမားလာရပေသည်။ ထို့နည်းတူ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများတို့သည်လည်း ယင်း မဆလ လူတန်းစား၏ ဖိနှိပ်ကျွန်ပြုသတ်ဖြတ်မှုကို မခံနိုင်တော့သဖြင့် လက်နက်ကိုင်တော်လှန်ပြီး အမျိုးသားဒီမိုကရေစီလမ်းစဉ်ကို ချီတက်ကြတော့သည်။ ကရင်နီပြည်သူလူထုသည်လည်း ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရဖက်တွင် ရပ်တည်ကာ နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင်မဆလ နေဝင်း၊ စန်းယုအစိုးရကို အစွမ်းကုန်ခုခံတော်လှန်တိုက်ခိုက်နေပေသည်။ ဤသို့ဖြင့် ဗမာပြည်၏ ပြည်တွင်းစစ်သည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာနေပေသည်။ ပြင်းထန်လာသည်ထက် ပြင်းထန်လာနေပေသည်။

နယ်ချဲ့မဟာဗမာဝါဒီ ဖက်ဆစ်စစ်အာဏာရှင်မဆလ နေဝင်း၊ စန်းယုအစိုးရသည် ဗမာလူမျိုးအပါအဝင် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်နေသော လူမျိုးပေါင်းစုံတို့ကို အကြမ်းဖက်စစ်ပြုနှိပ်နင်းရန် နယ်ချဲ့အရင်းရှင်နှင့် ဆိုရှယ်နယ်ချဲ့နိုင်ငံတို့ထံမှ ဒူးထောက်လက်ဖြန့် အကူအညီတောင်းခံနေရပေသည်။ ယင်းနယ်ချဲ့နိုင်ငံများထံမှ ရရှိသော ကြေးငွေ၊ လက်နက်များဖြင့် ကြေးစားတပ်ကို တိုးချဲ့ကာ ပြည်တွင်းစစ်ကို အစွမ်းကုန် တိုးချဲ့နေပေသည်။ ပြည်တွင်းစစ်ပြင်းထန်လာသည်နှင့်အမျှ မဆလ နေဝင်း၊ စန်းယုအစိုးရသည်လည်း စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး အကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရပေသည်။ ပြည်တွင်းစစ် ကြာရှည်လာသည်နှင့်အမျှ တိုင်းပြည်စီးပွားရေးလည်း အဖတ်ဆယ်မရအောင် ကျဆင်းလျှက်ရှိနေပေသည်။ စီးပွားရေးအကြီးအကျယ်ကျဆင်းနေသောကြောင့် ကမ္ဘာကို လှည့်ပြီး ငွေချေးယူနေရသော အစိုးရ ဘဝသို့ ရောက်ရှိနေပေသည်။ ဤသို့ဖြင့် နယ်ချဲ့မဟာဗမာဝါဒီ ဖက်ဆစ်စစ်အာဏာရှင် မဆလ နေဝင်း၊ စန်းယုအစိုးရသည် အကြွေးပင်လယ်တွင် နစ်ချီ ပေါ်ချီဖြင့် ကူးခတ်နေရရှာသည်။ ဗမာပြည်သူလူထုသည်လည်း စားဝတ်နေရေး အကြပ်အတည်း ဘေးဒုက္ခအကြီးအကျယ် ရင်ဆိုင်နေရပေသည်။

နယ်ချဲ့မဟာဗမာဝါဒီ ဖက်ဆစ်စစ်အာဏာရှင် နေဝင်း၊ စန်းယုအစိုးရသည် ဗမာပြည်သူလူထုဆင်းရဲဒုက္ခတ်မွတ်နေသည်ကို လှည့်မကြည့်ဘဲ ယင်း၏ အာဏာတည်မြဲရေး၊ မနဥစ္စာ တိုးဖက်ချမ်းသာရေး၊ ဗမာလူမျိုးများ အပါအဝင် ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးပေါင်းစုံကိုရင်း၊ ကရင်နီပြည်သူလူထုကိုရင်း ထာဝစဉ်ဖိနှိပ်ကျွန်ပြုရေးတို့အတွက် ပြည်သူလူထုကို နိုင်ငံရေးနည်းမျိုးစုံဖြင့် ဆက်လက်လိမ်ညာမှိုင်းတိုက်လျှက် ရှိနေပေသည်။ အာဏာသိမ်းပိုက်ပြီးသောအခါ ပင်လုံစာချုပ်ကို အခြေခံ၍ နယ်ချဲ့မဟာဗဗမာဝါဒီဖဆပလအစိုးရရေးဆွဲခဲ့သည့် ပြည်ထောင်စု အမည်ခံ ဗမာပြည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေကို ယင်း၏ ဆန္ဒအရ ဖျက်သိမ်းလိုက်သည်။ ဤသို့ ဖျက်သိမ်းလိုက်ခြင်းမှာ ကရင်နီပြည်သူလူထုကိုရင်း၊ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများကိုရင်း ဆထက်တံပိုး ဖိနှိပ်ကျွန်ပြုသတ်ဖြတ်စစ်ပြုရာတွင် ယင်းအခြေခံဥပဒေက အနှောင့်အယှက်ပေးနိုင်သည်ဟု ယူဆသောကြောင့် ဖြစ်ပေသည်။ သို့သော် ဤအခြေခံဥပဒေကို ဖျက်သိမ်းလိုက်ခြင်းအားဖြင့် ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယားပြည်နယ်တို့သည် အလိုအလျှောက် လွတ်မြောက်လာပြီး ဖြစ်ပေသည်။ အကြောင်းမှာ ထိုပြည်နယ်များသည် ဗမာပြည်၏ အစိပ်အပိုင်းများအဖြစ် ပြဋ္ဌာန်းသော ဥပဒေကို ရပ်စဲလိုက်သောသဘောသက်ရောက်နေပေသည်။

နယ်ချဲ့မဟာဗမာဝါဒီ ဖက်ဆစ်စစ်အာဏာရှင်မဆလ နေဝင်း၊ စန်းယုအစိုးသည် ၁၉၇၃ ခုနှစ်တွင် ယင်းတို့၏ အာဏာတည်မြဲရေး မနဥစ္စာချမ်းသာတိုးတက်ရေး၊ နယ်ချဲ့မဟာဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးနိုင်ရေးတို့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်သစ်ကို ယင်းတို့စိတ်ကြိုက်ရေးဆွဲပြီး ဒီဇင်ဘာလအတွင်း၌ ပြည်သူလူထုများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ အတင်းအဓမ္မနည်းဖြင့် ဆန္ဒမဲပေးအတည်ပြုခိုင်းသည်။

ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီလည်း ကရင်နီပြည်သည် သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်ကြောင်း၊ မဆလနေဝင်း၊ စန်းယုအစိုးရရေးဆွဲနေသည့် အခြေခံဥပဒေသစ်သည် ကရင်နီပြည်နှင့် မည်သို့မျှ မပါတ်သက်ကြောင်းကို ယင်းအခြေခံဥပဒေသစ် မရေးဆွဲခင်ကတည်းက ကျေညာခဲ့သည်။

ပြည်သူလူထုသည် ယင်းဖောက်ပြန်သော ဥပဒေကို ကန့်ကွက်သော အနေဖြင့် လုံးဝဆန္ဒမဲပေးသော နေကြသည်။ ဆန္ဒမဲ မရရှိသော မဆလ နေဝင်း၊ စန်းယုအစိုးရသည် ယင်းတို့၏ ကြေးစားတပ်အားကိုးဖြင့် ကရင်နီပြည်သူလူထု၏ ဆန္ဒမဲကို အကြမ်းဖက်အတင်းအဓမ္မလုယူခဲ့သည်။ ကရင်နီပြည်သူလူထုလည်း ကရင်နီအမျိုးသားတော်လှန်ရေးတပ်ဖွဲ့နှင့် လက်တွဲ၍ ခုခံတော်လှန်တိုက်ခိုက်ကြသည်။ ကရင်နီအမျိုးသားတော်လှန်ရေးတပ်ဖွဲ့နှင့် ပြည်သူလူထုတို့သည် မဆလ နေဝင်း၊ စန်းယုအစိုးရ၏ ကယားပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီအတွင်းရေးမှူးကိုင်း၊ မဆလ ပါတီကေဒါအရာရှိ ၁၀ ဦးကိုင်း၊ ဆန္ဒမဲခံယူပွဲကော်မီရှင်လူကြီး ၃၀၀ ကျော်ကိုင်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ နောက်ဆုံးတွင် ကရင်နီပြည်သူလူထု၏ ဆန္ဒမဲကို မရရှိသော မဆလ နေဝင်း၊ စန်းယုအစိုးရသည် ဆန္ဒမဲလိမ်၊ ဆန္ဒမဲတုပြုလုပ်ပြီး ယင်းတို့၏ ဥပဒေသစ်ကို ယင်းတို့ဖာသာ အတည်ပြုလိုက်ကြသည်။ ဤသည်မှာ ကရင်နီပြည်သူလူထုသည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ထာဝစဉ်တိုက်ပွဲဝင်နေကြောင်းကို ပြသလိုက်ခြင်းဖြစ်သည်။

ကရင်နီအမျိုးသားတော်လှန်ရေးနှင့် ပြည်သူလူထုတို့သည် မဆလ နေဝင်း၊ စန်းယု၏ အခြေခံဥပဒေသစ်ကို လုံးဝအသိအမှတ်ပြုမည်မဟုတ်ကြောင်း ကြိုတင်ကျေညာထားသည့်အတိုင်း ယင်းဥပဒေသစ်၏ ပြဋ္ဌာန်းချက်အရ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရွေးချယ်တင်မြှောက်သော ယင်းတို့၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ကောင်စီဝင်အဆင့်ဆင့်တို့ကိုလည်း လုံးဝဆန္ဒမဲ မထည့်ခဲ့ပေ။ သို့အတွက်ကြောင့် မဆလ နေဝင်း၊ စန်းယုအစိုးရသည် ယင်းတို့ကြိုက်နှစ်သက်သည့် အချောင်သမားများကို ယင်းတို့ဖာသာ ရွေးချယ်ပြီး ကယားပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်အဆင့်ဆင့် ခန့်အပ်လိုက်ကြသည်။ မဆလ နေဝင်း၊ စန်းယုရွေးချယ်ခန့်ထားသော ရုပ်သေးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်အဆင့်ဆင့်တို့သည် ကရင်နီပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များ မဟုတ်ကြပေ။ ကရင်နီပြည်သူလူထုကို ဖိနှိပ်ကျွန်ပြုသတ်ဖြတ်သည့် မဆလနေဝင်း၊ စန်းယုအစိုးရ၏ လက်ကိုင်တုတ်များသာဖြစ်ကြသည်။ ယင်းလက်ကိုင်တုတ်များသည် ကရင်နီပြည်သူလူထု၏ ဆန့်ကျင်တိုက်ခိုက်မှုကို ပြင်းထန်စွာ ခံရသဖြင့် မဆလ နေဝင်း၊ စန်းယုအစိုးရ၏ ကြေးစားတပ်ကိုသာ အားကိုးနေရသည်။ ဤနည်းဖြင့် ကရင်နီပြည်သူလူထုသည် မဆလ နေဝင်း၊ စန်းယုအစိုးရ၏ အခြေခံဥပဒေသစ်ကို လုံးဝဆန့်ကျင်ပယ်ချပြီး ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ကရင်နီအမျိုးသားကွန်

ကရက်မှ ရေးဆွဲချမှတ်ပေးသည့် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အတိုင်း ချီတက်လျှက်ရှိကြပေသည်။

နယ်ချဲ့ဗမာဝါဒီ ဖက်ဆစ်စစ်အာဏာရှင် နေဝင်း၊ စန်းယုအစိုးရသည် ယင်း၏ အခြေခံဥပဒေသစ်ကို အတင်းအဓမ္မနည်းဖြင့် အတည်ပြုပြီး ယင်းဥပဒေသစ်အရ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ကောင်စီဝင်အဆင့်ဆင့်ကို ရွေးချယ်တင်မြှောက် ပွဲပြုလုပ်သောအခါတွင် ယင်းတို့၏ နာမည်နှင့် ယင်းတို့၏ လက်ကိုင်တုတ်နာမည်များကို ကျေညာပြီး ယင်းတို့ကိုယ်ကို ပြည်သူလူထုအား အတင်းအဓမ္မ ဆန္ဒမဲပေးခိုင်းသည်။ ပြည်သူလူထု မဲမပေးလျှင်လည်း ယင်းတို့ဖာသာ ရွေးချယ်တင်မြှောက်ခန့်အပ်ကြသည်။ ယင်းတို့ အခြေခံဥပဒေသစ်၏ ပြဋ္ဌာန်းချက်အရ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော ရှမ်း၊ ချင်း၊ ကချင်၊ ရခိုင်၊ မွန်၊ ကရင်၊ ကယားလူမျိုးများ၏ ပြည်နယ် ၇ ခုနှင့် တိုင်း ၇ တိုင်းတို့ကို ဖွဲ့စည်းလိုက်ပြီး ပြည်ထောင်စုဆိုရှယ်လစ်သမတမြန်မာနိုင်ငံတော် ဟူ၍ ခေါ်ဝေါ်သမုတ်သည်။ ယင်းအခြေခံဥပဒေသစ်အရ ပြည်ထောင်စုဆိုရှယ်လစ်သမတ မြန်မာနိုင်ငံတော်ဟုခေါ်သောလည်း လက်တွေ့မှာ ပြည်ထောင်စုအတုအယောင်သာ ဖြစ်သည်။ နယ်ချဲ့မဟာဝါဒီဖက်ဆစ်အာဏာရှင်မဆလနေဝင်း၊ စန်းယုအစိုးရသည် ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများနှင့် ကမ္ဘာတို့ ကြားကောင်းစေရန် ပြည်ထောင်စုအတုအယောင် ဖွဲ့စည်းပေးပြီး ပြည်ထောင်စုဟု ခေါ်ဝေါ်သမုတ်ခြင်းသာ ဖြစ်သည်။ တကယ်တွင် ဗဟိုရ်အစိုးရမှ တိုက်ရိုက်ချုပ်ကိုင်အုပ်ချုပ်သော တပြည်ထောင်စနစ်ကိုသာ ကျင့်သုံးလျှက် ရှိပေသည်။ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများ၏ ပြည်နယ်များမှာ ဘာမှ အခွင့်အရေးမရပေ။ ပြည်နယ်ကောင်စီဝင်တို့သည် ပြည်နယ်ရှိ လူမျိုးများ၏ လူမှုရေးအခြေခံဒီမိုကရေစီအခွင့်အရေးကို ကာကွယ်ပေးသည့် ဥပဒေကိုဂ်၊ လူမျိုးများ၏ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးဥပဒေကိုဂ်၊ အုပ်ချုပ်ရေးဥပဒေများကိုဂ် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် လုံးဝမရရှိပေ။ ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများတို့ကိုဂ်၊ မဆလ နေဝင်း၊ စန်းယုအစိုးရသည် ယင်းတို့၏ ကြေးစားတပ်မှ ဗိုလ်မှူးများကို ရွေးထုတ်ပြီး တိုက်ရိုက်ခန့်အပ်ထားလျှက် ရှိနေပေသည်။ ထိုကြေးစားတပ်ဗိုလ်မှူးများသည် မဆလနေဝင်း၊ စန်းယုအစိုးရ၏ အမိန့်အတိုင်း ပြည်နယ်လူထုကို အစွမ်းကုန်ဖိနှိပ်ကျွန်ပြုသတ်ဖြတ်နေကြပေသည်။ ဤနည်းဖြင့် နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင်နေဝင်း၊ စန်းယုအစိုးရ၏ ကိုလိုနီကျွန်ဖြစ်သော ပြည်နယ်လူထုများ၏ ဘဝမှာ နယ်ချဲ့အင်္ဂလိပ်ကိုလိုနီကျွန်ဘဝထက် အဆပေါင်းများစွာ ဆိုးရွားနေပေသည်။ ပြည်နယ်လူထုများအတွက် ဘဝလုံခြုံမှု လုံးဝမရှိတော့ပေ။ သို့အတွက်ကြောင့် ပြည်နယ်လူထု၏ တခုတည်းသော လွတ်မြောက်နိုင်မည့် နည်းလမ်းမှာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်သာ ဖြစ်ပေတော့သည်။ ဤသို့ဖြင့် နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်အာဏာရှင်မဆလနေဝင်း၊ စန်းယုအစိုးရနှင့် လက်နက်ကိုင်တော်လှန်ကြသော လူမျိုးများ၏ စစ်မီးသည် တနေ့တခြား ကြီးမားလျှက် ရှိနေပေသည်။

## (၃) ခုခံတော်လှန်ရေးမှ ကရင်နီအမျိုးသားတော်လှန်ရေးအဆင့်သို့ အရည်အချင်းတိုးမြင့်လာ ခြင်း။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့သည် နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရက ကရင်နီပြည်ကို စစ်ရေးအရ စတင်ကျူးကျော်တိုက်ခိုက်လာသောနေ့ ဖြစ်သည်။ ထိုနေ့သည် နယ်ချဲ့ကျူးကျော်တိုက်ခိုက်လာသည့် နယ်ချဲ့မဟာဝါဒီဖဆပလအစိုးရ၏ ကြေးစားတပ်ကို ကရင်နီပြည်အစိုးရတပ်က ပထမဦးဆုံး ခုခံတွန်းလှန်တိုက်ခိုက်သော နေ့လည်းဖြစ်ပေသည်။ ထို့ကြောင့် ကရင်နီပြည် ခုခံတော်လှန်ရေးအစိုးရအဆက်ဆက်တို့သည် ၎င်းနေ့ကို ခုခံတော်လှန်ရေးနေ့ဟု အသိအမှတ်ပြုလျှက် ရှိကြပေသည်။ ထို ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ နယ်ချဲ့ကျူးကျော်တိုက်ခိုက်လာသော ဗမာပြည်နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရသည် ကရင်နီပြည်ကို နယ်ချဲ့ကျူးကျော်နိုင်သော်လည်း ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရကိုမူ မချေမှုန်းနိုင်ခဲ့ပေ။ ယင်းအစိုးရသည် အဆမတန်သာလွန်ကြီးမားသော စစ်အင်အားဖြင့် ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရကို လုံးဝချေမှုန်းပစ်ရန် အကြိမ်ကြိမ်အခါခါ ချေမှုန်းရေး စစ်ဆင်နွှဲခဲ့သည်။ သို့သော် ကရင်နီပြည်သူလူထုတရပ်လုံး၏ ထောက်ခံမှုကို ရရှိသော ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် အခက်အခဲအကြပ်အတည်းပေါင်းစုံတို့ကို ရဲရင့်စွာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီး ဆက်လက်ရပ်တည်နိုင်ခဲ့ပေသည်။ နယ်ချဲ့မဟာဗမာဝါဒီဖဆပလအစိုးရမှာမူ ယင်းတို့၏ အဖွဲ့အစည်းအတွင်းတွင် အချင်းချင်း သဘောထားကွဲလွဲကြပြီး ပြိုကွဲကျဆင်း၍ နောက်ဆုံး၌ ပြုတ်ကျ၊ ဇာတ်သိမ်းပျောက်ကွယ်သွားလေတော့သည်။ ဖဆပလအစိုးရ၏ အမွေဆိုးကို ဆက်ခံသော နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင် နေဝင်း၊ စန်းယုအစိုးရသည် ယခင်ဖဆပလအစိုးရကဲ့သို့ပင် ကရင်နီပြည်သူလူထုကို ဖိနှိပ်ကျွန်ပြုသတ်ဖြတ်စစ်ပြုနေပေသည်။ ကရင်နီပြည်တွင်းရှိ မြေပေါ်မြေအောက်သယံဇာတပစ္စည်းဟူသမျှကို လက်ဝါးကြီးအုပ်ထုတ်ယူပြီး ယင်းတို့စစ်အုပ်စုကောင်းစားရေးအတွက် အသုံးပြုလျှက်ရှိနေသည်။ ကရင်နီပြည်၏ စီးပွားရေးကြီးငယ်ဟူသမျှကို လက်ဝါးကြီးအုပ်ထားနေသည်။ ကရင်နီပြည်သူပြည်သားအပေါ် ခေါင်းပုံဖြတ်ဂုတ်သွေးစုတ်နေသည်။ ကရင်နီပြည်သူပြည်သား၏ လုပ်အားကို မတရားသဖြင့် ခေါင်းပုံဖြတ်၍ ယင်းတို့ကောင်းစားရေးအတွက် အသုံးပြုနေသည်။ ကရင်နီပြည်သူလူထု၏ လူ့အခြေခံဒီမိုကရေစီအခွင့်အရေးဟူသမျှ ပိတ်ပင်သည်။ ယဉ်ကျေးမှု၊ လူမျိုးရေးအရ ဝါးမြိုသည်။ လယ်ယာမြေများကို ပြည်သူပိုင်အဖြစ် သိမ်းယူသည်ဟု အကြောင်းပြပြီး ဗမာပြည်မှ အလုပ်လက်မဲ့သမားများကို ခေါ်လာပြီး လုပ်ကိုင်စေသည်။ စက်ရုံများတည်ဆောက်ပြီး ဗမာပြည်မှ အလုပ်သမားများကို ခေါ်လာပြီး လုပ်ကိုင်စေသည်။ ပြည်သူလူထုကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဟူသမျှကို လုံးဝအားမပေးဘဲ အရာရာတွင် ယင်း၏ကြေးစားတပ်ဖြင့် ဖိနှိပ်ချုပ်ချယ်နေသည်။ ကရင်နီအမျိုးသားတော်လှန်ရေးနှင့် စစ်ဖြစ်သည်ဟု အကြောင်းပြပြီး ပြည်သူလူထု၏ အိုးအိမ်ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည်၊ ဖမ်းဆီးသတ်ဖြတ်နေပေသည်။ အမျိုးသမီးများကို မုဒိန်းကျင့်စော်ကားနေသည်။ ထို့ကြောင့် ကရင်နီပြည်သူလူထုသည် ကြီးစွာသော ဘေးဒုက္ခနှင့် ရင်ဆိုင်နေရပေသည်။ ကမ္ဘာကြီးတွင် လူမျိုးငယ်များ၊ တိုင်းပြည်ငယ်များတို့ကို

ယခုကဲ့သို့ တိုင်းပြည်ကြီးများ၊ လူမျိုးကြီးများ၏ မတရား ဖိနှိပ်ကျွန်ပြုညှင်းဆဲသတ် ဖြတ်နေသည်မှာ လူသား၏ အကျင့်ဆိုးတခုဖြစ်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာပေါ်တွင် တရားမျှတမှု ရှိစေရန်အတွက် ကြိုးစားနေသည်ဟု ဆိုသော်လည်း ဖိနှိပ်ကျွန်ပြုညှင်းဆဲသတ်ဖြတ်ခြင်း ခံနေရသော လူမျိုးငယ်များ၊ တိုင်းပြည်ငယ်များအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်နေပေသေး သည်။

ကရင်နီပြည်သူတို့သည် ကြီးစွာသော ဘေးဒုက္ခနှင့် ရင်ဆိုင်နေရသော်လည်း ဘေးဒုက္ခရှေ့တွင် ဒူးထောက်အညံ့မခံခဲ့ပေ။ ကရင်နီအမျိုးသားတော်လှန်ရေးနှင့် လက်တွဲ၍ နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်စစ်အာဏာရှင် နေဝင်း၊ စန်းယုအစိုးရကို ပြတ်ပြတ်သားသားခုခံတိုက်ခိုက်လျှက် ရှိနေပေသည်။ ဤသို့ဖြင့် ကရင်နီပြည်တွင် မဆလနေဝင်း၊ စန်းယုအစိုးရကို ဆန့်ကျင်တော်လှန်သော စစ်မီးသည် ပို၍ ကြီးထွားလာရပေသည်။ မဆလနေဝင်း၊ စန်းယုအစိုးရသည် ယင်း၏ နယ်ချဲ့မဟာဗမာလူမျိုးကြီးဝါဒနှင့် ဖက်ဆစ်စစ်အာဏာရှင်ဝါဒတို့အရ ဗမာပြည်တွင် ပူးပေါင်းပါဝင်သော လူမျိုးများအပေါ်တွင်လည်း ဖိနှိပ်ကျွန်ပြုသတ်ဖြတ်စစ်ပြုနေသည်။ သို့အတွက်ကြောင့် လူမျိုးပေါင်းစုံတို့သည် လက်နက်စွဲကိုင်၍ ထကြွတော်လှန်လျှက် ရှိကြပေသည်။ ယင်း၏ မဆလစီးပွားရေးစနစ်အရ ဗမာပြည်သူလူထုအပေါ် ခေါင်းပုံဖြတ် ဂုတ်သွေးစုတ် စီးပွားရေး လက်ဝါးကြီးအုပ်နေသည်။ ယင်း၏ ကြေးစားတပ်ကို အားကိုးပြီး ပြည်သူလူထု၏ လယ်ယာချေးဆိုင်၊ စီးပွားရေး ကြီးငယ်ဟူသမျှကို သိမ်းယူ၍ ယင်း၏ စစ်အုပ်စုကောင်းစားရေးအတွက် အသုံးပြုနေသည်။ သို့အတွက် ဗမာလူမျိုးတို့ မခံမရပ်နိုင်ဖြစ်ပြီး လက်နက်ကိုင်ထကြွတော်လှန်ကြပြီး ဖြစ်သည်။ ဤသို့ဖြင့် ဗမာပြည်တွင် ပြည်တွင်းစစ်သည် ပို၍ ကျယ်ပြန့်လာနေပေသည်။ ဤပြည်တွင်းစစ်ကြောင့် မဆလ နေဝင်း၊ စန်းယုအစိုးရသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရသည်။ ဤအကြပ်အတည်းများကြောင့် ယင်း၏ အင်အားသည်လည်း တနေ့တခြား ဆုတ်ယုတ်ကျဆင်းလျှက်ရှိနေပေသည်။ ဤသို့ဖြင့် နယ်ချဲ့မဟာဗမာဝါဒီဖက်ဆစ်အာဏာရှင်မဆလနေဝင်း၊ စန်းယုအစိုးရသည် ဗမာပြည်ကို အုပ်စိုးသော ယင်းတို့၏ နောင်တော် နယ်ချဲ့မဟာဗမာဝါဒီအစိုးရတို့ တဆက်ပြီးတဆက် ပြုတ်ကျဖာတ်သိမ်းကျဆုံးသွားခဲ့သကဲ့သို့ မကြာမီအတွင်း ပြုတ်ကျ၊ ဖာတ်သိမ်း၊ ကျဆုံးသွားမည်ဖြစ်ပေသည်။ ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရမှာ ခက်ခဲကြမ်းတမ်းသော တော်လှန်ရေးခရီးကို ဖြတ်ကျော်ချီတက်လာကာ မိမိ၏ အရည်အသွေးကို တောက်ပြောင်စေနိုင်ခဲ့ပေသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ စတင်သော ကရင်နီပြည်ခုခံတော်လှန်ရေးအစိုးရသည် ပဒေသရာဇ်စနစ်၏ ဦးဆောင်မှုကို ခံယူခဲ့ပေသည်။ ထိုနောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ပြီး ပါတီ၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူခံပေသည်။ ဗမာပြည် နယ်ချဲ့မဟာဗမာဝါဒီအစိုးရအဆက်ဆက်ကို ခုခံတော်လှန်နေကြသည်။ လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့နှင့်လည်း အပြန်အလှန်ဆက်သွယ်ပြီး တော်လှန်ရေးသဘောတရား၊ နိုင်ငံရေးသဘောတရား၊ စစ်ရေးသဘောတရားတို့ကို ဖလှယ်ခဲ့ပေသည်။ ၎င်းတို့နှင့် တပ်ပေါင်းစု ဖွဲ့ခဲ့ပေသည်။ ကမ္ဘာတွင် တိုးတက်သော တော်လှန်ရေးအတွေးအခေါ်များ၊ သဘောတရားများ၊ နည်းနာများတို့ကို လေ့လာဆည်းပူး၍ မိမိအဖွဲ့အစည်းအတွက် အသုံးပြုနိုင်ခဲ့ပေသည်။ သို့အတွက်ကြောင့် ၁၉၅၆ ခုနှစ်တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားကွန်ကရက်အစည်းအဝေး၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဦးဆောင်မှုဖြင့် ပဒေသရာဇ်စနစ်ကို

ဆန့်ကျင်သည့် အမျိုးသားတော်လှန်ရေးလမ်းစဉ်တရပ်ကို ချမှတ်နိုင်ခဲ့ပေသည်။ ထိုအချိန်မှ စ၍ ဒေသရာဇ်ဦးဆောင်မှုကို ရပ်စဲပစ်ပြီး အမျိုးသားရေးဝါဒလမ်းစဉ်ကို ချမှတ်ကျင့်သုံးနိုင်ခဲ့ပေသည်။ ကရင်နီတော်လှန်ရေးသည် အတန်းစားရေးအတွက် လက်နက်ကိုင်တော်လှန်ကြသော အဖွဲ့အစည်းများ၊ ပါတီများနှင့်၎င်း၊ အမျိုးသားရေးအတွက် လက်နက်ကိုင်တော်လှန်ကြသော လူမျိုးများနှင့်၎င်း ဗမာပြည်နယ်ချဲ့ မဟာဗမာဝါဒီအစိုးရကို ဆန့်ကျင်သော အဖွဲ့အစည်းများ၊ သမဂ္ဂများတို့နှင့်၎င်း အစဉ်သဖြင့် မဟာမိတ်ဖွဲ့ကာ လက်တွဲတိုက်ပွဲဝင်ခဲ့ပေသည်။ လက်နက် ကိုင်တော်လှန်ကြသော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့နှင့် တပ်ပေါင်းစုဖွဲ့၍ ဘုံရန်သူဗမာပြည် နယ်ချဲ့မဟာဗမာဝါဒီအစိုးရ အဆက်ဆက်ကို တော်လှန်တိုက်ခိုက်လျှက် ရှိပေသည်။ ၁၉၅၆ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ BCP ၊ ကေအဲန်ယူပီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီအမျိုးသာတိုးတက်ရေးပါတီနှင့် ချင်းဦးစီးအဖွဲ့တို့ ပါဝင်သည့် အမျိုးသားဒီမိုကရေစီညီ ညွှတ်ရေးတပ်ပေါင်းစု( မဒညတ ) တရပ်ကို ဖွဲ့စည်းခဲ့ပေသည်။ ၁၉၆၇ ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကေအဲန်ယူပီ၊ ကယန်းပြည်သစ်ပါတီနှင့် ဒိုမိ(ချင်း) အမျိုးသားတပ်ဦးတို့ ပါဝင်သည့် လူမျိုးများညီညွှတ်ရေးတပ်ဦး (လညတ)တရပ်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကေအဲန်ယူပီ၊ ရှမ်းပြည်ရှိ လူမျိုးပေါင်းစုံလွတ် မြောက်ရေးအဖွဲ့(ရလလဖ)၊ ဒိုမိ(ချင်း) အမျိုးသားတပ်ဦး၊ ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ကယန်းပြည်သစ်ပါတီတို့ ပါဝင်သည့် တော်လှန်သော လူမျိုးပေါင်းစုံတပ်ပေါင်းစု ဖြစ်မြောက်ရေး ကော်မီတီတရပ်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းခုနှစ်တွင်ပင် နယ်မြေချင်း ဆက်စပ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရှမ်းပြည်ရှိ လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့နှင့် ကယန်းပြည်သစ်ပါတီ ပါဝင်သည့် သုံးပွင့်ဆိုင်တပ်ပေါင်းစုတရပ်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (S.S.P.P) ကယန်းပြည်သစ်ပါတီ နှင့် ကရင်မျိုးသားအစည်းအရုံး (K.N.U) တို့ပါဝင်သည့် တော်လှန်သော လူမျိုးပေါင်းစုံ မဟာမိတ်အဖွဲ့ (R.N.A) တစ်ရပ်ကိုဖွဲ့စည်းခဲ့သည်။ ၎င်းပြင် ကရင်အမျိုးသားအစည်းအရုံး(K.N.U) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါလီမန် ဒီမိုကရေစီပါတီ (P.P.P) တို့ပါဝင်သည့် ပူးတွဲစစ်ဆင်ရေးကော်မီတီ တစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပေသည်။ ကရင်နီအမျိုးသားတော်လှန်ရေးသည် သို့အတွက်ကြောင့် လက်နက်ကိုင် တော်လှန်နေသော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများသည့် အင်အားတို့၏ယုံကြည်စိတ်ချမှုကို ရရှိလျက် ရှိနေ ပေသည်။

ကရင်နီတော်လှန်ရေးသည်၊ တောလက်ကျေးရွာများကို အခိုင်အမာ သိမ်းပိုက်ပြီး ပြည်သူလူထုအား တိုးတက်သည့် နိုင်ငံရေးသဘောတရားများကို ဝါဒဖြန့် ဟောပြောပြီး သူတို့၏ နိုင်ငံရေး အသိဉာဏ်ကို မြင့်တင်ပေးနိုင်လျက်ရှိပေသည်။ ကရင်နီပြည်တွင် အမျိုးသား စည်းလုံးညီညွှတ်ရေးကိုလည်း ခိုင်ခန့်စွာ တည်ဆောက်နိုင်လျက် ရှိပေသည်၊ နယ်ချဲ့မဟာဗမာဝါဒီအစိုးရအဆက်ဆက်ကို ခုခံတိုက်ခိုက်ရင်း တောလက်ကျေးရွာများတွင် လွတ်မြောက်သော တော်လှန်ရေးအခြေခံဒေသများကို တည်ဆောက်၍ အုပ်ချုပ်ရေးကို စနစ်တစ်ကျ ချမှတ်နိုင်ခဲ့ပေသည်။ လူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွါးရေး တို့ကိုလည်း အားပေးမြှင့်တင်ပေးနိုင်လျက် ရှိပေသည်။ နယ်ချဲ့မဟာဗမာဝါဒီအစိုးရလက်အောက်ရှိ မြို့များနှင့် ၎င်း၏ ပတ်ဝန်းကျင်ဒေသများကိုလည်း နိုင်ငံရေးအရ ထိုးဖောက်စည်းရုံးနိုင်လျက်ရှိပေည်။ စစ်ရေးအရလည်း

ထိုးနှက်တိုက်ခိုက် နိုင်ပေသည်။ ဤသို့ဖြင့် နယ်ချဲ့မဟာဗမာဝါဒီအစိုးရ၏ စီးပွါးရေးနှင့် အုပ်ချုပ်ရေး အဆောက်အအုံတို့မှာ လုံခြုံမှုမရှိဘဲ ယိမ်းယိုင်လျှက်ရှိနေ ပေသည်။ ထို့ကြောင့် ကရင်နီပြည်တွင် ယင်းတို့၏ ကြေးစားတပ်များကို အဆမတန်ချထားရခြင်းဖြစ်ပေသည်။ ဤသည်မှာ ကရင်နီပြည်သူလူထုတရပ်လုံးသည် နယ်ချဲ့မဟာဗမာဝါဒီအစိုးရကို လုံးဝဆန့်ကျင်တော်လှန်နေကြောင်း ထင်ရှားလှပေသည်။

ကရင်နီပြည် ခုခံတော်လှန်ရေး အစိုးရသည် အင်အားအဆမတန် သာလွန်ကြီးမားသည့် နယ်ချဲ့မဟာဗမာဝါဒီအစိုးရ အဆက်ဆက်ကို ခုခံတော်လှန်လာခဲ့သည်မှာ (၂၅) နှစ်ကျော်ပြီးဖြစ်ပေသည်။ ခုခံတော်လှန်ရေးကာလတလျှောက်လုံးတွင် မိမိ၏ တော်လှန်သော အဖွဲ့အစည်းကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် တည်ဆောက်နိုင်ခဲ့ပေသည်။ မိမိ၏ နိုင်ငံရေးဦးဆောင်ပါတီ ကိုလည်း ကျစ်လစ်သိပ်သည်းသော ပါတီအဖြစ်သို့ မြှင့်တင်နိုင်ခဲ့ပေသည်။ သို့အတွက်ကြောင့် ၁၉၇၂ ခုနှစ်၊ ဩဂုတ်လတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဦးဆောင်မှုဖြင့် ကရင်နီ ပြည်လုံးကျွတ် အမျိုးသားကွန်ကရက် အစည်းအဝေးတစ်ရပ်ကို ကျင်းပပြီး နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ ဗျူရိုကရက်စနစ်နှင့် မဟာလူမျိုးကြီးဝါဒတို့ကို ဆန့်ကျင်သည်။ အလုပ်သမားလူတန်းစား ဦးဆောင်မှုစနစ်ကို ခံယူသော အမျိုးသားဒီမိုကရေစီ တော်လှန်ရေးဝါဒလမ်းစဉ်တရပ်ကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပေသည်။ ၎င်းပြင် ဤအမျိုးသားကွန်ကရက် အစည်းအဝေးတွင်ပင် ကရင်နီပြည်သူလူထုတစ်ရပ်လုံးအတွက် အကျိုးပြုသည့် လုပ်ငန်းစဉ်များကို၎င်း ကရင်နီ ပြည်သူလူထု၏ ဆန္ဒနှင့်သည့် ဖွဲ့အုပ်ချုပ်ပုံ အခြေခံဥပဒေ တစ်ရပ်ကို၎င်း၊ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲပေသည်။ ရေးဆွဲချမှတ်ထားသော အမျိုးသားဒီမိုကရေစီ တော်လှန်ရေးဝါဒလမ်းစဉ်နှင့်အညီ၊ ကရင်နီခုခံတော်လှန်ရေးကိုလည်း ကရင်နီအမျိုးသား တော်လှန်ရေးဟူ၍၎င်း၊ ကရင်နီပြည်ခုခံတော်လှန်ရေးတပ်မတော်ကိုလည်း ကရင်နီပြည်လွတ်လပ်ရေးတပ်မတော် ဟူ၍ ၎င်းခေါ်ဝေါ်သုံးစွဲလာခဲ့ပေသည်။ ကရင်နီအမျိုးသားတော်လှန်ရေး၏ အဓိကအင်အားစု အနေအထားမှာ အလုပ်သမားလူတန်းစားက ရှေ့ဆောင်၍ တောင်သူလယ်သမားလူတန်းစားကို ထာဝရမဟာမိတ်ဖွဲ့ကာ ခေတ်ပညာတတ် ဓနရှင်ပေါက်စ လူလတ်တန်းစားအား ခိုင်မြဲသော မဟာမိတ်အဖြစ်ဖွဲ့ပြီး နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ ဗျူရိုကရက်စနစ်နှင့် မဟာလူမျိုးကြီးဝါဒကို ဆန့်ကျင်သည့် အမျိုးသားဓနရှင်များကို မဟာမိတ်ဖွဲ့ထားသော ကရင်နီပြည်တွင်းရှိ လူတန်းစား(၄)ရပ်စလုံး ပါဝင်သည့် အမျိုးသား တစ်ရပ်လုံး၏ အင်အားစုဖြစ်သည်။

ကရင်နီအမျိုးသား တော်လှန်ရေးသည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ခုခံတော်လှန်တိုက်ပွဲဝင်နေသည့်အပြင် ကရင်နီပြည်သူလူထု တစ်ရပ်လုံး၏ ဘဝလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူနေမှုအဆင့်မြှင့်တင်ရေး၊ တန်းတူရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာထွန်းကားရေးတို့အတွက်လည်း တိုက်ပွဲဝင်လျှက်ရှိပေသည်

ကရင်နီအမျိုးသားတော်လှန်ရေး၏ ဖွဲ့စည်းအုပ်ချုပ်ပုံမှာ ပြည်လုံးကျွတ်အမျိုးသားကွန်ကရက်မှ အများဆန္ဒအရ ဗဟိုရ်ကော်မီဝင်များကို ရွေးချယ်တင်မြှောက်ကြသည်။ ဤဗဟိုကော်မီဝင်များတို့သည် ကရင်နီအမျိုးသားတော်လှန်ရေးကော်မီ တစ်ရပ်ကို ဖွဲ့စည်းပြီး အမျိုးသားကွန်ကရက်မှ ရေးဆွဲချမှတ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတိုင်း ကရင်နီပြည်တစ်ပြည်လုံးကို ချုပ်ကိုင်အုပ်ချုပ်လျှက်ရှိပေသည်။

ကရင်နီအမျိုးသားတော်လှန်ရေးကို မည်သည့်တိုင်းပြည်ကမှ အသိအမှတ်မပြုသော်လည်း နည်းခဲ့မဟာဗမာဝါဒီ ဖက်ဆစ်အာဏာရှင် မဆလ နေဝင်း၊ စန်းယုအစိုးရကို လက်နက်ကိုင် တော်လှန်နေကြသော၊ လူမျိုးများအဖွဲ့အစည်းများ၊ ပါတီများစသည့် အင်အားစုတို့နှင့် ကရင်နီအမျိုးသားတော်လှန်ရေးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသိအမှတ်ပြုလျှက်ရှိကြပေသည်။ ထိုလက်နက်ကိုင်တော်လှန်နေကြသော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ပါတီများတို့အောင်ပွဲသည် ကရင်နီ၏ သီးခြားလွတ်လပ်ရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်ခွင့် ပြန်လည်ရရှိရေးအတွက်အထောက်အကူပြုလိမ့်မည်ဖြစ်ပေသည်။

ကရင်အမျိုးသားတော်လှန်ရေးသည် မှန်ကန်တရားသောစစ်ကို ဆင်နွှဲလျှက်ရှိနေပေသည်။ သို့အတွက်ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကိုလိုနီစနစ် ဖျက်သိမ်းရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို အားပေးထောက်ခံရေး၊ တတိယကမ္ဘာစစ် တားဆီးရေး၊ စစ်လက်နက်အပြိုင်အဆိုင်ထုပ်လုပ်ရေးကို တားဆီးရေး၊ အနုမြူဗုံးနှင့် သာဝိုမျိုးကဂီးဟားကုံးများ ထုပ်လုပ်စမ်းသပ်ခြင်းများကိုတားဆီးရေး၊ အခြားတိုင်းပြည်တွင် ဝင်ရောက်တပ်စွဲသော နိုင်ငံခြားတပ်များရုပ်သိမ်းရေး အခြားတိုင်းပြည်များတွင် နိုင်ငံရေး၊ စစ်ရေး ဝင်ရောက်စွက်ဖက်ခြင်းကိုတားဆီးကန့်ကွက်ရေး၊ အဖိနှိပ်ခံလူမျိုးများ လွတ်မြောက်ရေး၊ တတိုင်းပြည်နှင့် တတိုင်းပြည် လူမျိုးတမျိုးနှင့်တမျိုးတို့အကြား တရားမျှတမှုရှိစေရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ပေးနေကြသည့် တိုင်းပြည်များ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးများတို့သည် ကရင်နီအမျိုးသားတော်လှန်ရေး၏ မှန်ကန်တရားသည့် ခုခံတော်လှန်တိုက်ပွဲဝင်မှုကိုသိရှိလျှင် စာနာထောက်ထားလာလိမ့် မည်ဟု မျှော်လင့်ရပေသည်။

■❖---------------ooooooo✿oooooooo-------------❖■

Collected and scanned by Shay Reh
(KnCC internship at Kantarawaddy Times -December 2011)